# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


> **ချမ်းသာကိုဆောင်ရွက်တတ်၏**
>
> အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။
>
> စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၂ ရက် | ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၁၃ ရက်၊ တနင်္လာနေ့ | အတွဲ (၅၇)၊ အမှတ် (၃၁၅)


# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)အထိမ်းအမှတ် လူထုစုပေါင်းလမ်းလျှောက်ပွဲ၌ ပြည်သူများ ပါဝင်ဆင်နွှဲ




**မန္တလေး ဩဂုတ် ၁၂**

မြန်မာ့လူငယ်များ၏ အသိပညာ၊ အတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုးအပါအဝင် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဗလ ငါးတန်မြှင့်တင်ပေးနိုင်ရေးနှင့် အနာဂတ်လူ့ဘောင်အဖွဲ့အစည်းအား ၎င်းတို့၏ အတွေးအမြင်ကောင်းများဖြင့် တည်ဆောက် အကောင်အထည်ဖော်ရေးအတွက် ရည်ရွယ်၍ ကျင်းပသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)အထိမ်းအမှတ်အဖြစ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက်ပိုင်းက မန္တလေးတက္ကသိုလ် ပင်မဆောင်ရှေ့၌ ကျင်းပသည်။ **(အပေါ်ပုံ)**

နံနက် ၅ နာရီတွင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒေါက်တာဖေမြင့်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ ဒုတိယဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊

*စာမျက်နှာ ၃ ကော်လံ ၅* ✤

## သုတ၊ ရသ ပြည့်ဝစွာမျှဝေပေးနေသည့် မန္တလေးမြို့က လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်

ပြည်တွင်းသတင်း စာ » ၅

## မျိုးဆက်သစ်လူငယ်တွေအနေနဲ့ ကိုယ်ထူးချွန်တဲ့ အားသာရာဘက်ကို လိုက်ပြီး နိုင်ငံကို အကျိုးပြုစေချင်တယ်

တွေ့ဆုံမေးမြန်း စာ » ၇

## ရခိုင်ပြည်လုံးဆိုင်ရာ တောင်သူလယ်သမားသမဂ္ဂ ဗဟိုညီလာခံ စစ်တွေမြို့၌ ကျင်းပ

ပြည်တွင်းသတင်း စာ » ၁၁

# မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေ

**နေပြည်တော် ဩဂုတ် ၁၂**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ဩဂုတ် ၁၂ ရက် ည ၇ နာရီ ထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေသည်။

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❍




KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# ကမ္ဘာ့အလယ် တင့်တယ်စေဖို့

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုမှာ ယင်းနိုင်ငံရှိ ပြည်သူများ၏ အရည်အချင်း၊ အရည်အသွေးတို့နှင့် အဆက်အစပ်ရှိကြောင်း သုတေသီများက ဆိုကြသည်။ စွမ်းဆောင်ရည်ပြည့်ဝသော လူ့အဖွဲ့အစည်းကသာလျှင် နိုင်ငံကိုမြင့်မားအောင် မြှင့်တင်နိုင်ကြသည်ဟုလည်း ဆိုကြသည်။ သို့ကြောင့်ပင်လျှင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံ၏ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှုတစ်ရပ်အနေဖြင့် မဖြစ်မနေဆောင်ရွက်ကြရသည်။

လူတစ်ဦး၏ အရည်အချင်းသည် ထိုသူ၏ သဘာဝဗီဇနှင့် ပြုပြင်လေ့ကျင့်မှုတို့ကို ပေါင်းစပ်၍ ထွက်ပေါ်လာသောရလဒ်ပင်ဖြစ်ရာ ပင်ကိုအားဖြင့် ဗီဇကောင်းမွန်သူကို စနစ်တကျမှန်ကန်စွာ လေ့ကျင့်မှုပြုလုပ်ပေးခြင်းအားဖြင့် ထူးချွန်ထက်မြက်သူတစ်ဦး ဖြစ်ပေါ်လာရသည်။ တစ်နည်းအားဖြင့် လူတော်လူကောင်းများ ပေါ်ထွက်လာရေးတွင် လေ့ကျင့်ပျိုးထောင်မှုသည် အဓိကလိုအပ်ချက်ဟု ဆိုလိုခြင်းပင် ဖြစ်သည်။ လူသားအရင်းအမြစ် တန်ဖိုးမြင့်မားလာသည်နှင့်အမျှ သဘာဝသယံဇာတအရင်းအမြစ် ချို့တဲ့သည့် နိုင်ငံများ ဖွံ့ဖြိုးတိုးတက်ခဲ့သည့် သာဓကများကိုလည်း မိမိတို့ တွေ့ရှိခဲ့ကြရပြီး ဖြစ်သည်။

မိမိတို့နိုင်ငံ၏ ပညာရေးစနစ်သည် နိုင်ငံသူ နိုင်ငံသားများ ကမ္ဘာ့အလယ်မှာ တင့်တင့်တယ်တယ်နှင့် "ပညာရဲရင့် ပွဲလယ်တင့်" ဆိုသည့် စိတ်ဓာတ်နှင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိရန်အတွက် ဖြည့်ဆည်းပေးသည့် ပညာရေးစနစ် ဖြစ်စေချင်ကြောင်း၊ နည်းပညာများ သင်ပေးရုံ ကမ္ဘာမှာခေတ်စားနေသည့် ဘာသာရပ်များမှာ တိုးတက်ရုံဖြင့် မပြီးသေးပါကြောင်း၊ တစ်ချိန်တည်းတွင် မှန်ကန်သည့် စိတ်ဓာတ်ကို လူငယ်များ၏ စိတ်ထဲကို သွင်းပေးလိုက်ရန်လိုကြောင်း။ မိမိတို့ အရည်အချင်းမည်မျှကောင်းကောင်း ထိုအရည်အချင်းကို မှန်မှန်ကန်ကန်မသုံးဘဲ မကောင်းသည့်ကိစ္စများအတွက် သုံးမည်ဆိုလျှင် ကိုယ်လည်းနစ်နာ၊ ကိုယ့်ပတ်ဝန်းကျင်လည်းနစ်နာ၊ နိုင်ငံလည်းနစ်နာကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့ရာ တော်ရုံ၊ တတ်ရုံ၊ ထူးချွန်ရုံသာမက စိတ်ဓာတ်မှန်ကန်ကောင်းမွန်သည့် လူတော် လူကောင်း လူငယ်များ ပြုစုပျိုးထောင်နိုင်ရေးအတွက် ညွှန်ပြခဲ့ခြင်းပင်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် သယံဇာတ ရုပ်ဝတ္ထုအရင်းအမြစ်၊ ငွေကြေးအရင်းအမြစ်နှင့် လူသားအရင်းအမြစ်တို့ လိုအပ်သည့်အနက် လူသားအရင်းအမြစ်က အခြေခံအကျဆုံးဖြစ်သည်။ စွမ်းရည်မြင့်မားသည့် လူသားအရင်းအမြစ်ကသာ ကျန်အရင်းအမြစ်နှစ်ခုဖြစ်သော ရုပ်ဝတ္ထုအရင်းအမြစ်နှင့် ငွေကြေးအရင်းအမြစ်တို့ကို မိမိတို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖန်တီးပေးနိုင်သည်ဖြစ်ရာ လူသားလျှင်ပဓာနဟု ဆိုကြရခြင်းဖြစ်သည်။ လူသားပဓာနဟုဆိုရာတွင်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်နိုင်သည့် အရည်အသွေးမြင့်မားသူတို့ကိုသာ ဆိုခြင်းဖြစ်သည့်အတွက် အလုပ်လုပ်ကိုင်သည့်အရွယ် နိုင်ငံသူနိုင်ငံသားတို့ကို အရေအတွက်မှသည် အရည်အချင်းဆီသို့ မြှင့်တင်ပေးပြီး တစ်ချိန်တည်းမှာပင် စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်သော၊ စိတ်ဓာတ်ကောင်းမွန်သော နိုင်ငံသားကောင်း သမီးမွန်များ ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် ကာယ၊ ဉာဏ၊ စာရိတ္တနှင့် မိတ္တ၊ ဘောဂ ဗလငါးတန် ပြည့်စုံသည့် လူငယ်များ လေ့ကျင့်ပျိုးထောင် ပေါ်ပေါက်လာနိုင်ကြပါစေကြောင်း။ ။

## ရွှေပြည်သာမြို့နယ် စာရေးဆရာအသင်း ရေဘေးသင့်ဒေသများသို့ သွားရောက်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၂

ရွှေပြည်သာမြို့နယ် စာရေးဆရာအသင်းနှင့် စင်ကာပူနိုင်ငံရောက် မြန်မာလူငယ်များ၊ အလှူရှင်များ စုပေါင်း၍ ယမန်နေ့က ပဲခူးတိုင်းဒေသကြီးအတွင်း သွားလာရေး ခက်ခဲသောနေရာများမှ ရေဘေးဒုက္ခသည်များအတွက် ဝေါမြို့နယ် နာရေးကူညီမှုအသင်းနှင့် ပူးပေါင်းလျက် ဝေါမြို့နယ်၊ ဒိုက်ဦးမြို့နယ်ရှိ ကျည်းကန်ပင်ကျေးရွာ၊ ဘုရားချောင်းကျေးရွာများသို့ သွားရောက်ပြီး အိမ်ခြေ ၁၂၀ ရှိ အိမ်ထောင်စုများအတွက် ဆန်၊ ဆီနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **မောင်လွမ်းရည်**

# မြန်မာ့မီးရထား စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်) မှ လစဉ် စက်ခေါင်းတစ်ခေါင်းနှုန်း ထုတ်လုပ်တပ်ဆင်သွားမည်

**နေပြည်တော် ဩဂုတ် ၁၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် သည် ဩဂုတ် ၁၀ ရက်က မြန်မာ့မီးရထားစက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)၏စက်ခေါင်းသစ်တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေး စက်ရုံဝင်းအတွင်း စက်ရုံမှူးက စက်ခေါင်းများ တပ်ဆင်ထုတ်လုပ်နိုင်ရန် စက်ခေါင်း ၁၀ ခေါင်း အတွက် စက်ပစ္စည်းများ ရောက်ရှိဆောင်ရွက်နေမှု၊ စက်ခေါင်းတပ်ဆင်ထုတ်လုပ်မှု အဆင့်ဆင့်ဖြစ်သည့် သံထည်ကုန်ကြမ်းပစ္စည်းများကို CNC စက်များဖြင့် ဖြတ်တောက်ပြင်ဆင်ခြင်း လုပ်ငန်း၊ စက်ခေါင်းဖရိန်တည်ဆောက်ခြင်း လုပ်ငန်း၊ စက်ခေါင်းကိုယ်ထည် တည်ဆောက်ခြင်းလုပ်ငန်း၊ ပိုက်များ တပ်ဆင်ခြင်းလုပ်ငန်း၊ ဆေးသုတ်ခြင်းလုပ်ငန်းနှင့် အင်ဂျင်ပိုင်း၊ လျှပ်စစ်ပိုင်း၊ အဲယားကွန်ပရက်ဆာပိုင်း၊ ဘူဂီပိုင်းတပ်ဆင်ခြင်း လုပ်ငန်းများအား လိုက်လံရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်ကြရန်၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်သွားကြရန်၊ ဝန်ထမ်းများ အချင်းချင်း စည်းလုံးညီညွတ်ပြီး ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။



အဆိုပါ စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေး စက်ရုံမှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကုန်တွင် စက်ရုံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်း အားလုံးပြီးစီးမည်ဖြစ်သည်။ စက်ခေါင်းတပ်ဆင်ထုတ်လုပ်မှုအနေဖြင့် စက်တင်ဘာလကုန်ခန့်တွင် မြင်းကောင်ရေ ၂၀၀၀ အားကွန်ပျူတာထိန်းချုပ်စနစ်ပါသော ဒီဇယ်လျှပ်စစ်စက်ခေါင်း တစ်ခေါင်း ပြီးစီးမည်ဖြစ်ပြီး လစဉ်စက်ခေါင်း တစ်ခေါင်းနှုန်း ထုတ်လုပ်တပ်ဆင်သွားမည် ဖြစ်သည်။ စက်ရုံ၏ တစ်နှစ်ထုတ်လုပ်နိုင်မှုစွမ်းအားမှာ စက်ခေါင်း ၂၀ ထုတ်လုပ်နိုင်မည်ဖြစ်သော်လည်း ပစ္စည်းရရှိမှုအပေါ် မူတည်၍ ထုတ်လုပ်သွားမည်ဖြစ်သည်။ ယခုထုတ်လုပ်လျက်ရှိသည့် စက်ခေါင်းများသည် မြေပြန့်လမ်းပိုင်း၊ တောင်ပေါ်လမ်းပိုင်းများတွင် လူစီးရထားနှင့် ကုန်ရထားများ ပြေးဆွဲရာ၌ အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ-ဂျပန် ပူးတွဲကော်မတီ၏ စတုတ္ထအကြိမ်အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၁၂

**ငွေချေးသက်သေခံလက်မှတ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းထားသော မြန်မာ-ဂျပန် ပူးတွဲကော်မတီ၏ စတုတ္ထအကြိမ်အစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်စတော့အိတ်ချိန်း၌ ကျင်းပခဲ့သည်။**

အစည်းအဝေးသို့ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် ဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ရန်ကုန်စတော့အိတ်ချိန်းမှ မန်နေဂျင်းဒါရိုက်တာနှင့် တာဝန်ရှိသူများ၊ ဂျပန်သံရုံးမှ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံ JICA Expert၊ ဂျပန်နိုင်ငံမှ CBM၊ DICA နှင့် IRD တို့တွင် ခန့်အပ်ထားသည့် အကြံပေးပုဂ္ဂိုလ်များ၊ ဂျပန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဂျပန်အိတ်ချိန်းဂရု(ပ်)၊ ဘဏ္ဍာရေး ဝန်ဆောင်မှုကြီးကြပ်ရေးဌာန၊ ဒိုင်ဝါသုတေသနအဖွဲ့တို့မှ တာဝန်ရှိသူများ စုံညီစွာတက်ရောက်ကြသည်။

အစည်းအဝေးတွင် ရန်ကုန်စတော့အိတ်ချိန်း၌ စာရင်းဝင်ကုမ္ပဏီများ တိုးတက်လာစေရေးအတွက် ကျင်းပပြုလုပ်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှုနှင့် အစုရှယ်ယာများ ကနဦးအများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းနှင့် သက်ဆိုင်သော ဆွေးနွေးပွဲများ သုံးလ တစ်ကြိမ်ကျင်းပပြုလုပ်လျက်ရှိသည့် ကိစ္စ၊ စက်တင်ဘာလတွင် ကျင်းပပြုလုပ်မည့် YSX EXPO 2018 နှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ရန်ကုန်စတော့အိတ်ချိန်း၏ သတင်းမီဒီယာများတွင် လုပ်ငန်းဆောင်ရွက်မှုများအား သတင်းထုတ်ပြန်မှုအခြေအနေများ၊ စာရင်းဝင်လိုသော ကုမ္ပဏီများအတွက် ရန်ကုန်စတော့အိတ်ချိန်းတွင် ဖွင့်လှစ်ထားသည့် အကြံပေးလုပ်ငန်း အခမဲ့ဝန်ဆောင်မှုပေးသည့် ဌာနခွဲ၏ လုပ်ငန်းစဉ် တိုးတက်မှုအခြေအနေများ၊ JICA အထောက်အပံ့ဖြင့် ရန်ကုန်စတော့အိတ်ချိန်းတွင် ဖွဲ့စည်းထားသည့် အထူးလုပ်ငန်းအဖွဲ့မှ စာရင်းဝင်ကုမ္ပဏီအဖြစ် ဝင်ရောက်ရန် အလားအလာရှိသော ကုမ္ပဏီများထံသို့ ကွင်းဆင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ မြန်မာနိုင်ငံ စာရင်းကောင်စီမှ ထုတ်ပြန်ချက်အရ International Financial Reporting Standard (IFRS) ကို အရင်းအနှီး ဈေးကွက်တွင် ပါဝင်ဆောင်ရွက်နေကြသည့် လုပ်ငန်းများအားလုံး ၂၀၂၂-၂၀၂၃ ခုနှစ်တွင် လိုက်နာနိုင်ရန် ကြိုတင်ဆောင်ရွက်ထားရှိမှု ကိစ္စရပ်များ၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများ စသည့် ကိစ္စရပ်များအား ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး အစည်းအဝေး တက်ရောက်သူများက မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။




ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ငွေချေးသက်သေခံလက်မှတ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းထားသော မြန်မာ-ဂျပန် ပူးတွဲကော်မတီ၏ စတုတ္ထအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရန် ဖွဲ့စည်းထားသည့် မြန်မာ- ဂျပန် ပူးတွဲကော်မတီကို မြန်မာနိုင်ငံ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်နှင့် ရန်ကုန်စတော့အိတ်ချိန်း၊ ဂျပန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဂျပန်အိတ်ချိန်းဂရု(ပ်)၊ ဘဏ္ဍာရေးဝန်ဆောင်မှုကြီးကြပ်ရေးဌာန၊ ဒိုင်ဝါသုတေသနအဖွဲ့တို့မှ တာဝန်ရှိပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ပုံမှန်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သီတဂူစက္ခုဒါနဆေးရုံ (နတ်မောက်)၌ မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေးမည်

**နတ်မောက် ဩဂုတ် ၁၂**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့အောင်ဆန်းရပ် ဒီပင်္ကရာပရိယတ္တိစာသင်တိုက်အတွင်းရှိ သီတဂူဒီပင်္ကရာစက္ခုဒါနဆေးရုံတော်(နတ်မောက်)တွင် ဩဂုတ် ၁၄ ရက်မှစတင်ပြီး သီတဂူဒီပင်္ကရာ ဆရာတော်ကြီးများ ဦးဆောင်မှုဖြင့် သီတဂူအာယုဒါနဆေးရုံ(စစ်ကိုင်း) မှ ဆရာဝန်ကြီးများအဖွဲ့သည် မျက်စိဝေဒနာရှင်များကို အခမဲ့ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နတ်မောက်မြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအနေဖြင့် ဩဂုတ် ၁၄ ရက်မှ ၁၆ ရက်အထိ ကြည့်ရှုခွဲစိတ်ကုသပေးမည်ဖြစ်သဖြင့် မျက်စိဝေဒနာရှင် မည်သူမဆိုလာရောက်ပြသနိုင်ကြောင်း၊ အသေးစိတ်သိရှိလိုပါက တာဝန်ခံဆရာတော် ဘဒ္ဒန္တဃုဇန ဒီပင်္ကရာစာသင်တိုက် ဖုန်း-၀၉ ၄၀၁၅၆၂၁၅၅ နှင့် ဦးခင်မောင် လွင် (အတွင်းရေးမှူး) သီတဂူဒီပင်္ကရာ စက္ခုဒါနဆေးရုံ ဖုန်း- ၀၉ ၄၀၁၅၇၄၇၈၀ တို့ထံ ဆက်သွယ်စာရင်းပေးမေးမြန်းနိုင်ကြောင်း သိရသည်။ **နေလင်း(နတ်မောက်)**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဧရာဝတီတိုင်းဒေသကြီး လမ်း၊ တံတား လုပ်ငန်းများနှင့် ပုသိမ်တံတားအသစ် လျာထားနေရာ စစ်ဆေး

နေပြည်တော် ဩဂုတ် ၁၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ဩဂုတ် ၁၁ ရက် နံနက်ပိုင်းတွင် Oriental Highway Co.,Ltd မှ B.O.T စနစ်ဖြင့်ဆောင်ရွက်သော ရန်ကုန်-ပုသိမ် လမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ပုသိမ်တံတားအသစ် တည်ဆောက်မည့် လျာထားနေရာရွေးချယ် ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး **(ယာပုံ)** ယာယီရှင်းလင်းဆောင်တွင် တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနေအောင်ရဲမြင့်က တံတားလျာထားနေရာရွေးချယ်ထားရှိမှု၊ လျာထားလမ်းအူကြောင်း အမှတ်(၄) Plan ပုံနှင့် တံတားဒီဇိုင်း၊ ရေကြောင်းသွားသင်္ဘောများ လွတ်ကင်းနိုင်မှုအခြေအနေ၊ မြို့တွင်းနှင့် ဆက်စပ်မည့် တံတားချဉ်းကပ်လမ်းနှင့် လူနေအိမ်၊ အဆောက်အအုံများ လွတ်ကင်းနိုင်မှုအခြေအနေတို့ကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဦးကျော်လင်းက တံတားလမ်းအူကြောင်း အခြေအနေနှင့် ငွေဆောင်၊ ချောင်းသာလမ်းတို့နှင့် ချိတ်ဆက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြရာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။





ယခုတည်ဆောက်မည့် ပုသိမ်တံတားသစ်သည် ငဝန်မြစ်ကို ဖြတ်ကျော်ပြီး မြစ်အရှေ့ဘက် ပုသိမ်မြို့တွင်းနှင့် မြစ်အနောက်ဘက် စိန်ကုန်းကျေးရွာတို့ကို ဆက်သွယ်တည်ဆောက်မည်ဖြစ်ပြီး တံတားဒီဇိုင်းပုံစံကို ခေတ်မီဒီဇိုင်းဖြင့် လုပခုံညားသည့် တံတားပုံစံဖြင့် တည်ဆောက်သွားမည်ဖြစ်ပြီး တံတားကြီးပြီးစီးသွားပါက မြို့ပြဖွံ့ဖြိုးမှုနှင့်အတူ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့လာမည်ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆိပ်ခံဇော တံတားပေါ်မှ တံတား လျာထားနေရာရွေးချယ်ထားရှိမှု၊ မြို့ပြဖွံ့ဖြိုးရေးနှင့် ဆိပ်ကမ်းသာယာလှပရေး ဆောင်ရွက်နိုင်မည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်မြို့ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် အဆောက်အဦး၊ လမ်း၊ တံတား၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

ထို့နောက် ပုသိမ်မြို့တွင် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှဆောင်ရွက်သော ဥမ္မာဒန္တီ အိမ်ရာစီမံကိန်းနှင့် ပြည်တော်သာအိမ်ရာတိုက်ခန်းများ ဆောက်လုပ်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ မှာကြားသည်။

ယခုအဆောက်အအုံများသည် ပုသိမ်မြို့ ပန်းဆက်(၁၄) ရပ်ကွက်တွင်တည်ရှိပြီး အဆောက်အအုံအမျိုးအစားများမှာ ရှစ်ခန်းတွဲ ခြောက်ထပ်တိုက် ခုနစ်လုံး၊ ခြောက်ခန်းတွဲ ငါးထပ်တိုက် ၁၀ လုံး၊ နှစ်ခန်းတွဲ လေးထပ်တိုက် (Shop House) ငါးလုံး စုစုပေါင်း ၂၂ လုံး တည်ဆောက်ပြီးစီးလျက်ရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**



**လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)အထိမ်းအမှတ်အဖြစ် လူထုစုပေါင်းလမ်းလျှောက်ပွဲ၌ တက္ကသိုလ်၊ ကောလိပ်တို့မှ ကျောင်းသား ကျောင်းသူများ ပါဝင်ဆင်နွှဲနေမှုကို တွေ့ရစဉ်။**

✤ *ရှေ့ဖုံးမှ*

ဆရာ၊ ဆရာမများ၊ အခြေခံပညာ အထက်တန်းကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)နှင့် တက္ကသိုလ်၊ ကောလိပ်အသီးသီးတို့မှ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၄၀၀၀ ကျော်တို့သည် တာထွက်စုရပ်နေရာ မန္တလေးတက္ကသိုလ် ပင်မဆောင်ရှေ့နေရာ၌ ရောက်ရှိနေရာယူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက အချက်ပြသေနတ်ပစ်ဖောက်၍ တာလွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့ ဦးဆောင်သော အဖွဲ့ဝင်များသည် ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများနှင့်အတူ စုရပ်နေရာမှ မန္တလေးတက္ကသိုလ် ပတ်လမ်းအတိုင်း ဘွဲ့နှင်းသဘင်ခန်းမရှေ့၊ ထိုမှတစ်ဆင့် လေးထပ်ဆောင်၊ အင်းဝဆောင်၊ ဦးရာဇတ်ဆောင်တို့ရှေ့ရှိ လမ်းအတိုင်း စုပေါင်းလမ်းလျှောက်ပွဲ ပျော်ရွှင်စွာ ဆင်နွှဲကြပြီး တာလွှတ်နေရာသို့ ပြန်လည်ရောက်ရှိ ပန်းဝင်ကြကာ ကိုယ်လက်လှုပ်ရှားကြံ့ခိုင်မှုလေ့ကျင့်ခန်းများ ပြုလုပ်ကြသည်။

လမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲကြသူများအား စေတနာရှင်၊ အလှူရှင်များက ကောက်ညှင်းပေါင်း၊ အကြော်၊ အားဖြည့်အချိုရည်နှင့် ကော်ဖီတို့ ပေးဝေခဲ့ကြသည်။

နံနက် ၇ နာရီတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေးနှင့် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မန္တလေးတက္ကသိုလ် အားကစားခန်းမတွင် အားကစားနှင့် ကာယပညာဦးစီးဌာန၊ တိုင်းဒေသကြီး အားကစားဆပ်ကော်မတီများမှ တိုက်ကွမ်ဒို၊ ဝူရှူး၊ ကရာတေးဒိုနှင့် ကျွမ်းဘားနှင့် Myanmar Fitness Dance အဖွဲ့မှ အားကစားမောင်မယ်များ၏ စွမ်းရည်သရုပ်ပြသမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

**တင်မောင်(မန်းကိုယ်ပွား)**

❍ *ရှေ့ဖုံးမှ*

မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

မနက်ဖြန့်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားကောင်းနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ သထုံမြို့တွင် ၃ ဒသမ ၄၇ လက်မ၊ ကော့သောင်းမြို့တွင် ၃ ဒသမ ၁၁ လက်မ၊ ကလေးမြို့တွင် ၃ ဒသမ ၀၃ လက်မ၊ မိုးညှင်းမြို့တွင် ၂ ဒသမ ၄၄ လက်မ၊ ကွမ်းလုံမြို့နှင့် ဖောင်းပြင်မြို့တို့တွင် ၂ ဒသမ ၁၃ လက်မစီ၊ လောင်းလုံး မြို့တွင် ၁ ဒသမ ၉၇ လက်မ၊ ဖြူးမြို့တွင် ၁ ဒသမ ၈၅ လက်မ၊ မဒေါက်မြို့နှင့် ကမမောင်းမြို့တို့တွင် ၁ ဒသမ ၇၇ လက်မစီ၊ လှိုင်းဘွဲမြို့တွင် ၁ ဒသမ ၇၃လက်မ၊ ထားဝယ်မြို့တွင် ၁ ဒသမ ၆၉ လက်မ၊ မင်းတပ်မြို့တွင် ၁ ဒသမ ၆၁ လက်မ၊ သရက်မြို့နှင့် ဘီးလင်းမြို့တို့တွင် ၁ ဒသမ ၅၇ လက်မစီနှင့် မြိတ်မြို့တွင် ၁ ဒသမ ၄၉ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

# ကမ္ဘာ့ဆင်များနေ့ ညောင်ဦးမြို့နယ် ပလင်းကမ်းသာယာဆင်စခန်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပ

ညောင်ဦး ဩဂုတ် ၁၂

**ဩဂုတ် ၁၂ ရက်တွင် ကျရောက်သော ကမ္ဘာ့ဆင်များနေ့အထိမ်းအမှတ် ဂုဏ်ပြုအခမ်းအနားကို ညောင်ဦးမြို့နယ် အနောက်ပုလင်းကျေးရွာအနီး ပလင်းကမ်းသာယာဆင်စခန်းဝင်းအတွင်း၌ ဩဂုတ် ၁၂ ရက်က ကျင်းပခဲ့သည်။**

ကမ္ဘာ့ဆင်များနေ့အခမ်းအနားကို ပလင်းကမ်းသာယာ ဆင်စခန်းဝင်းအတွင်း၌ကျင်းပရာ လာရောက်လေ့လာလည်ပတ်သည့် ခရီးသွားဧည့်သည်များ၊ ဘုရားဖူးဧည့်သည်များကို အခမဲ့ဝင်ခွင့်ပေးခြင်း၊ ဆင်များအား အခမဲ့ဆင်စာကျွေးစေခြင်းနှင့် ပုလင်းကျေးရွာမှ ကျောင်းသား ကျောင်းသူများအား ဖိတ်ကြားကာ ဆင်များအား ချစ်ခင်မြတ်နိုးတန်ဖိုးထားစိတ် ဖြစ်လာစေရန်နှင့် ဆင်များနှင့်ပတ်သက်သည့် ဗဟုသုတအချက်အလက်များကို ကမ္ဘာ့ဆင်များနေ့တွင် လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များ၊ ဘုရားဖူးဧည့်သည်များနှင့် ပုလင်းကျေးရွာ ကျောင်းသား ကျောင်းသူများအား ဦးမျိုးမင်းကို (လက်ထောက်မန်နေဂျာ) က ရှင်းပြသည်။ ထို့နောက် လက်ထောက် ကမ္ဘာပေါ်ရှိဆင်များအား ကာကွယ်ထိန်းသိမ်းကြရန် ရည်ရွယ်ပြီး ၂၀၁၂ ခုနှစ် ဩဂုတ် ၁၂ ရက်မှစတင်ကာ ကနေဒါနိုင်ငံသား ရုပ်ရှင်ထုတ်လုပ်သူ Patricia Sims နှင့် ထိုင်းနိုင်ငံအခြေစိုက် Elephant Reintroduction Foundation မှ အထွေထွေအတွင်းရေးမှူး Sivaporn Dardarananda တို့မှ စတင်ကျင်းပလာခဲ့ရာ ယခုဆိုလျှင် ကမ္ဘာ့ဆင်များနေ့အား ကူညီပံ့ပိုးပေးနေသည့် (Wildlife Organizations) နိုင်ငံပေါင်း ၇၀ နီးပါးရှိနေပြီဖြစ်ကြောင်း၊ ခရီးသွားဆင်ချစ်သူများအား ရှင်းပြကာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အမှတ် (၁) ဦးဝင်းမြင့်ခိုင်၊ ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဝင်းနှင့် ဆင်ချစ်သူများ၊ ပုလင်းကျေးရွာ ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာကြကြောင်း လက်ထောက်မန်နေဂျာ ဦးမျိုးမင်းကို ထံက သိရသည်။



အထွေထွေမန်နေဂျာ ဦးအောင်ဌေးက

**ကိုထိန် - ငါ့သရောက်**

# ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ရွှေချိန်စက်လှူဒါန်းပွဲနှင့် ရွှေစင်ရွှေပြားစက်ရုံ တည်ဆောက်နိုင်မည့်အခြေအနေညှိနှိုင်း

**ရန်ကုန် ဩဂုတ် ၁၂**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ယနေ့ နံနက်ပိုင်းက ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံးခန်းတွင် ကျင်းပသော Supreme Group မှဆွစ်ဇာလန်နိုင်ငံထုတ် တန်ဖိုး သုံးဆယ့်ရှစ်သိန်းငါးသောင်းတန်ဖိုးရှိ ရွှေချိန်စက် (Gold Balance & Printer) အား ရွှေတိဂုံစေတီတော်ကြီး ဂေါပကအဖွဲ့သို့ လှူဒါန်းပွဲ တက်ရောက်သည်။

လှူဒါန်းပွဲတွင် ပြည်ထောင်စုဝန်ကြီးက ရွှေတိဂုံစေတီတော်တွင် တစ်ပေပတ်လည် ရွှေစင်ပြားများ တာရှည်တည်တံ့ခိုင်မြဲစွာ ရွှေသင်္ကန်းကပ်လှူနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ရွှေပြားကြိတ်စက်ရုံကိုလည်း အမြန်ဆုံး လုံခြုံစိတ်ချစွာ ဆောက်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်းနှင့် အဓိကကျသော စက်ကိုပြည်တွင်း၌ ဒီဇိုင်းပြုလုပ်၍ ထုတ်လုပ်လှူဒါန်းခြင်း ဖြစ်ကြောင်းနှင့် ကျေးဇူးတင်ကြောင်း ပြောကြားသည်။ လှူဒါန်းရသည့်အကြောင်းအရင်းနှင့် ပတ်သက်သည့် Supreme Group မှ ဒေါက်တာစိန်မြင့်က ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လှူဒါန်းသည့်ရွှေချိန်စက်အတွက် ဂုဏ်ပြုမှတ်တမ်းအား ပြန်လည်ပေးအပ်သည်။ (ယာပုံ)

ယင်းနောက် တာဝန်ရှိသူများက ရွှေစင်ပြားစက်ရုံတည်ဆောက်ရေးအတွက် ဒီဇိုင်းရေးဆွဲပြီး စီစဉ်ဆောင်ရွက်နေပုံကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော် တောင်ဘက် မုခ်အောက်ပစ္စယာတွင် ရွှေစင်ပြားစက်ရုံလုပ်ငန်း စတင်ဆောင်ရွက်နိုင်မည့် အခြေအနေနှင့်ပတ်သက်၍ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးသည်။ ရွှေစင်ရွှေပြားသင်္ကန်းတော်များကို ဥတုမရွေး တာရှည်ကျစ်လျစ်ခိုင်မြဲစေရန် အဆင့်မြင့်နည်းပညာကိုအသုံးပြု၍ ရွှေစင်ပြားစက်ရုံငယ်တစ်ခုကို ရွှေတိဂုံစေတီ တော် တောင်ဘက်မုခ်အနီးအောက်ပစ္စယာတွင် လုံခြုံစိတ်ချစွာ စနစ်တကျတည်ဆောက်၍ ခေတ်မီနည်းစနစ်၊ စက်ကိရိယာများ အသုံးပြုကာ တာရှည်တည်တံ့ခိုင်မြဲသည့် ရွှေစင်ပြားများကို မကြာမီစတင်ထုတ်လုပ်၍ ကပ်လှူပူဇော်နိုင်မည်ဖြစ်ကြောင်း သိရသည်။ ရွှေစင်ပြားထုတ်လုပ်သည့်ကြိတ်စက်ကို စက်မှုဝန်ကြီးဌာနက ခေတ်မီနည်းစနစ်ဖြင့် ပြည်တွင်း၌ ဒီဇိုင်းရေးဆွဲ ထုတ်လုပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း သဃ်န်းကျွန်း အမှတ်(၄) ပရိဘောဂစက်ရုံ၌ စစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်း (၂၂) ရပ်ကွက်ရှိမြန်မာ့သစ်လုပ်ငန်းပိုင် တောင်ဒဂုံသစ်ဆိပ်သို့ သွားရောက်စစ်ဆေးသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ပသို့ သစ်အလုံးလိုက်တင်ပို့မှု ရပ်နားခဲ့ပြီး နောက်ပိုင်း သစ်ဆိပ်မြေနေရာများတွင် Timber Industry Complex များတည်ထောင်ရန် ဆောင်ရွက်ခြင်းသည် မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ Timber Industry Complex တည်ထောင်ရာတွင် ပြင်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမည်ဖြစ်ရာ သစ်ဆိပ်မြေနေရာ အသုံးပြုခွင့်အတွက် ခိုင်မာတိကျသော အထောက်အထားများ ပြင်ဆင်ထားရန်လိုအပ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအတွက် Investment Model များ ကြိုတင်လေ့လာထားရန်နှင့် နိုင်ငံနှင့်ပြည်သူလူထုအတွက် အကျိုးအရှိဆုံးဖြစ်အောင် ဆောင်ရွက်ရန် ဆွေးနွေးမှာကြားပြီး သစ်ဆိပ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်အတူ သန်လျင်မြို့နယ် ညောင်သုံးပင်ကျေးရွာ အမှတ် ၁၀ သစ်စက်လမ်းပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန တောင်ပိုင်းခရိုင်ရုံးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ်အဖြစ် အမှတ်တရသစ်ပင် စိုက်ပျိုးပေးသည်။ ရုံးသစ်အဆောက်အအုံ၏ ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး ရုံးအဆောက်အအုံကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်း သုဝဏ္ဏအားကစားကွင်းအနီး မြန်မာ့သစ်လုပ်ငန်းပိုင် အမှတ်(၄) ပရိဘောဂစက်ရုံသို့ ရောက်ရှိစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံဂိုဒေါင်အတွင်း သိမ်းဆည်းထားသော မြန်မာ့သစ်လုပ်ငန်းမှ ဆင်စွယ် ၂၀၂၈ ချောင်း၊ အလေးချိန် ၇၇၈၄ ကီလိုဂရမ် သိုလှောင်ထိန်းသိမ်းထားသည့် ဂိုဒေါင်ကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ အမှတ် (၄) ပရိဘောဂစက်ရုံနှင့် နဝလီစနစ်ဖြင့် ပူးပေါင်းဆောင်ရွက်နေသော Golden Veneer ကုမ္ပဏီ၏ သစ်ပါးလွှာ ထုတ်လုပ်နေမှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မအူပင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ CT Scan ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မအူပင် ဩဂုတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့အထွေထွေရောဂါကုဆေးရုံကြီးတွင် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးနိုင်ရန် CT Scan စက်နှင့် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ မအူပင်မြို့နယ် တိုင်းဒေသကြီး (၁) လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုး၊ တိုင်းဒေသကြီးကုသရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဝင်းဝင်းခိုင်၊ မအူပင်မြို့အထွေထွေရောဂါကုဆေးရုံအုပ်ကြီးဒေါက်တာကျော်ဇင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက်တိုင်းဒေသကြီး ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက CT Scan စက်ထားရှိခြင်းဖြင့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်ရာတွင် ရောဂါတိကျစွာ ရှာဖွေကုသပေးနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

မအူပင်မြို့အထွေထွေရောဂါကုဆေးရုံကြီးတွင် CT Scan စက်ထားရှိ ကုသနိုင်ရန်အတွက် နိုင်ငံတော်မှ ခွဲဝေချထားငွေကျပ် ၄၆၀၀၀၀ နှင့် အလှူရှင်များဖြစ်ကြသော ဦးညဏ်ထွန်း-ဒေါ်စန်းစန်းမြင့် (တပင်ရွှေထီးရွှေဆိုင်) မိသားစုကလှူဒါန်းငွေကျပ် ၂၂၈၀၀၀၀၊ ဌာနဆိုင်ရာအဖွဲ့အစည်းများမှ စုပေါင်းလှူဒါန်းငွေကျပ် ၇၃၀၀၀၀၀နှင့် ကရုဏာလူမှုရေးအသင်းအဖွဲ့ကဦးဆောင်၍ မြို့သူ မြို့သားများစုပေါင်းလှူဒါန်းငွေကျပ် ၇၈၉၁၂၀၀ စုစုပေါင်းငွေကျပ် ၆၇၇၉၁၂၀၀ ဖြင့် အဆောက်အအုံနှင့် CT Scan စက်ကို ထားရှိဖွင့်လှစ်နိုင်ခဲ့ပြီး မအူပင်ခရိုင်နှင့် ဆက်စပ်လျက်ရှိသည့် ပြည်သူများအတွက် လွယ်လင့်တကူရောဂါရှာဖွေကုသမှုများ ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။

အလားတူ မအူပင်အထွေထွေရောဂါကုဆေးရုံကြီးတွင် ကုသမှုဆောင်ရွက်ရန် လိုအပ်သည့် နှလုံးနှင့်လေဖြတ်ရောဂါကုသဆောင် နှစ်ထပ်ဆောင် ဆောက်လုပ်ရန်နှင့် သွေးလှူဘဏ်တစ်ထပ်ဆောင်ဆောက်လုပ်ရန်၊ သွေးသိုလှောင်ရေခဲသေတ္တာတစ်လုံး အတွက် လှူဒါန်းငွေကျပ်သိန်းတစ်ထောင်ကို အလှူရှင်ဦးညဏ်ထွန်း-ဒေါ်စန်းစန်းမြင့် (တပင်ရွှေထီးရွှေဆိုင်)မိသားစုက လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ် လက်ခံခဲ့ပြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူနေသည့် ပြည်သူများထံသို့ သွားရောက်အားပေးစကားပြောကြားကာ ကျန်းမာရေးကုသရန် လူနာတစ်ဦးချင်းအလိုက် အလှူငွေများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်ခိုင်၊ အောင်မြင့်မြတ်**
**(မအူပင်)**

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သတင်းသမားများ လုံခြုံရေးဆောင်ရန်၊ ရှောင်ရန်သင်တန်း ပြည်မြို့၌ ပို့ချ

**ပြည် ဩဂုတ် ၁၂**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သတင်းသမားများ လုံခြုံရေးအတွက် ဆောင်ရန်၊ ရှောင်ရန်လိုက်နာဆောင်ရွက်သင့်သည်များကို သိရှိနားလည်နိုင်စေရန် ရည်ရွယ်၍ သင်တန်းကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက ပြည်မြို့ ရွာဘဲရပ်ကွက် မြေလတ်ဂျာနယ်လစ်ရုံးခန်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ပြည်မြို့မြေလတ်ဂျာနယ်လစ်ကွန်ရက်က ဦးစီးပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အစိမ်းရောင်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ အဖွဲ့ဝင်များ၊ ပြည်မြို့ရှိသတင်းသမား ၁၆ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ နှစ်ရက်ဖြစ်သည်။

သင်တန်းနှစ်ရက်တာကာလအတွင်း မြန်မာ့မီဒီယာကောင်စီမှ ဆရာဇေယျာခင်လှိုင်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ၊ သတင်းသမားများ တွေ့ကြုံလေ့ရှိသော အခက်အခဲများနှင့် ဘေးကင်းလုံခြုံရေးအတွက် လိုက်နာဆောင်ရွက်ကြရမည့် ဆောင်ရန်၊ ရှောင်ရန်များကို ပို့ချခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# ပြည်မြို့ ရွှေဘုန်းပွင့်ဘုရားကြီး စာကြည့်ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှု ပြတိုက်အသင်းမှ ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ

**ပြည် ဩဂုတ် ၁၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈)ဖြင့် သုဓမ္မဇောတဓရဘွဲ့တံဆိပ်တော်ချီးမြှင့် အပ်နှင်းခြင်းခံရသည့် ပျူမြို့ဟောင်းများ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ သရေခေတ္တရာအမွေအနှစ်စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှဝင်း(မင်္ဂလာဂါးဒင်းဟိုတယ်) အား ပြည်မြို့ရွှေဘုန်းပွင့်ဘုရားကြီး စာကြည့်ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်အသင်းမှ ဂုဏ်ပြုပွဲအခမ်းအနားကို ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီက အသင်းတိုက်၌ကျင်းပရာ အသင်းတိုက် ဂုဏ်ထူးဆောင်နာယက ပြည်တက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဦးမြဝင်း၊ အမျိုးသားစာပေဆုရ ကဗျာဆရာမောင်လင်းကြည်က သုဓမ္မဇောတဓရဦးလှဝင်း (မင်္ဂလာဂါးဒင်းဟိုတယ်)အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)**

ဆက်လက်၍ ပြည်မြို့ ရွှေဘုန်းပွင့်ဘုရားကြီး စာကြည့်ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်အသင်းသို့ ငွေကျပ်သိန်း ၅၀ လှူဒါန်းသော သုဓမ္မဇောတဓရ ဦးလှဝင်း (မင်္ဂလာဂါးဒင်းဟိုတယ်) အား အသင်းနာယက ရွှေဆံတော်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဝင် ဦးသိန်းတန်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။

ထို့နောက် အသင်းမှ ဂုဏ်ပြုစာတမ်းကိုအတွင်းရေးမှူး ဦးဇင်သိန်းက ဖတ်ကြားခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း ( ပြည် )**



# သုတ၊ ရသ ပြည့်ဝစွာ မျှဝေပေးနေသည့် မန္တလေးမြို့က လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်

မန္တလေး ဩဂုတ် ၁၂

**မန္တလေးတက္ကသိုလ်၌ ကျင်းပလျက်ရှိသော လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ဒုတိယနေ့တွင် တက္ကသိုလ် ကောလိပ်ကျောင်းများ၊ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ ဌာနဆိုင်ရာများနှင့်အဖွဲ့အစည်းအသီးသီးမှ ပါဝင်ပြသထားသည့် ပြခန်း အသီးသီးသို့ စိတ်ဝင်တစားလာရောက်ကြည့်ရှုသူ ကျောင်းသားလူငယ်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။**



အဆိုပါ ပွဲတော်ကြီးတွင် တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်ကောလိပ် ၃၁ ကျောင်းမှ ဘာသာရပ်အလိုက် ပြသထားသည့် ပြခန်းပေါင်း ၉၀ ကျော်၊ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ပြသထားသည့်ပြခန်းပေါင်းရှစ်ခန်း၊ ဌာနဆိုင်ရာများနှင့် အရပ်ဘက်အဖွဲ့အစည်းအသီးသီးတို့၏ ပြခန်းပေါင်း ၂၀၀ ကျော် ပါဝင်ပြသလျက်ရှိသည်။

"မန္တလေး တက္ကသိုလ်မှာရှိတဲ့ ဌာနပေါင်း ၂၀ ကျော်က ဘာသာရပ်အလိုက်ဌာနတစ်ခုကို တစ်ခန်းနှုန်းနဲ့ ပါဝင်ပြသထားတယ်။ ကျွန်တော်တို့ရဲ့ ရူပဗေဒပြခန်းမှာတော့ တယ်လီစကုပ်တွေ ပြသထားလို့ ကလေးတွေ အလွန်စိတ်ဝင်တစားကြည့်ကြတယ်။ တယ်လီစကုပ်က နေရောင်၊ လရောင်၊ နတ်က္ခတ်တာရာတွေကို ကောင်းမွန်စွာကြည့်ရှုနိုင်တယ်။ လာရောက်ကြည့်ရှုတဲ့သူတွေရတဲ့ အကျိုးကျေးဇူးတွေကတော့ အများကြီးပေါ့။ မန္တလေး တက္ကသိုလ်မှာ ဘာတွေလုပ်နေတယ်၊ ဘာတွေရှိတယ်ဆိုတာ ကလေးတွေ သိခွင့်ရတယ်။ နောက်နောင်သူတို့တွေ မေဂျာရွေးတဲ့အခါမှာ မှန်ကန်စွာရွေးချယ်လို့ရသွားမယ်။ လာကြည့်တဲ့သူတွေက ကိုယ်ပိုင်ကျောင်းတွေ၊ အခြေခံကျောင်းတွေ အများဆုံးပေါ့။ ကလေးတွေက ဒါတွေကို သူတို့ကျောင်းတွေမှာ မရှိတဲ့အတွက် ဒီမှာ ကြည့်ခွင့်ရတယ်။ ဘာတွေလုပ်နေတယ်ဆိုတာသိခွင့်ရတယ်။ အကျိုးကျေးဇူးအများကြီး ရှိပါတယ်" ဟု မန္တလေး တက္ကသိုလ် ရူပဗေဒဌာနမှ လက်ထောက်ကထိက ဦးဝင်းနိုင်မင်းက ပြောသည်။

ထို့အပြင် အောင်မြေသာစံမြို့နယ် အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာသန်းထိုက်စိုးကလည်း "ကျွန်တော်တို့ အခြေခံပညာကျောင်းတွေအနေနဲ့ ပြခန်းပေါင်းငါးခန်းပါဝင်ပြသပါတယ်။ ပုဂံမှာရှိတဲ့ ကျောင်းက ကလေးတွေလည်း ဒီမှာလာပြီးတော့ လက်ရေးပန်းချီတို့ မြန်မာ့ယဉ်ကျေးမှုတို့လာပြီးတော့ ပြတာဖြစ်ပါတယ်။ ကျန်တဲ့မြို့နယ်တွေ ကျောင်းတွေကလည်း သူတို့ရဲ့စွမ်းရည်တွေ ပြသပါတယ်။ ပြခန်းမှာ တာယာစွန့်ပစ်အမှိုက်တွေကနေ အသုံးဝင်တဲ့ အမှိုက်ပုံးတွေ ပြန်လုပ်တယ်။ သင်ထောက်ကူပစ္စည်းတွေ ပြန်လုပ်တယ်။ ဒါက ကလေးတွေရဲ့ စွမ်းရည်ပဲ။ ဒီပြခန်းကို ကြည့်ခြင်းအားဖြင့် စွန့်ပစ်ပစ္စည်းတွေက ဒီလိုသုံးလို့ရပါလား။ လူအသုံးအဆောင်ပစ္စည်းတွေ လုပ်ဆောင်လို့ရတယ်ဆိုတာကို ကျွန်တော်တို့ကလေးတွေသိရှိပြီး ပတ်ဝန်းကျင်ကို ချစ်တတ်တဲ့ စိတ်တွေဖြစ်လာမယ်။ အဲဒီတော့အလွန်အကျိုးရှိပါတယ်။ ဒီလိုပွဲတော်တွေ များများရှိတဲ့အခါ ကျောင်းသား ကျောင်းသူတွေ၊ ဆရာဆရာမတွေ၊ ကျောင်းတိုင်းကျောင်းတိုင်းရဲ့ ကြိုးစားမှုတွေ၊ တီထွင်မှုတွေ အသိပညာတွေ ဖလှယ်ခွင့်ရတဲ့အတွက် ဒီလိုပွဲမျိုးတွေက အများကြီးလိုအပ်တယ်။ ရန်ကုန်နဲ့ မန္တလေးတင်မဟုတ်ဘဲနဲ့ နယ်မြို့တွေမှာလည်း ဒီလိုပွဲတော်တွေ၊ စွမ်းရည်ပွဲတော်တွေ လုပ်သင့်ပါတယ်လို့ အကြံပေးချင်ပါတယ်" ဟု ပြောခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ကိုယ်ပိုင်ကျောင်းများအသင်းမှ ပါဝင်ပြသသည့်ပြခန်းများတွင်လည်း ကလေးငယ်များ၏ ဖန်တီးနိုင်မှုစွမ်းအားစွမ်းရည်များ၊ သင်္ချာနှင့်ပတ်သက်သောစွမ်းရည်များ၊ သင်ကြားရေးပုံစံအဆင့်ဆင့်ပြောင်းလဲလာပုံများအပြင် စက်ရုပ်ပရိုဂရမ်ဖြင့် တီထွင်ဖန်တီးထားသည့် စက်ပစ္စည်းများနှင့် ပွဲတော်အမှတ်တရ လက်ဆောင်ပစ္စည်းများ ရောင်းချသည့်ပြခန်းများ ပါဝင်ကြောင်း အဆိုပါပြခန်း၏ အစီအစဉ်များကိုရှင်းလင်းပြသသူ CAE ကိုယ်ပိုင်အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းကျောင်းသား မောင်ထက်ဝေဇင်က ပြောသည်။

"ကျွန်တော်တို့ ပြခန်းမှာ လူတွေရဲ့အရင်းအမြစ် အသက်မွေးဝမ်းကျောင်းပညာတစ်ခုဖြစ်တဲ့ ကြာချည်ထုတ်တဲ့ လုပ်ငန်း၊ ရှမ်းစက္ကူထုတ်လုပ်တဲ့ ထုတ်လုပ်ပုံအဆင့်ဆင့်ကို မှတ်တမ်းဓာတ်ပုံတွေအပြင် လက်တွေ့ပါပြသနေတဲ့အတွက် စိတ်ဝင်တစားလာရောက်ကြည့်ရှုကြလို့ အားရကျေနပ်ပါတယ်။ ဒါ့အပြင် လက်တွေ့လုပ်ဆောင်လာတဲ့ မီးပုံးတွေ၊ ထီးတွေကိုလည်း ပြသထားတယ်။ ကြာချည်လုပ်ငန်းနဲ့ ရှမ်းစက္ကူလုပ်ငန်းတွေဆိုရင် လူငယ်တွေက ကျွန်တော့်တို့ဆီမှာ လုပ်နည်းအဆင့်ဆင့်တွေကို မေးမြန်းပါတယ်။ ဒါတွေကိုလည်း ပြခန်းမှာရှိတဲ့ ကျွန်တော်တို့ တာဝန်ရှိလူကြီးတွေကနေ အားလုံးက စိတ်ရှည်လက်ရှည်နဲ့ နားလည်အောင် အကုန်လုံးရှင်းပြပေးနေပါတယ်" ဟု ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့မှ မင်္ဂလာဦးလူငယ်ရိပ်သာ ပြခန်းအတွင်းရေးမှူး ဦးကိုကိုထွန်းက ပြောသည်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ဩဂုတ် ၁၁ ရက်မှ ၁၃ ရက်အထိ သုံးရက်တိုင်ကျင်းပလျက်ရှိရာ ပွဲတော်ကာလအတွင်း ပညာရေးဆိုင်ရာလှုပ်ရှားမှုအဖြစ် စာပေစကားဝိုင်းများနှင့် စာအုပ်အရောင်းဆိုင်များ၊ အားကစားဆိုင်ရာလှုပ်ရှားမှုအဖြစ် အပန်းဖြေအားကစားပြိုင်ပွဲများနှင့် သရုပ်ပြအားကစားနည်းများ၊ အလုပ်အကိုင်အခွင့်အလမ်းပြခန်းများ၊ အသိပညာပေးပြခန်းများနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာန၏ ဖျော်ဖြေရေးအစီအစဉ်များ၊ စတုဒိသာကျွေးမွေးလှူဒါန်းမှုများပါဝင်သဖြင့် ပွဲတော်လာပြည်သူများ သုတ၊ ရသပြည့်စုံစွာခံစားရသည့်အတွက် ပျော်ရွှင်ကျေနပ်လျက် ရှိနေကြပေသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ပုဂံဓာတ်ပုံပြပွဲ ပါဝင်ပြသ

**မန္တလေး ဩဂုတ် ၁၂**

မန္တလေးတက္ကသိုလ်တွင် ကျင်းပနေသည့် လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်တွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ဖိတ်ခေါ်မှုဖြင့် နှလုံးသားထဲက ပုဂံဓာတ်ပုံပြပွဲကို သုံးရက်တိုင် ပါဝင်ပြလျက်ရှိကြောင်း သိရသည်။

"ဒီဓာတ်ပုံပြပွဲကို ပြသတဲ့ အကြောင်းရင်းက ရှေးဟောင်းသုတေသနဌာနရဲ့ ဖိတ်ခေါ် မှုနဲ့လာပြီးပြတာပါ။ အဓိကကတော့ မြန်မာနိုင်ငံသားအားလုံးနဲ့ သက်ဆိုင်တဲ့ ပုဂံဆိုတဲ့ ဒေသတစ်ခုကို ယူနက်စကိုဝင်ဖို့အတွက် ကျွန်တော်တို့က ပြည်သူလူထုတွေ အားလုံးကို သိရှိအောင် ကြိုးစားလှုံ့ဆော်မှုအနေနဲ့ ဖြစ်ပါတယ်။ ပုဂံနဲ့ပတ်သက်တဲ့ ယဉ်ကျေးမှုနဲ့ ရှုခင်းတွေပါမယ်။ အစုံပါပဲ။ အဓိကကတော့ ပုဂံရဲ့အငွေ့အသက်ကို လာကြည့်သူတွေ ခံစားရအောင် ပုဂံနဲ့ပတ်သက်တဲ့ စိတ်အာရုံတွေ နစ်မြုပ်သွားအောင် ပြသသွားမှာပါ။ အဲဒါပြီးရင် နောက်လမှာ မုံရွာ၌ ဒီလိုမျိုး ဓာတ်ပုံအသင်းနဲ့ ပူးပေါင်းပြီး တစ်ပွဲထပ်လုပ်မယ်" ဟု နှလုံးသားထဲက ပုဂံဓာတ်ပုံပြပွဲ ပြန်ကြားရေးမှူး ကိုနိုင်ထွန်းလတ်က ပြောသည်။

မန္တလေးတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ ပြသလျက်ရှိသည့် နှလုံးသားထဲက ပုဂံဓာတ်ပုံပြပွဲတွင် ပုံပေါင်း ၇၂ ပုံဖြင့် ပါဝင်ပြသထားရာ လာရောက်ကြည့်ရှုသူများပြားလျက်ရှိသလို ဝယ်ယူလိုသူများကိုလည်း ရောင်းချပေးလျက်ရှိသည်။

"ဒီပန်းချီပြခန်းထဲကို လာတော့ အလွန်စိတ်ချမ်းသာတယ်။ သဘာဝတရားတွေကိုပဲ ဖော်ကျူးထားတော့ တကယ့်ပုဂံပြည်ကို ရောက်သွားသလို ခံစားရတယ်။ အနုပညာလည်းမြောက်တယ်။ ဒီဓာတ်ပုံတွေကို ကြည့်ရင်း တကယ့် အပြင်မှာ ရောက်နေသလို ခံစားရတယ်" ဟု ပြပွဲသို့ လာရောက်ကြည့်သူ တစ်ဦးဖြစ်သူ ကိုပေါ်ထွန်းက ပြောသည်။

ယင်းအပြင် တစ်နိုင်ငံလုံးရှိဓာတ်ပုံဆရာများနှင့် မန္တလေးဓာတ်ပုံဆရာများ ပူးပေါင်း၍ နှလုံးသားထဲက ပုဂံဓာတ်ပုံပြပွဲများကို ရန်ကုန်-မန္တလေး၊ မုံရွာ၊ ပုဂံတို့တွင် ပြပွဲများ ပြုလုပ်ခဲ့ပြီး ဩဂုတ် ၂၀ ရက်မှ ၂၂ ရက်အထိ မန္တလေးမြို့တော်ခန်းမ၌ ဓာတ်ပုံအနုပညာရှင်ပေါင်း ၈၀ ကျော်ဖြင့် ပုဂံဓာတ်ပုံပေါင်း ၂၂၀ ကျော် ချိတ်ဆွဲပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ညောင်ရွှေဟော်နန်း (ယဉ်ကျေးမှုပြတိုက်) မှ စော်ဘွားကြီးဝတ်စုံများ ဓာတုနည်းဖြင့် သန့်စင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့

**ညောင်ရွှေ ဩဂုတ် ၁၂**

ညောင်ရွှေဟော်နန်း (ယဉ်ကျေးမှုပြတိုက်) ရှိ စော်ဘွားကြီးများ၏ ဝတ်စုံများကို ဓာတုနည်းဖြင့် ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်သည့်အတွက် ဝတ်စုံ ၄၄ စုံကို ပထမအကြိမ်အဖြစ် ဩဂုတ် ၁၂ ရက်က ပြန်လည်ပေးပို့ခဲ့ကြောင်း သိရသည်။

"ယဉ်ကျေးမှုပြတိုက် (ညောင်ရွှေ)မှာရှိတဲ့ ဝတ်စုံ ၁၃၈ မျိုးကို သန့်စင်ပြီး ထိန်းသိမ်းဖို့အတွက် လိုအပ်တဲ့ ဓာတုပစ္စည်းနဲ့ စက်ပစ္စည်းအချို့ကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ဝယ်ယူထားခဲ့ပါတယ်။ ပထမအကြိမ်အဖြစ် မတ် ၂ ရက်မှာ ဝတ်စုံ ၆၉ စုံကို သန့်စင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရန်အတွက် ရန်ကုန်မြို့ကို သယ်ယူပြီး ဆောင်ရွက်ခဲ့ပါတယ်။ ဒီနေ့မှာတော့ သန့်စင်ထိန်းသိမ်းမှုများဆောင်ရွက်ပြီးဖြစ်တဲ့ ဝတ်စုံ ၄၄ စုံကို ပြန်လည်ပေးပို့ခဲ့တာဖြစ်ပါတယ်။ ကျန်ရှိတဲ့ ၂၅ စုံကတော့ ရွှေခြည်ထိုးဝတ်စုံများဖြစ်တဲ့အတွက် အချိန်ယူဆောင်ရွက်နေရပြီး ပြီးစီးပါက ထပ်မံပေးပို့ သွားမှာဖြစ်ပါတယ်" ဟု အမျိုးသားပြတိုက်(ရန်ကုန်) ညွှန်ကြားရေးမှူး ဒေါ်နန်းလောဝ်ငင်းက ပြောသည်။

သန့်စင်ထိန်းသိမ်းပြီးသည့် ဝတ်စုံများကို မူလပြသထားသော မှန်ဗီရိုများအစား စနစ်တကျပြုလုပ်ထားသော မှန်ဗီရိုများဖြင့် ပြသသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မှန်ဗီရိုများတွင် လေသန့်စက်များ၊ ပိုးမွှားသန့်စင်ဆေးများ၊ ရေငွေ့စုပ်စက်များကို ထည့်သွင်းတပ်ဆင်ထားသဖြင့် ဝတ်စုံများ၏ သက်တမ်းပိုမို ကြာရှည်စေမည်ဖြစ်ကြောင်း၊ ရှားပါးပြီး အဖိုးမဖြတ်နိုင်သော စော်ဘွားကြီးများ၏ ဝတ်စုံနှင့်အခြားအဆင့်ဝတ်စုံများ ပိုမိုဆိုးရွားစွာ ဆက်လက်မပျက်စီးစေရန် သတ်မှတ်ချိန်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ရှေးဟောင်းဝတ်စုံများကို ဓာတုနည်းဖြင့် ထိန်းသိမ်းခြင်းလုပ်ငန်းကို ပထမဆုံးအကြိမ်အဖြစ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ညောင်ရွှေယဉ်ကျေးမှုပြတိုက်မှ ဝတ်စုံများကို ဓာတ်ပုံရိုက်မှတ်တမ်းတင်ခြင်း၊ အလျား၊ အနံ့တိုင်းတာခြင်းတို့အပြင် ဝတ်စုံဆိုင်ရာ အချက်အလက်များကို စနစ်တကျမှတ်တမ်းပြုထားကြောင်း၊ ဝတ်စုံများကို အမျိုးသားပြတိုက် (ရန်ကုန်) ရှိ ဓာတ်ခွဲခန်းတွင် သန့်စင်ထိန်းသိမ်းမှုများပြုလုပ်နိုင်ရန်အတွက် ကျွမ်းကျင်ဝန်ထမ်းများဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့ကြောင်း၊ ဝတ်စုံများ တာရှည်ခံနိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုကြောင်း အမျိုးသားပြတိုက်(ရန်ကုန်)မှ လက်ထောက်ညွှန်ကြားရေးမှူး (ဝတ်စုံထိန်းသိမ်းရေးပညာရှင်) ဦးကျော်ရှင်နောင်က ရှင်းပြသည်။



ယဉ်ကျေးမှုပြတိုက်(ညောင်ရွှေ)ရှိ ဝတ်စုံများ သန့်စင်ထိန်းသိမ်းခြင်းလုပ်ငန်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ယခုကဲ့သို့ ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

**နေမျိုးသူရိန်**

# ရှေ့နေဆိုသည်မှာ

လွင်သွင်ဦး

**တရားစီရင်ရေးတွင် တရားရုံးများ၊ ဥပဒေရုံးများ၊ ရဲတပ်ဖွဲ့များနှင့် အခြားသော ဆက်စပ်နေသည့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ ပါဝင်ဆောင်ရွက်ရပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် တရားရုံးများနှင့် နီးစပ်မှုမရှိသောပြည်သူများမှာ မည်သူက မည်သည့်တာဝန် ထမ်းဆောင်ကြသည်ကို သိရှိနားလည်မှု နည်းပါးပါသည်။ တိုက်ပုံအနက်၊ ဝတ်ရုံအနက်ဝတ်ထားလျှင် ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများဟု ယေဘုယျအားဖြင့် သိရှိကြသော်လည်း အချို့သောသူများမှာ ကွဲပြားခြားနားစွာ သိနားလည်ခြင်း မရှိပါ။ သို့ဖြစ်၍ တရားရုံးများနှင့် ဆက်သွယ်ရင်းနှီးမှုမရှိသော ပြည်သူများအတွက် ရည်ရွယ်ပြီး ဤဆောင်းပါးကို ရေးသားတင်ပြခြင်း ဖြစ်ပါသည်။**

## ရှေ့နေများ

ရှေ့နေ၊ ရှေ့ရပ်များကိုလေ့လာပါက နိုင်ငံတော်အတွက် အစိုးရဘက်မှ လိုက်ပါဆောင်ရွက်သော အစိုးရရှေ့နေ(မျက်မှောက်ခေတ်တွင် မြန်မာနိုင်ငံ၌ ဥပဒေအရာရှိ)များနှင့် ပုဂ္ဂလိကများအတွက် လိုက်ပါသော ရှေ့နေများဟု နှစ်မျိုးနှစ်စား ခွဲခြားတွေ့ရှိရသည်။ ကမ္ဘာ့နိုင်ငံအများအပြားတွင် အစိုးရရှေ့နေ (Public Prosecutor) ဟု ခေါ်ဝေါ်သုံးစွဲပါသည်။ မြန်မာနိုင်ငံတွင် ယနေ့အခါ၌ ဥပဒေအရာရှိ (Law Officer) ဟု ခေါ်ဝေါ်သုံးစွဲပါသည်။ ပုဂ္ဂလိကများအတွက်လိုက်ပါသော ရှေ့နေများမှာ ဥပဒေဘွဲ့ရသူများ၊ အထက်တန်းရှေ့နေစာမေးပွဲ အောင်မြင်သူများ၊ တရားလွှတ်တော်ရှေ့နေစာမေးပွဲအောင်မြင်သူများသည် သက်ဆိုင်ရာစာမေးပွဲအောင်မြင်ပြီးနောက် သတ်မှတ်ထားသော လုပ်သက်ပြည့်သည့် တရားလွှတ်တော်ရှေ့နေ တစ်ဦးဦးထံတွင် အလုပ်သင်ရှေ့နေအဖြစ် ဝင်ရောက်လုပ်ကိုင်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အလုပ်သင်ရှေ့နေ (Chamber Student) အဖြစ် လိုက်ပါခွင့်ပြုရန် လျှောက်ထားရပါသည်။ ထိုသို့ လျှောက်ထားပြီးနောက် တရားလွှတ်တော်ချုပ်က ခွင့်ပြုသည့်အခါ အဆိုပါတရားလွှတ်တော်ရှေ့နေထံတွင် အလုပ်သင်ရှေ့နေအဖြစ် သတ်မှတ်ထားသည့် ကာလအထိ လုပ်ကိုင်ဆောင်ရွက်ရပါသည်။ အလုပ်သင်ရှေ့နေကာလ ပြီးဆုံးသည့်အခါ အလုပ်သင်ရှေ့နေအဖြစ်လက်ခံသော တရားလွှတ်တော်ရှေ့နေ (Chamber Master) က အထက်တန်းရှေ့နေအဖြစ် လက်ခံသင့်ကြောင်း ထောက်ခံချက်ဖြင့် ပြည်ထောင်စုတရားလွှတ်တော်သို့ အထက်တန်းရှေ့နေအဖြစ် မှတ်ပုံတင်ခွင့်ပြုပါရန် တင်ပြလျှောက်ထားရပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အထက်တန်းရှေ့နေ(Higher Grade Pleader)အဖြစ် မှတ်ပုံတင်ခွင့်ပြုပြီး လိုင်စင်ထုတ်ပေးသည့်အခါ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများတွင် အမှုများ လိုက်ပါဆောင်ရွက်ခွင့်ရရှိပါသည်။ ပြစ်မှုများတွင် တရားလိုဘက်မှသော် လည်းကောင်း၊ တရားခံဘက်မှသော် လည်းကောင်း၊ တရားမမှုများတွင် တရားလိုဘက်မှသော် လည်းကောင်း၊ တရားပြိုင်ဘက်မှသော်လည်းကောင်း လိုက်ပါဆောင်ရွက်ခွင့်ရှိပါသည်။ ထို့ပြင် အခွန်ရုံးများနှင့် ဥပဒေအရခွင့်ပြုသော အခြားခုံရုံးများတွင်လည်း လိုက်ပါဆောင်ရွက်ခွင့် ရှိပါသည်။ အထက်တန်းရှေ့နေအဖြစ် သတ်မှတ်ထားသော ကာလအထိ အမှုလိုက်ပါဆောင်ရွက်ပြီးနောက် ဥပဒေဘွဲ့ရရှိသောအထက်တန်းရှေ့နေများသည် သတ်မှတ်ထားသောလိုအပ်ချက်များနှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တရားလွှတ်တော်ရှေ့နေ (Advocate) အဖြစ် မှတ်ပုံတင်ခွင့်ပြုပါရန် လျှောက်ထားနိုင်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားလွှတ်တော်ရှေ့နေအဖြစ် မှတ်ပုံတင်ခွင့်ပြုပြီး လိုင်စင်ထုတ်ပေးသည့်အခါတွင် တရားလွှတ်တော်ရှေ့နေ ဖြစ်လာပါသည်။ တရားလွှတ်တော်ရှေ့နေသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မည်သည့်တရားရုံးတွင်မဆို လိုက်ပါခွင့်ရှိပါသည်။ အခွန်ရုံးများနှင့် ဥပဒေအရခွင့်ပြုသော အခြားခုံရုံးများတွင်လည်း လိုက်ပါဆောင်ရွက်နိုင်ပါသည်။ ထူးခြားသည်မှာ တရားလွှတ်တော်ရှေ့နေသာလျှင် နိုင်ငံတော်၏အမြင့်ဆုံးတရားရုံးဖြစ်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် လိုက်ပါဆောင်ရွက်ခွင့်ရှိခြင်း ဖြစ်ပါသည်။

ရှေ့နေဆိုသောစကား၏ အဓိပ္ပာယ်ကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(၁)၏ အပိုဒ်ခွဲ(ဒ)တွင် “ရှေ့နေ” ဆိုသည့် စကားရပ်ကို တရားရုံးတစ်ရုံးတွင် မှုခင်းကိစ္စ ဆောင်ရွက်ခြင်းနှင့်ပတ်သက်ပြီး ခေါ်ဝေါ်အသုံးပြုလျှင် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ အဆိုပါတရားရုံးတွင် အမှုလိုက်ခွင့်ရသူ ရှေ့နေကိုဆိုသည်။ ထို့ပြင် ယင်းစကားရပ်တွင်(၁) ယင်းသို့အခွင့်ရသော တရားရုံးချုပ်ရှေ့နေနှင့် (၂) ဆိုခဲ့သည့် မှုခင်းကိစ္စတွင် လိုက်ပါဆောင်ရွက်ရန် တရားရုံး၏ ခွင့်ပြုချက်နှင့်ခန့်ထားသော အခြားသူတစ်ဦးဦးလည်းပါဝင်သည်-ဟု ပြဋ္ဌာန်းထားပါသည်။ ထို့ကြောင့် ရှေ့နေဆိုသည့် စကားတွင် အမှုလိုက်ပါခွင့် လိုင်စင်ရထားသောရှေ့နေများအပြင် မှုခင်းကိစ္စတစ်ခုခုတွင် တရားရုံးခွင့်ပြုချက်နှင့် ခန့်ထားသော အခြားသူများလည်းပါဝင်ကြောင်း တွေ့ရှိရပါသည်။

## အစိုးရရှေ့နေ

အစိုးရရှေ့နေ၏အဓိပ္ပာယ်ကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(၁)၏ အပိုဒ်ခွဲ (န) တွင် “အစိုးရရှေ့နေ” ဆိုသည်မှာ ဤဥပဒေပုဒ်မ ၄၉၂ အရ ခန့်ထားသည့် မည်သူ့မဆို ဆိုသည်။ အစိုးရရှေ့နေ၏ညွှန်ကြားချက်အရဆောင်ရွက်သူနှင့် တရားလွှတ်တော်၌ပြစ်မှုဆိုင်ရာ မူလမှုစီရင်ရာတွင် အစိုးရကိုယ်စား အမှုလိုက်ပါဆောင်ရွက်သူ လည်းပါဝင်သည်-ဟု ပြဋ္ဌာန်းထားပါသည်။

မြန်မာနိုင်ငံတွင် ခန့်ထားခဲ့သော အစိုးရရှေ့နေများကို လေ့လာပါက ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံ စီရင်အုပ်ချုပ်မှုအက်ဥပဒေအရ ရှေ့နေချုပ် (Advocate General) တစ်ဦးကို ခန့်ထားခဲ့ပြီး ၎င်း၏လက်အောက်တွင် အစိုးရလွှတ်တော်ရှေ့နေ (Government Advocate) များကို ခန့်ထားခဲ့ပါသည်။ ၎င်းတို့သည်နိုင်ငံတော်အတွက် ပြစ်မှုများတွင်လည်းကောင်း၊ တရားမမှုများတွင်လည်းကောင်း လိုက်ပါဆောင်ရွက်ရပါသည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ၁၉၄၈ ခုနှစ် ရှေ့နေချုပ်အက်ဥပဒေတို့အရ ရှေ့နေချုပ်ရုံးကိုဖွဲ့စည်းပြီး ရှေ့နေချုပ်တစ်ဦးနှင့် လက်ထောက်ရှေ့နေချုပ်များ၊ အစိုးရရှေ့နေများကို ခန့်ထားခဲ့ပါသည်။

ထိုစဉ်က ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများတွင် လိုက်ပါဆောင်ရွက်ရန်အတွက် အစိုးရရှေ့နေများ လုံလောက်မှုမရှိသဖြင့် အမှုတစ်ခုချင်းအလိုက် လိုက်ပါဆောင်ရွက်ရန်အတွက် အစိုးရရှေ့နေများ (Ad-Hoc Public Prosecutor) ကို ခန့်အပ်တာဝန်ပေးဆောင်ရွက်ခဲ့ပါသည်။ ရဲအရေးပိုင်သော အမှုအသေးများတွင် အမှုလိုက်ရဲအရာရှိ (Criminal Prosecution Officer- CPO) များက လိုက်ပါဆောင်ရွက်ပါသည်။

၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြဋ္ဌာန်းပြီးသောအခါ ရှေ့နေချုပ်ရုံးကို ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ၁၉၇၄ ခုနှစ် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ ဥပဒေတို့အရ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကိုခန့်အပ်ပြီး ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့၏လက်အောက်တွင် ဗဟိုဥပဒေရုံးနှင့် အဆင့်ဆင့်သောဥပဒေရုံးများကို ဖွဲ့စည်းခဲ့ပါသည်။ ထိုဥပဒေရုံးများတွင် ဥပဒေဝန်ထမ်းအဆင့်ဆင့်ကို ခန့်ထားခဲ့ပါသည်။ နောက်ပိုင်းတွင် ဥပဒေအရာရှိဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ပါသည်။ ဥပဒေအရာရှိများ(Law Officer)သည် နိုင်ငံတော်က တရားလိုပြုလုပ်သော ရဲအရေးပိုင်သည့်ပြစ်မှုများနှင့် နိုင်ငံတော်က တရားလို၊ တရားပြိုင်အဖြစ်ပါဝင်သော တရားမမှုများတွင် နိုင်ငံတော်အတွက် အစိုးရရှေ့နေများအဖြစ် လိုက်ပါဆောင်ရွက်ရပါသည်။

မျက်မှောက်ခေတ်တွင် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေတို့ အရ ပြည်ထောင်စုရှေ့နေချုပ်ရုံးကို ဖွဲ့စည်းပြီး ပြည်ထောင်စုရှေ့နေချုပ်နှင့် ဒုတိယရှေ့နေချုပ်တို့ကို ခန့်အပ်ခဲ့ပါသည်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးလက်အောက်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်ရုံးများ၊ ခရိုင်ဥပဒေရုံးများနှင့် မြို့နယ်ဥပဒေရုံးများကိုဖွဲ့စည်းပြီး အဆင့်ဆင့်သော ဥပဒေအရာရှိများကို ခန့်ထားခဲ့ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဥပဒေချုပ်တစ်ဦးစီ ခန့်ထားခဲ့ပါသည်။ ဥပဒေအရာရှိများသည် နိုင်ငံတော်ဘက်မှလိုက်ပါဆောင်ရွက်သော အစိုးရရှေ့နေများဖြစ်ပါသည်။ ရဲအရေးပိုင်သော ပြစ်မှုတစ်ခုကို သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်တိုင်ကြားပြီးနောက် တရားရုံးသို့စွဲဆိုတင်ပို့သည့်အခါ တရားလိုများ (နစ်နာသူများ)သည် ရှေ့နေငှားရမ်းရန်မလိုအပ်ဘဲ ဥပဒေအရာရှိများက တရားလိုအတွက် လိုက်ပါဆောင်ရွက်ပေးပါသည်။ ပြစ်မှုများကို နိုင်ငံတော်က တရားလိုအဖြစ် တာဝန်ယူဆောင်ရွက်ပေးသည့်အတွက် နိုင်ငံတော်ကိုယ်စား ဥပဒေအရာရှိများက လိုက်ပါဆောင်ရွက်ပေးခြင်း ဖြစ်ပါသည်။

ရဲအရေးပိုင်သောအမှုများတွင် ဥပဒေအရာရှိများက လိုက်ပါဆောင်ရွက် ပေးသော်လည်း တရားလိုသည် မိမိနှစ်သက်သည့်ရှေ့နေကို ငှားရမ်းဆောင်ရွက်ခွင့်ရှိပါသည်။ ထိုသို့ တရားလိုက ရှေ့နေငှားရမ်းခဲ့ပါက ထိုရှေ့နေသည် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၉၃ နှင့်အညီ ဥပဒေအရာရှိ၏ ကြီးကြပ်မှုဖြင့် တရားရုံးတွင် လိုက်ပါဆောင်ရွက်ခွင့် ရှိပါသည်။

> **“ရှေ့နေရှေ့ရပ်များအား ခေါ်ဝေါ်သုံးစွဲသည့်အသုံးအနှုန်း ကွဲပြားမှုရှိသော်လည်း အဓိကတာဝန်မှာ တရားမမှုများတွင်ဖြစ်စေ၊ ပြစ်မှုများတွင်ဖြစ်စေ မိမိတို့လိုက်ပါ ဆောင်ရွက်ပေးသော အမှုသည်များ၏ ဥပဒေရေးရာကိစ္စများကို ကူညီဆောင်ရွက်ပေးကြခြင်းဖြစ်ပါသည်၊ ထို့ပြင် မျက်မှောက်ခေတ်တွင် တရားရုံးရှေ့သို့ ရောက်ရှိသွားခြင်းမရှိသောကိစ္စများတွင်လည်း ဥပဒေအကြံဉာဏ်ပေးခြင်း၊ ဥပဒေရေးရာကိစ္စများ ညှိနှိုင်းဆွေးနွေးတိုင်ပင်ခြင်းတို့ကိုလည်း ဆောင်ရွက်ကြပါသည်”**

## ဥပဒေအထောက်အကူပြု ရှေ့နေများ

ပြည်ထောင်စုလွှတ်တော်သည် (၁၈-၁-၂၀၁၆) ရက်နေ့တွင် ဥပဒေအမှတ် ၁၀/၂၀၁၆ ဖြင့် “ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ” ကို ပြဋ္ဌာန်းခဲ့ပါသည်။ ထိုဥပဒေအရ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များကိုဖွဲ့စည်းပြီး ဥပဒေဆိုင်ရာ အထောက်အကူများပေးရန် ဆောင်ရွက်လျက်ရှိပါသည်။ ဥပဒေဆိုင်ရာအထောက်အကူဆိုသည်မှာ အဆိုပါဥပဒေနှင့်အညီ ဥပဒေဆိုင်ရာအထောက်အကူ တောင်းခံခွင့်ရှိသူများအား ရှေ့နေငှားရမ်းပေးခြင်း၊ ဥပဒေဆိုင်ရာအသိပညာပေးခြင်း၊ အကြံပေးခြင်း၊ အကူအညီပေးခြင်းနှင့် သတင်းအချက်အလက်ပေးခြင်းတို့ဖြစ်ပါသည်။ ဥပဒေဆိုင်ရာအထောက်အကူ တောင်းခံခွင့်ရှိသူများမှာ ပြစ်မှုတစ်ခုခုဖြင့် စွပ်စွဲခြင်း၊ ထိန်းသိမ်းခြင်း၊ ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း၊ အကျဉ်းချခြင်းခံရသည့် ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ အထူးပြုစုစောင့်ရှောက်မှု လိုအပ်နေသူများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ခုခံအားကျဆင်းမှုရောဂါ သို့မဟုတ် အခြားကူးစက်ရောဂါ ခံစားနေရသူများ၊ နိုင်ငံမဲ့များ၊ နိုင်ငံရေးခိုလှုံခွင့် တောင်းခံသူများ၊ နိုင်ငံခြားသားများ၊ ရွှေ့ပြောင်းနေထိုင်သူများ၊ ရွှေ့ပြောင်းလုပ်သားများ၊ ဒုက္ခသည်များကိုလည်းကောင်း၊ ပြစ်မှုကျူးလွန်ခံရခြင်းကြောင့် နစ်နာသူများက လည်းကောင်း၊ ထူးခြားသည့် အကြောင်းအရာတစ်ခုခုကြောင့် အကူအညီ တောင်းခံလာသည့် ပြစ်မှုနှင့်ဆိုင်သော သက်သေများကလည်းကောင်း အကူအညီ တောင်းခံခွင့်ရှိပါသည်။

ဥပဒေဆိုင်ရာအထောက်အကူပေးသူဆိုသည်မှာ ဥပဒေဆိုင်ရာအထောက်အကူ ပေးသည့် ရှေ့နေ သို့မဟုတ် ရှေ့နေမဟုတ်သော ဥပဒေဆိုင်ရာ အထောက်အကူ ပေးသူကိုဆိုသည်။ ဥပဒေဆိုင်ရာ အထောက်အကူပေးသည့် ရှေ့နေဆိုသည်မှာ ဥပဒေဆိုင်ရာအကူအညီပေးရန် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့တွင် ဆောင်ရွက်သောရှေ့နေ၊ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့က တာဝန်ပေးအပ်သည့် ရှေ့နေ သို့မဟုတ် ငှားရမ်းသည့် ရှေ့နေကိုဆိုသည်။ ရှေ့နေမဟုတ်သော ဥပဒေဆိုင်ရာ အထောက်အကူပေးသူဆိုသည်မှာ ဥပဒေဆိုင်ရာအထောက်အကူပေးသည့် ရှေ့နေ၏ ကြီးကြပ်မှုဖြင့် အခမဲ့ ဥပဒေအကြံပေးခြင်းနှင့် ဥပဒေဆိုင်ရာ အသိပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့က တရားဝင် အသိအမှတ်ပြု၍ တာဝန်ပေးအပ်ထားသူကိုဆိုသည်။

မျက်မှောက်ခေတ်တွင် ရှေ့နေဆိုသောစကားရပ်တွင် ဥပဒေဆိုင်ရာ အထောက်အကူပေးသည့် ရှေ့နေများသည်လည်း ရှေ့နေအမျိုးအစားတစ်ခုအဖြစ် ပေါ်ပေါက်လာပါသည်။

## နိုင်ငံအချို့၏ ရှေ့နေများ

နိုင်ငံအများစုတွင် နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်သော ရှေ့နေများကို အစိုးရရှေ့နေ (Public Prosecutor)ဟု ခေါ်ဆိုကြပါသည်။ ပုဂ္ဂလိကများအတွက် လိုက်ပါပေးသောရှေ့နေများတွင် အချို့နိုင်ငံများ၌ Barrister နှင့် Solicitor ဟု နှစ်မျိုးတွေ့ရပါသည်။ ဥပမာအားဖြင့် ယူကေနိုင်ငံနှင့် စင်ကာပူနိုင်ငံစသည်တို့တွင် ဖြစ်ပါသည်။ Barrister များသည် သတ်မှတ်ထားသောဝတ်ရုံ(gown)နှင့် ဦးပေါင်း(wig)တို့ကို ဝတ်ဆင်ပြီး တရားရုံးရှေ့တွင် လိုက်ပါဆောင်ရွက်ပါသည်။

Solicitor များသည် အမှုသည်များအား ဥပဒေအကြံပေးခြင်း၊ ဥပဒေ အချက်အလက်များ စုဆောင်းရှာဖွေပေးခြင်း၊ စာချုပ်စာတမ်းများရေးသားပေးခြင်းစသည့် တရားရုံးပြင်ပ ဥပဒေဆိုင်ရာ လုပ်ငန်းများကို လုပ်ကိုင်ကြသူများဖြစ်ပါသည်။

ရှေ့နေရှေ့ရပ်များအား ခေါ်ဝေါ်သုံးစွဲသည့်အသုံးအနှုန်း ကွဲပြားမှုရှိသော်လည်း အဓိကတာဝန်မှာ တရားမမှုများတွင်ဖြစ်စေ၊ ပြစ်မှုများတွင်ဖြစ်စေ မိမိတို့လိုက်ပါဆောင်ရွက်ပေးသော အမှုသည်များ၏ ဥပဒေရေးရာကိစ္စများကို ကူညီဆောင်ရွက်ပေးကြခြင်းဖြစ်ပါသည်။ ထို့ပြင် မျက်မှောက်ခေတ်တွင် တရားရုံးရှေ့သို့ရောက်ရှိသွားခြင်းမရှိသောကိစ္စများတွင်လည်း ဥပဒေအကြံဉာဏ်ပေးခြင်း၊ ဥပဒေရေးရာကိစ္စများ ညှိနှိုင်းဆွေးနွေးတိုင်ပင်ခြင်းတို့ကိုလည်း ဆောင်ရွက်ကြပါသည်။ ပြစ်မှုများ၊ တရားမမှုများ စွဲဆိုခြင်းကိစ္စများတွင်သာမက စီးပွားရေးဆိုင်ရာကိစ္စများ၊ စာချုပ်စာတမ်းကိစ္စများ၊ အသိဉာဏ်ပစ္စည်းဆိုင်ရာကိစ္စများ စသည်တို့တွင်လည်း ရှေ့နေများသည် တစ်ဦးချင်းဖြစ်စေ၊ အသင်းအဖွဲ့အဖြစ် တည်ထောင်ထားသော(Law Firm)များဖြင့်ဖြစ်စေ ဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရှိရပါသည်။

ပြည်သူများအနေဖြင့် ရှေ့နေ၊ ရှေ့ရပ်များ၏လုပ်ငန်းများကို သိရှိနားလည်ခြင်းအားဖြင့် မိမိတို့ကြုံတွေ့နေရသော ပြဿနာများ၊ အခက်အခဲများကို သင့်လျော်ရာ ရှေ့နေ၊ ရှေ့ရပ်များဖြင့် ညှိနှိုင်းဆွေးနွေးတိုင်ပင် ဖြေရှင်းနိုင်မည်ဖြစ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။

---

## ကျောက်တော်မြို့နယ် မီးဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်

**ကျောက်တော် ဩဂုတ် ၁၂-** ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ကျောက်တော်မြို့နယ် လက်ဆောင်ကောက်ကျေးရွာအုပ်စု လက်ဆောင်ကောက်ကျေးရွာ၌ ဩဂုတ် ၄ ရက်က မီးလောင်ခဲ့မှုကြောင့် ပျက်စီးသွားသော မီးဘေးသင့်အိမ်ထောင်စုများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မြောက်ဦးခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများက ယနေ့မွန်းလွဲပိုင်းက ကျောက်တော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

အဆိုပါ ဖြစ်ပွားခဲ့သော မီးဘေးကြောင့် မီးဘေးသင့် လူနေအိမ် နှစ်လုံး၊ အိမ်ထောင်စုနှစ်စုအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၅ မျိုး၊ အိမ်ဆောက်ပစ္စည်းဖိုးငွေနှင့် လူဦးရေ ခေါင်းဦးအတွက် ဆန်ရိက္ခာဖိုးငွေများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝင်းမင်းစိုး(ပြန်/ဆက်)

# မျိုးဆက်သစ်လူငယ်တွေအနေနဲ့ ကိုယ်ထူးချွန်တဲ့ အားသာရာဘက်ကိုလိုက်ပြီး နိုင်ငံကို အကျိုးပြုစေချင်တယ်


မောင်စည်သူဟန်


မောင်တိုးတက်လင်း


မမေသူစိုး


မောင်သက်ပိုင်မျိုး


မောင်ထက်ဝေလျှံ

မန္တလေး ဩဂုတ် ၁၂

**မန္တလေးတက္ကသိုလ်တွင် ယမန်နေ့က ကျင်းပသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)၌ မြန်မာနိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်၊ ကောလိပ်များမှ နိုင်ငံတကာပြိုင်ပွဲများတွင် သွားရောက်ယှဉ်ပြိုင်ပြီး ဆုရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများအား နိုင်ငံတော်အစိုးရမှ ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ရာ အဆိုပါဆုရရှိသူများ၏ ရင်တွင်းစကားသံများကို ဖော်ပြလိုက်ပါသည်။**

**မောင်စည်သူဟန်**
**(စတုတ္ထနှစ်၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်)**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှာ ဧပြီလအတွင်းက ကျင်းပတဲ့ China-Myanmar Innovation and Entrepreneurship Competition - 2018 မှာ မြန်မာနိုင်ငံကိုယ်စားပြု အသင်းတစ်သင်းအနေနဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ အဲဒီပွဲမှာ Excellent Team Prize ဆုကို ရရှိခဲ့ပါတယ်။ ကျွန်တော်တို့ကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဆုချီးမြှင့်ခဲ့တာဖြစ်ပါတယ်။ အခုချီးမြှင့်တာက မှတ်တမ်းတင်ဂုဏ်ပြုဆုတံဆိပ်နဲ့ ငွေသား နှစ်သိန်း ချီးမြှင့်တာဖြစ်ပါတယ်။ အခုလို ချီးမြှင့်တဲ့အတွက် အားရကျေနပ်မိပါတယ်။ အသိအမှတ်ပြုလက်မှတ်တစ်ခု ချီးမြှင့်တာကိုတောင် ကျေနပ်မိပါတယ်။ ကျောင်းသားလူငယ်တွေရဲ့ ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုတဲ့အနေနဲ့ ပရိသတ်အစုံအလင်ရှေ့မှာ နိုင်ငံတော်ခေါင်းဆောင်တွေက ချီးမြှင့်တဲ့အတွက် လွန်စွာကျေနပ်အားရမိပါတယ်။ နောင် အခြားသော လူငယ်တွေအတွက်ကိုလည်း ယှဉ်ပြိုင်လိုစိတ်၊ အတုယူစိတ်၊ အားကျလိုစိတ်တွေ ဖြစ်ပေါ်လာစေမှာပါ။ ဒီပွဲတော်က ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ဖြစ်လို့ ကဏ္ဍစုံအကုန်လုံး ပါပါတယ်။ ပြခန်း တွေ၊ အားကစားယှဉ်ပြိုင်ပွဲတွေ၊ ဌာနတစ်ခုချင်းစီ သူတို့လက်ရှိ ဆောင်ရွက်နေတာတွေကို ပြသထားတဲ့ ပြခန်းတွေလည်း ပါဝင်ပါတယ်။ လာရောက်တဲ့ ကျောင်းသား ကျောင်းသူ လူငယ်တွေလည်း ဗဟုသုတတွေရတယ်။ အားကစားကိုလည်း ပါဝင်ယှဉ်ပြိုင်လို့ရတယ်။ ဒါကြောင့် လွန်စွာကောင်းမွန်တဲ့ပွဲတော်တစ်ခုဖြစ်ပါတယ်။

**မောင်တိုးတက်လင်း (နောက်ဆုံးနှစ်ကျောင်းသား၊ ကွန်ပျူတာတက္ကသိုလ်-တောင်ကြီး)**

၂၀၁၈ ခုနှစ် တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှာ ကျင်းပခဲ့တဲ့ China-Myanmar Innovation and Entrepreneurship Competition-2018 ပွဲမှာ ကျွန်တော်တို့က မြန်မာနိုင်ငံကိုယ်စားပြုအနေနဲ့ သွားပြိုင်တဲ့အခါမှာ ပထမဆုရခဲ့ပါတယ်။ အခုလို ဆုရလို့ ဒီပွဲတော်မှာ အသိအမှတ်ပြုချီးမြှင့်ပေးတဲ့အတွက် ပျော်ရွှင်မိပါတယ်။ ကျွန်တော့်အနေနဲ့ လက်ရှိအချိန်ကစပြီး ကိုယ့်နိုင်ငံအတွက် အကျိုးရှိအောင် ကြိုးစားသွားမှာပါ။ ဆုရအောင်တော့ ကျွန်တော်တို့အနေနဲ့ တော်တော်ကို အပင်ပန်းခံပြီး ကြိုးစားခဲ့တာပါ။ ဆုရဖို့ သုံးနှစ်လောက်အချိန်ပေးပြီး ကြိုးစားခဲ့တာပါ။ ပြိုင်ပွဲမှာ မြန်မာနဲ့ တရုတ်နိုင်ငံက တက္ကသိုလ် ၂၀ စီ စုစုပေါင်း ၄၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ။ နောင်မျိုးဆက်သစ် လူငယ်တွေအနေနဲ့ တစ်နေရာရာမှာ ကိုယ်ထူးချွန်တယ်ဆိုတာကို အရင်ဆုံးသိအောင် လုပ်သင့်တယ်။ အရင်ဆုံးသိပြီဆိုမှ ကိုယ်အားသာရာဘက်ကိုလိုက်ပြီး ကိုယ့်နိုင်ငံအတွက် ဘယ်လိုအကျိုးပြုမယ်ဆိုတဲ့ အကြောင်းအရာလေးတွေနဲ့ ကိုယ့်နိုင်ငံကို အကျိုးပြုစေချင်ပါတယ်။

**မမေသူစိုး (ရုက္ခဗေဒဌာန ၊ရန်ကုန်တက္ကသိုလ်)**

ရန်ကုန်တက္ကသိုလ်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ။ လာအိုနိုင်ငံမှာ ကျင်းပတဲ့ Youth Innovation Competition on Lancang-Mekong Region's Governance and Development(YICMG)-2018 ပြိုင်ပွဲမှာ The Most Valuable Issue Award ဆိုတဲ့ တန်ဖိုးအရှိဆုံးသော ပြဿနာကို ဖြေရှင်းနိုင်တဲ့ဆုကို ရရှိခဲ့ပါတယ်။ အဲ့ဒီပြိုင်ပွဲမှာ ဆုရရှိခဲ့တဲ့သူတွေအားလုံး စုစည်းပြီးတော့ နောက်တစ်ခေါက်ပြန်ပြီးတော့ ထပ်ပြီးယှဉ်ပြိုင်ရပါတယ်။ ဒီပြိုင်ပွဲက မဲခေါင်ဒေသတွင်း ပြိုင်ပွဲဖြစ်တဲ့အတွက် နိုင်ငံပေါင်း ခြောက်နိုင်ငံက ကျောင်းသား ကျောင်းသူအသီးသီး ပါဝင်ပါတယ်။ ဆုရရှိခဲ့တဲ့အတွက် ထပ်ပြီးပြိုင်ရတာကတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့မှာ ကျင်းပခဲ့တဲ့ Lancang-Mekong Youth Training Camp For Innovation and Entrepreneurship - 2018 ပြိုင်ပွဲမှာ ဒုတိယဆုကို ရရှိခဲ့ပါတယ်။ အဲ့ဒီဆုကို လွယ်လွယ်နဲ့ ရခဲ့တာတော့မဟုတ်ပါဘူး။ တော်တော်လေးကို ကြိုးစားပြီးတော့ ဆရာ၊ ဆရာမတွေရဲ့ ထောက်ပံ့ပေးမှုနဲ့ Team Work ကောင်းကောင်းရရှိခဲ့တဲ့အတွက် ဆုရရှိခဲ့တယ်လို့ ထင်ပါတယ်။

အခုလိုပွဲတော်မှာ အသိအမှတ်ပြုပြီး ဂုဏ်ပြုဆုချီးမြှင့်ခဲ့တဲ့အတွက် လွန်စွာကျေနပ်ပျော်ရွှင်မိပါတယ်။ တခြားနိုင်ငံက ပေးတဲ့ဆုထက် ကိုယ့်နိုင်ငံကပေးတဲ့ဆုကို ပိုပြီးတန်ဖိုးထားပါတယ်။ ဒီလိုဆုချီးမြှင့်တဲ့အတွက်လည်း တာဝန်ရှိတဲ့လူကြီးအားလုံးကို ကျေးဇူးတင်ပါတယ်။ နောင်ကျောင်းသား ကျောင်းသူတွေကို ပြောချင်တာကတော့ ကိုယ့်အတွက်ရရှိလာမယ့် အခွင့်အလမ်းတွေကို များများရှာဖွေပါ။ ကျောင်းစာ တစ်ခုတည်းမဟုတ်ဘဲနဲ့ ပြင်ပဗဟုသုတတွေကိုလည်း များများထိတွေ့ပါ။ ပြိုင်ပွဲတွေကို ပါဝင်ယှဉ်ပြိုင်ကြည့်ပါ။ အဲဒီကနေ ရလာမယ့် ဆုတစ်ခုက ကိုယ့်ဘဝအတွက် အတွေ့အကြုံကောင်းတွေ၊ အမှတ်တရကောင်းတွေ အများကြီးရမယ့်အပြင် အခုလို အောင်မြင်ခဲ့ရင်လည်း နိုင်ငံတော်က ချီးမြှင့်ပေးတဲ့ဆုတွေ ရရှိမှာဖြစ်ပါတယ်။ ထိုက်ထိုက်တန်တန်ရရှိမှာဖြစ်တဲ့အတွက် ကြိုးစားကြပါလို့ ပြောချင်ပါတယ်။ ဒီလိုပွဲတော်ကို ပထမအကြိမ်က ကျွန်မတို့ ရန်ကုန်တက္ကသိုလ်မှာ ကျင်းပခဲ့တာပါ။ ရန်ကုန်တက္ကသိုလ်မှာကတည်းက ပါဝင်ဆင်နွှဲခဲ့ပါတယ်။ အခုလိုပွဲတော်တွေလုပ်ပေးတဲ့အတွက် တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ နောင်နှစ်တွေမှာလည်း နှစ်တိုင်း၊ နှစ်တိုင်း ဒီလိုပွဲမျိုးတွေလုပ်ပေးစေချင်ပါတယ်။ အခုပွဲတော်ကနေ ရလာမယ့် လိုအပ်ချက်တွေကို ကြည့်ပြီး နောင်နှစ်တွေမှာ ပိုကောင်းအောင် လုပ်ပေးစေချင်ပါတယ်။

> ○ **ကိုယ့်အတွက်ရရှိလာမယ့် အခွင့်အလမ်းတွေကို များများရှာဖွေပါ။ ကျောင်းစာ တစ်ခုတည်းမဟုတ်ဘဲနဲ့ ပြင်ပဗဟုသုတတွေကိုလည်း များများထိတွေ့ပါ။ ပြိုင်ပွဲတွေကို ပါဝင်ယှဉ်ပြိုင်ကြည့်ပါ။ အဲဒီကနေ ရလာမယ့်ဆုတစ်ခုက ကိုယ့်ဘဝအတွက် အတွေ့အကြုံကောင်းတွေ၊ အမှတ်တရကောင်းတွေ အများကြီး ရမယ့်အပြင် အခုလို အောင်မြင်ခဲ့ရင်လည်း နိုင်ငံတော်က ချီးမြှင့်ပေးတဲ့ဆုတွေ ရရှိမှာဖြစ်**


မောင်မိုးကျော်ဇင်အောင်


မအိမ့်မှူးခိုင်

**မောင်သက်ပိုင်မျိုး**
**(တိကျစက်ပစ္စည်းထုတ်လုပ်မှုမေဂျာ၊ နည်းပညာတက္ကသိုလ် ရတနာပုံဆိုက်ဘာစီးတီး)**

ဒီနှစ်ထဲမှာ ပြုလုပ်ခဲ့တဲ့ China-Myanmar Innovation and Entrepreneurship Competition - 2018 ပြိုင်ပွဲမှာ တတိယဆုရရှိခဲ့တာပါ။ အဲ့ဒီပြိုင်ပွဲမှာ မြန်မာနိုင်ငံက တက္ကသိုလ်ကျောင်းပေါင်း ၁၀ ကျောင်းလောက် ပါဝင်မယ်ထင်တယ်။ တရုတ်နိုင်ငံက ကျောင်းတွေနဲ့ မြန်မာနိုင်ငံကကျောင်းတွေ ပါဝင်ပါတယ်။ ဒီပွဲတော်မှာ Product Idea ကို သွားပြိုင်ရတာပါ။ အခုလို နိုင်ငံတော်အကြီးအကဲတွေကိုယ်တိုင်က ဆုချီးမြှင့်တဲ့အတွက်လမ်းပွင့်သွားတာပေါ့။ အရင်တုန်းက ဒီလိုမျိုးတွေ မရှိဘူး။ project တွေလုပ်တယ်ဆိုတာကလည်း ကျောင်းအတွင်းပဲရှိတာပါ။ ဒီလိုမျိုးပွဲတွေ လုပ်ခြင်းအားဖြင့် ဒီ Project တွေဟာ အပြင်လက်တွေ့ဘဝမှာ အသုံးဝင်လာမယ့် ထုတ်ကုန်တွေဖြစ်လာမယ်လို့မြင်ပါတယ်။ နောင်လူငယ်တွေကို အားပေးစကားဆိုတာထက် ကျွန်တော်တို့ အားလုံးက အရင်တုန်းက အခက်အခဲတွေအများကြီးရှိတယ်။ Project တစ်ခုခု၊ Idea တစ်ခုခုကို တကယ်အကောင်အထည်ဖော်နေတဲ့အခါမှာ ကျွန်တော်တို့ တွေ့ရတဲ့ အခက်အခဲတွေက အများကြီးပဲ။ ကျွန်တော်တို့မှ မဟုတ်ဘူး။ တစ်နိုင်ငံလုံးက ကျွန်တော်တို့ သူငယ်ချင်းတွေလည်း ဖြစ်နေကြတာပဲ။ အဓိကက ကျွန်တော်တို့ ဒီအခက်အခဲတွေက ဘယ်လိုပဲပြောပြော အဖွဲ့လိုက် ဖြေရှင်းရင်းနဲ့ပဲ ဒီဆုကို ရရှိခဲ့တာပါ။ ဒါ့ကြောင့် အခက်အခဲဆိုတာက ကျွန်တော်တို့ အားလုံးစုစည်းနေရင် ဘာမှမဖြစ်ဘူး။ နောက်ပြီး ကျွန်တော်တို့လိုချင်တဲ့ လမ်းကြောင်း ရောက်နိုင်ပါတယ်။

**မောင်ထက်ဝေလျှံ (နောက်ဆုံးနှစ်၊ လျှပ်စစ်နှင့်စွမ်းအားအင်ဂျင်နီယာဌာန၊ နည်းပညာတက္ကသိုလ်ဆိုက်ဘာစီးတီး )**

အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်မှာ ကျင်းပပြုလုပ်တဲ့ ပြိုင်ပွဲမှာ မြန်မာနိုင်ငံကိုယ်စားပြုအနေနဲ့ ပါဝင်ယှဉ်ပြိုင်တဲ့အခါမှာ ဒုတိယဆု ရရှိခဲ့တယ်။ အဲ့ဒီကနေမှ သူတို့ကျောင်းက ဖိတ်ခေါ်ချက်အရ သွားပြီးတော့ ပြိုင်တဲ့အခါမှာ ပထမဆုကိုရရှိခဲ့တာပါ။ ဆုနှစ်ဆုရရှိခဲ့တာပါ။ အခုလို ကိုယ့်နိုင်ငံက အသိအမှတ်ပြုပြီး ဆုချီးမြှင့်တဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ ကျွန်တော်ပြောချင်တာက တစ်ခုခုကို အမြဲတမ်းကြိုးစားနေဖို့လိုပါတယ်။ ရလဒ်ကတော့ ချက်ချင်းမရနိုင်ဘူး။ ဒါပေမယ့် တစ်ချိန်ချိန်မှာတော့ အဲ့ဒီအကျိုးရလဒ်က ကိုယ့်ဆီပြန်လာမှာပါ။

*စာမျက်နှာ ၈ သို့*

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး) ဒုတိယနေ့ မြင်ကွင်းများ



လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး) အထိမ်းအမှတ်အဖြစ် လူထုစုပေါင်းလမ်းလျှောက်ပွဲ၌ ပါဝင်ကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်





လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး) ၌ လာရောက်ကြည့်ရှုလေ့လာကြသည့် ကျောင်းသား ကျောင်းသူ လူငယ်များဖြင့် စည်စည်ကားကား တွေ့ရစဉ်။ ဓာတ်ပုံ-မင်းထက်အောင်(မန်းကိုယ်ပွား)

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)၌ ခင်းကျင်းပြသထားသော တီထွင်ထားသည့် စက်ရုပ်များကို ကလေးငယ်များ စိတ်ဝင်စားစွာ ကြည့်ရှုစဉ်။ ဓာတ်ပုံ-မင်းထက်အောင်(မန်းကိုယ်ပွား)



လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)၌ ခင်းကျင်းပြသသည့် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းပြခန်း၌ ကြည့်ရှုလေ့လာနေသည့် ကျောင်းသူလေးများကို တွေ့ရစဉ်။ ဓာတ်ပုံ-မင်းထက်အောင်(မန်းကိုယ်ပွား)



မန္တလေးတိုင်းဒေသကြီး ကိုယ်ပိုင်ကျောင်းများအသင်းပြခန်း၌ လာရောက်လေ့လာသည့် ကျောင်းသားများဖြင့် စည်ကားနေစဉ်။ ဓာတ်ပုံ-မင်းထက်အောင်(မန်းကိုယ်ပွား)

*စာမျက်နှာ ၇ မှ*

**မောင်မိုးကျော်ဇင်အောင်**
**(နောက်ဆုံးနှစ်ကျောင်းသား၊ သတ္တုတူးဖော်ရေးအင်ဂျင်နီယာဌာန၊ နည်းပညာတက္ကသိုလ် - တောင်ကြီး)**

တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှာ ကျင်းပခဲ့တဲ့ China-Myanmar Innovation and Entrepreneurship Competition - 2018 ပြိုင်ပွဲမှာ မြန်မာနိုင်ငံကိုယ်စားပြုအသင်းတစ်သင်းအနေနဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ အဲ့ဒီပွဲမှာ Excellent Team Prize ဆုကို ရရှိခဲ့တာပါ။ သတ္တုတူးဖော်ရေးလုပ်ငန်းခွင်မှာ ဖြစ်တတ်တဲ့၊ အန္တရာယ်ရှိတဲ့ အကြောင်းအရာတွေကို ထိန်းချုပ်ပုံ၊ ထိန်းချုပ်နည်းတွေ၊ လုပ်ငန်းခွင်လုံခြုံရေးတွေအတွက် ပြိုင်ပွဲဝင်ခဲ့တာ ဖြစ်ပါတယ်။ နိုင်ငံတော်ကနေကျင်းပတဲ့ ဒီလူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်မှာ ကျွန်တော့်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆုချီးမြှင့်ခဲ့ပြီး နိုင်ငံတော်က အသိအမှတ်ပြုတယ်ဆိုတာကိုသိရလို့ ဝမ်းသာဂုဏ်ယူမိပါတယ်။

ဒီလိုဆုချတဲ့အတွက် ကျွန်တော်တို့ရဲ့ကြိုးစားမှုကို အသိအမှတ်ပြုတယ်လို့လည်း ယုံကြည်ပါတယ်။ နောက်ထပ် ကြိုးစားချင်စိတ်တွေ ဖြစ်ပေါ်လာအောင် လှုံ့ဆော်ပေးတယ်လို့လည်း ယူဆပါတယ်။ ဒါ့ကြောင့် နောင်အနာဂတ်မှာလည်း နိုင်ငံတော်အတွက် ကြိုးစားသွားမယ့် အစီအစဉ်တွေ အများကြီးရှိပါတယ်။ ကျွန်တော်တို့နိုင်ငံက ဖွံ့ဖြိုးတိုးတက်ဖို့ လုပ်ဆောင်နေတဲ့နိုင်ငံပါ။ ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်လည်း ရောက်နေပြီဖြစ်လို့ ကျွန်တော်တို့လို လူငယ်တွေမှာ အများကြီးတာဝန်ရှိပါတယ်။ တခြားနိုင်ငံတွေကတော့ ဖွံ့ဖြိုးပြီးနိုင်ငံတွေဖြစ်တဲ့အတွက် သူတို့မှာ လူငယ်တွေအတွက် အခွင့်အလမ်းတွေ ပိုများနေပေမယ့် ကျွန်တော်တို့နိုင်ငံကတော့ လက်ရှိအခြေအနေမှာ ကိုယ့်နိုင်ငံအတွက် အတူတကွ ကြိုးစားမယ်ဆိုရင် တဖြည်းဖြည်း ဖွံ့ဖြိုးတိုးတက်မယ့်နိုင်ငံဖြစ်လာမှာပါ။ အဓိက ပြောချင်တာကတော့ လူငယ်ကျောင်းသားအချင်းချင်း ဘယ်အဖွဲ့အစည်း၊ ဘယ်ကျောင်းကမဆို အတူတကွပူးပေါင်းပြီး လုပ်ဆောင်မယ်ဆိုရင်တော့ ကျွန်တော်တို့နိုင်ငံရဲ့ လူငယ်ဖွံ့ဖြိုးရေး အစီအစဉ်တွေ ပိုပြီးကောင်းလာမယ်လို့မြင်ပါတယ်။

**မအိမ့်မှူးခိုင် (ဂုဏ်ထူးတန်းကျောင်းသူ၊ တတိယနှစ်၊ သင်္ချာဌာန၊ မန္တလေးတက္ကသိုလ်)**

ဒီဆုကို တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှာ ကျင်းပခဲ့တဲ့ China-Myanmar Innovation and Entrepreneurship Competition-2018 ပြိုင်ပွဲမှာ Excellent Team Prize ကို ရရှိခဲ့တာပါ။ မန္တလေးတက္ကသိုလ်သင်္ချာဌာနက တတိယနှစ် ဂုဏ်ထူးတန်းကျောင်းသူတွေနဲ့ မဟာဘွဲ့ကြိုကျောင်းသားတွေ ပေါင်းပြီးလုပ်တဲ့ ပရောဂျက်ကို ပြိုင်ပွဲဝင်သူ သုံးယောက်နဲ့ အုပ်ချုပ်သူ ဆရာမတစ်ယောက်သွားပြီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ။ ဒီဆုကို နိုင်ငံတော်အကြီးအကဲတွေကိုယ်တိုင်ပေးအပ်ခဲ့လို့ ဘယ်လိုခံစားရသလဲဆိုတော့ အားလုံးကဝိုင်းပြီး အသိအမှတ်ပြုတယ်၊ ဂုဏ်ပြုပေးတယ်၊ အခုလို ခမ်းခမ်းနားနား ဂုဏ်ပြုပေးတယ်ဆိုတာတော့ နောက်ထပ် ကြိုးစားရမယ့် ပရောဂျက်တွေအတွက် ခွန်အားလည်း ဖြစ်တယ်။ ပြီးတော့ ပိုပြီးယုံကြည်မှုတွေဖြစ်ပြီး နောက်ထပ်ပရောဂျက်တွေ လုပ်ချင်စိတ်တွေ ဖြစ်ပေါ်လာတယ်။ တခြား ကျောင်းသား ကျောင်းသူတွေအနေနဲ့ ကိုယ့်နိုင်ငံက ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်တဲ့အတွက် ပညာရေးအပိုင်းမှာလည်း လိုအပ်ချက်တွေရှိနေဆဲပါပဲ။ လိုအပ်ချက်တွေကို လိုက်ပြီးပြောနေမယ့်အစား ရှိတာလေးနဲ့ အစွမ်းကုန် အကောင်းဆုံးကြိုးစားသွားစေချင်ပါတယ်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# စစ်ကိုင်းမြို့တွင် လူထုအခြေပြုဗဟိုဌာနနှင့် ရွှေ့လျားစာကြည့်တိုက်ဖွင့်ပွဲကျင်းပ

မန္တလေး ဩဂုတ် ၁၂

**ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ လူထုအခြေပြုဗဟိုဌာန (Community Centre) နှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွေ့လျားစာကြည့်တိုက် (Mobile Library) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။**



**ဖဲကြိုးဖြတ်ဖွင့်**

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဦးထွန်းလှစိုးတို့က လူထုအခြေပြုဗဟိုဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွေ့လျားစာကြည့်တိုက်တို့ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ကျောင်းသား ကျောင်းသူများက ဘင်ခရာနှင့် ပန်းဖွားအကများဖြင့် ဖျော်ဖြေကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လူထုအခြေပြုဗဟိုဌာနဆိုင်းဘုတ်နှင့် ရွေ့လျားစာကြည့်တိုက်ယာဉ်တို့ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် လူထုအခြေပြုဗဟိုဌာနရှိ ပြတိုက်ငယ်နှင့် ကလေးစာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုကြပြီး **(ယာပုံ)** စာကြည့်တိုက်သို့ ရောက်ရှိနေကြသည့် ကလေးငယ်များအား ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကစားစရာ အရုပ်လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။ **(အောက်ပုံ)**

ယင်းနောက် လူထုအခြေပြုဗဟိုဌာနရှိ စာကြည့်တိုက်ခန်းမ၊ ကွန်ပျူတာသင်တန်းခန်းမနှင့် ဘက်စုံသုံးခန်းမတို့ကို လှည့်လည်ကြည့်ရှုကြသည်။



**အသိပညာဗဟုသုတဖြည့်ဆည်းပေး**

လူထုအခြေပြုဗဟိုဌာနနှင့် ရွေ့လျားစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းကို ဘက်စုံသုံးခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းအချက်အလက်ဖြန့်ဝေပေးသည့် ပြန်ကြားရေးလုပ်ငန်း၊ အသိပညာဗဟုသုတ ဖြည့်ဆည်းပေးသည့် ပညာပေးလုပ်ငန်းနှင့် ဖျော်ဖြေပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အများပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံသည့် လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နေပါကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် စာကြည့်တိုက်များတွင် ကလေးစာဖတ်ခန်းနှင့် ပြတိုက်ငယ်များ ထည့်သွင်းဆောင်ရွက်မှုအပြင် သင်တန်းများ၊ ဟောပြောပွဲ၊ ဆွေးနွေးပွဲ၊ အစည်းအဝေးနှင့် စာဖတ်ဝိုင်းများ ကျင်းပမှုမှစပြီး ရပ်ရွာလူထုအတွက် တန်ဖိုးရှိပြီး အသုံးဝင်သည့်နေရာ၊ လူအများစုဝေးသည့် လူထုအခြေပြုဗဟိုဌာနများ ဖြစ်လာစေရန် အဆင့်မြှင့်တင်မှုနှင့်အတူ ပြောင်းလဲဆောင်ရွက်နေပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပူးပေါင်းပြီး ရွေ့လျားစာကြည့်တိုက်များ ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ထို့ပြင် Community Centre များတွင် Book Club, Youth Club, Woman's Club များလည်း ဖွဲ့စည်းဆောင်ရွက်နေပါကြောင်း၊ ဒီမိုကရေစီအင်္ဂါရပ်နှင့်အညီ ပြည်သူများအကြား ဆွေးနွေးပြောကြားနိုင်ရန် ပြည်သူ့စကားဝိုင်း (Public Talk) များ ကျင်းပလျက်ရှိရာ ယခုအခါ အကြိမ် ၁၀၀ ကျော်ရှိနေပြီဖြစ်ပါကြောင်း ပြောကြားသည်။

**ပြည်သူများ ငွားရမ်းဖတ်ရှုလေ့လာနိုင်**

ယင်းနောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက အမှာစကားပြောကြားပြီး ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဦးထွန်းလှစိုးက ရွေ့လျားစာကြည့်တိုက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် စာအုပ်စာစောင်များကို ပြည်သူများ အလွယ်တကူ ငှားရမ်းဖတ်ရှုလေ့လာနိုင်စေရေး ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စစ်ကိုင်းမြို့ ဒေသခံပြည်သူများကိုယ်စား မြို့မိမြို့ဖ ဦးအောင်ကြီးက လူထုအခြေပြုဗဟိုဌာနနှင့် ရွေ့လျားစာကြည့်တိုက် ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်ရှိကြောင်းနှင့် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် "လူငယ်နှင့်ပရဟိတ" ခေါင်းစဉ်ဖြင့် ဆွေးနွေးကျင်းပသည့် ပြည်သူ့စကားဝိုင်းသို့ တက်ရောက်အားပေးခဲ့ကြသည်။

**မန်း(ကိုယ်ပွား)**

# လူငယ်နှင့်ပရဟိတခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကျင်းပ

စစ်ကိုင်း ဩဂုတ် ၁၂

**စစ်ကိုင်းမြို့၌ ဖွင့်လှစ်ခဲ့သည့် လူထုအခြေပြုဗဟိုဌာနတွင် "လူငယ်နှင့်ပရဟိတ" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယနေ့ နံနက် ၁၀ နာရီခွဲက ကျင်းပသည်။**

ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့်ဇနီး၊ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ သုခကာရီအသင်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်မှ သင်တန်းသူများ၊ လူငယ်များ တက်ရောက်ကြသည်။

**ပရဟိတစိတ်ကိန်းအောင်းလာအောင်**

စကားဝိုင်းဆွေးနွေးပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုမြတ်ထက်က ပရဟိတလုပ်ငန်းကို ရှေ့လူ၊ နောက်လူ မခွဲခြားဘဲ ပရဟိတစိတ်ဓာတ်ကို အခြေခံကာ ဆောင်ရွက်နိုင်ရေးအတွက် လည်းကောင်း၊ စာရေးဆရာ ရဲသျှမ်းက လူတိုင်းအပေါ်မှာ မေတ္တာထားကာ ပရဟိတလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် လည်းကောင်း၊ စာရေးဆရာ အမောင်(ပုဂံ)က လူကြီးနှင့်လူငယ် စေ့စပ်ညှိနှိုင်းကာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် လည်းကောင်း၊ သုခကာရီ လူမှုရေးအသင်းဥက္ကဋ္ဌ ဦးစိုးဝင်းက ငယ်ရွယ်စဉ်အချိန်မှစ၍ နူးညံ့သိမ်မွေ့သော စိတ်မွေးပြီး ပရဟိတစိတ်များ ကိန်းအောင်းလာနိုင်အောင် ကလေးများအား ပြုစုပျိုးထောင်ရေးအတွက် လည်းကောင်း ပါဝင်ဆွေးနွေးကြပြီး စာရေးဆရာ ဇော်နောင်ထွန်းက ပရဟိတအသင်းများ တိုးပွားလာမှုနှင့် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေတို့ကို ဆွေးနွေးသည်။

**ပြန်လည်ဆွေးနွေး**

ထို့နောက် တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးမှုများအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးဖြေကြားကြသည်။

**ထိခိုက်ပြောဆိုခြင်းရှောင်ရှား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြည်သူ့စကားဝိုင်းများတွင် ဒီမိုကရေစီအင်္ဂါရပ်များနှင့်အညီ ပွင့်ပွင့်လင်းလင်းနှင့် လွတ်လွတ်လပ်လပ် ဆွေးနွေးကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆွေးနွေးရာတွင် တစ်ဦးတစ်ယောက်နှင့် အဖွဲ့အစည်းကို ထိခိုက်ပြောဆိုခြင်းများအား ရှောင်ရှားပြီး ယဉ်ကျေးစွာဖြင့် ဆွေးနွေးပွဲ အောင်မြင်ပြီးမြောက်အောင် ဆွေးနွေးကြရမည် ဖြစ်ပါကြောင်း၊ ယခု စကားဝိုင်းမှ အစပြုပြီး အလေ့အထဖြစ်အောင် ဆက်လက်၍ ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။




**မန်း(ကိုယ်ပွား)**

## မြောင်းမြမြို့နယ်၌ စာပေစကားဝိုင်းကျင်းပမည်

မြောင်းမြ ဩဂုတ် ၁၂

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် မြောင်းမြမြို့နယ် စာပေချစ်သူအဖွဲ့ဝင်များက ဆရာ အောင်အေး (ရန်ကုန်တက္ကသိုလ်) ၏ "ဆရာတစ်ယောက်အဖြစ် ခေါင်းဆောင်ခြင်း" စာအုပ်ဖြင့် စာပေစကားဝိုင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစာပေစကားဝိုင်းကို ဩဂုတ် ၁၉ ရက် တနင်္ဂနွေနေ့တွင် ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရပြီး စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းတွင် ပို့ကုန်တင်ပို့မှု တစ်လထက်တစ်လ ပိုမိုတိုးတက်လာ

**မောင်တော ဩဂုတ် ၁၂**

ရခိုင်ပြည်နယ် မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းတွင် ပို့ကုန်တင်ပို့မှုအနေဖြင့် တစ်လထက်တစ်လ ပိုမိုတင်ပို့နိုင်လျက်ရှိပြီး အထူးသဖြင့် ချင်း(အစို) တင်ပို့မှုမှာ သိသိသာသာများပြားလျက်ရှိကြောင်း ကုန်သွယ်ရေးဦးစီးဌာန မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ သိရသည်။ “ကျွန်တော်တို့ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှာ ပို့ကုန်အနေနဲ့ ပြန်တက်လာတာကတော့ ချင်းတင်ပို့မှုက အများဆုံးဖြစ်ပါတယ်။ ဘာလို့များလဲဆိုတော့ သူတို့နိုင်ငံမှာ ပွဲတော်ရက်လည်းနီးတဲ့အတွက်ရယ် ပြီးတော့ အချိုရည်ထုတ်တဲ့နေရာမှာလည်းသုံးတယ်လို့ ကုန်သည်တွေ ပြောကြတယ်။ အချိုရည်ထုတ်တဲ့နေရာမှာ ဘယ်လိုသုံးတာလဲဆိုတာတော့ သေချာမသိဘူး။ ဒါကြောင့် ချင်းတင်ပို့မှုက ပိုများလာတယ်။ နောက်တစ်ခုကတော့ ရန်ကုန်နဲ့ ဧရာဝတီတိုင်းဒေသကြီးဘက်ကပို့တဲ့ ရေချိုငါးလေးတွေ တင်ပို့မှုများလာတယ်။ ဒီအတွက်ကြောင့် မောင်တောကုန်သွယ်ရေးစခန်းအနေနဲ့ကတော့ လျာထားချက်ပြည့်မီအောင် တင်ပို့နိုင်ပါတယ်။ တစ်လထက်တစ်လ ပို့ကုန်တင်ပို့မှုအပိုင်းမှာ တိုးတက်လာတယ်လို့ ပြောလို့ရပါတယ်” ဟု မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းအေးက ပြောသည်။

မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းအနေဖြင့် ဇူလိုင်လအတွင်း လယ်ယာထွက်ကုန်များဖြစ်သည့် ဆန်၊ မတ်ပဲ၊ ကုလားပဲ၊ မန်ကျည်းသီး၊ ချင်း(အစို)၊ တညင်းသီး၊ နနွင်းနှင့် ဆီးသီးခြောက်၊ ရေထွက်ကုန်များဖြစ်သည့် ငါးသလောက်၊ ငါးမြစ်ချင်း၊ ငါးနီတူခြောက်နှင့် ငါးလေးခြောက်၊ သစ်တောထွက်ကုန်ပစ္စည်းဖြစ်သည့် ဝါးကြီးနှင့် စက်မှုကုန်ချောပစ္စည်း ဖြစ်သည့် ဆီးယိုထုပ်၊ ကွေကာ၊ လုံချည်၊ ရေမွှေး၊ ဝက်ခြံပျောက်ခရင်၊ သနပ်ခါးခဲ၊ နေကြာစေ့၊ သကြားလုံးနှင့်ဆပ်ပြာတို့ကို တင်ပို့နိုင်ခဲ့ပြီး တင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၀၉၉၀၇ ဒသမ ၁၆၇ ဒေါ်လာဖြစ်ကြောင်း သိရသည်။ ထို့ပြင် ဩဂုတ် ၁၀ ရက်အထိ ပို့ကုန်တင်ပို့မှုအခြေအနေတွင် လယ်ယာထွက်ကုန်ပစ္စည်းလေးမျိုး၊ ရေထွက်ကုန်ပစ္စည်းလေးမျိုး၊ သစ်တောထွက်ကုန်ပစ္စည်း တစ်မျိုးနှင့် စက်မှုကုန်ချောပစ္စည်းတစ်မျိုးတို့ကို တင်ပို့ပြီးဖြစ်ကာ ပို့ကုန်တင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၅၇၃၃၀ ဒသမ ၃၈၄ ဒေါ်လာဖြစ်ကြောင်း သိရသည်။

**သတင်း၊ ဓာတ်ပုံ- ဟိန်းထက်လင်း၊ မျိုးသူဟိန်း**



မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်း၌ ကုန်စည်များတင်ပို့နေမှုကို တွေ့ရစဉ်။

# ရခိုင်ပြည်လုံးဆိုင်ရာ တောင်သူလယ်သမားသမဂ္ဂ ဗဟိုညီလာခံ စစ်တွေမြို့၌ ကျင်းပ




**စစ်တွေ ဩဂုတ် ၁၂**

ရခိုင်ပြည်လုံးဆိုင်ရာ တောင်သူလယ်သမားသမဂ္ဂ ဗဟိုညီလာခံကို ယနေ့နံနက် ၈ နာရီတွင် စစ်တွေမြို့ အလိုတော်ပြည့်ကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပသည်။ (ဓာတ်ပုံ)

ရှေးဦးစွာ သဘာပတိများက နေရာယူကြပြီး စစ်တွေမြို့ မြို့မိမြို့ဖဥက္ကဋ္ဌ ဦးသာစိန်(မြေစာရင်း-ငြိမ်း)က ဂုဏ်ပြုရတုသီဆိုကာ အခမ်းအနားကိုဖွင့်လှစ်ပေးသည်။ ထို့နောက် ရခိုင်ပြည်လုံးဆိုင်ရာ တောင်သူလယ်သမားသမဂ္ဂ အထွေထွေအတွင်းရေးမှူး ဦးကျော်ဇံက တောင်သူလယ်သမားသမဂ္ဂ ဖြစ်ပေါ်လာပုံ၊ မြို့နယ်အလိုက် သမဂ္ဂများ ဖွဲ့စည်းဆောင်ရွက်ခဲ့ပုံ၊ သမဂ္ဂ၏ရည်မှန်းချက်၊ ရပ်တည်ချက်နှင့် မူဝါဒများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် သဘာပတိအဖွဲ့ဝင်များက ကြိုဆိုအကြံပြုစကားများ ပြောကြားကြပြီး တက်ရောက်လာကြသော မြို့နယ် တောင်သူလယ်သမားသမဂ္ဂများမှ ကိုယ်စားလှယ်များက မြို့နယ်ကိုယ်စားပြုစာတမ်းများနှင့် အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းကြကြောင်း သိရသည်။

ရခိုင်ပြည်လုံးဆိုင်ရာ တောင်သူလယ်သမားသမဂ္ဂကို တောင်သူလယ်သမားများ၏ လူနေမှုဘဝ၊ အကျိုးစီးပွားကို မြှင့်တင်နိုင်အောင် ဆောင်ရွက်ရန်၊ ဖက်ဒရယ်ပြည်ထောင်စုကို အခြေခံသည့် မြေယာဥပဒေနှင့် ညီညွတ်မှုမရှိသော မြေယာဆုံးရှုံးမှုများ၊ မြေယာသိမ်းဆည်းမှုများကို ကာကွယ်ရန်နှင့် တောင်သူလယ်သမားများ ရသင့်ရထိုက်သော အခွင့်အရေးများကို တောင်သူလယ်သမားများ ကိုယ်တိုင်အပြည့်အဝ ဖန်တီးနိုင်အောင် တည်ဆောက်ရန် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခြင်းဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ စိုက်ပျိုးရေးပညာရှင်၊ စီးပွားရေးပညာရှင်၊ ဥပဒေပညာရှင်များ၊ တောင်သူလယ်သမား သမဂ္ဂနာယကမှ အဖွဲ့ဝင်များ၊ အတွင်းရေးမှူးအဖွဲ့ဝင်များ၊ မြို့နယ်များမှ တောင်သူလယ်သမားသမဂ္ဂကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ဗဟိုညီလာခံကို လေးရက်ကြာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(မြန်/ဆက်)**

## မဒေါက်မြို့တွင် မြစ်ရေကျဆင်းနေသော်လည်း အနယ်နယ်အရပ်ရပ်အလှူရှင်များက ဆက်လက်လှူဒါန်း

**မဒေါက် ဩဂုတ် ၁၂**

မဒေါက်မြို့တွင် စစ်တောင်းမြစ်ရေသည် ဩဂုတ် ၁၁ ရက်က ပြန်လည်လျော့ကျနေပြီဖြစ်သည်။ အဆိုပါမြစ်ရေကျဆင်းနေသော်လည်း ယခုအခါ မဒေါက်မြို့ ရေဘေးကယ်ဆယ်ရေး ကွပ်ကဲရေးစခန်းသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်လှူဒါန်းကြသူများမှာလည်း ဆက်လက်လှူဒါန်းဆဲဖြစ်ကာ စေတနာရှင်များ လာရောက်လှူဒါန်းသော ကယ်ဆယ်ရေးပစ္စည်းများအား မြို့နယ်အတွင်း ရေမြုပ်ဆဲဒေသများသို့ ဆက်လက်ခွဲဝေလှူဒါန်းလျက်ရှိကြောင်း သိရသည်။

မဒေါက်မြို့ရေဘေးကယ်ဆယ်ရေးကွပ်ကဲရေးစခန်းရုံးသို့ ဩဂုတ် ၁၁ ရက် ညနေ ၄ နာရီအထိ Alpha Co.,Ltd မှ ကျပ်သိန်းတစ်ရာတန်ဖိုးရှိ အသင့်စားသောက်ကုန်ပစ္စည်းများ လှူဒါန်းခဲ့သည်။ ထို့အပြင်ကိုရီးယား Multi- Gate Service Co., Ltd ကုမ္ပဏီနှင့် သင်္ဘောသားများစုပေါင်း၍ အစားအသောက်နှင့် လူသုံးကုန်ပစ္စည်းများ ကျပ်သိန်းတစ်ရာကျော်ခန့်၊ ရွှေသဇင်ကုမ္ပဏီမှ စားသောက်ကုန်ပစ္စည်းမျိုးစုံ ငွေကျပ် ၅၂ သိန်းငါးသောင်း၊ မြန်မာ့ဩဘာကုမ္ပဏီမှ စားသောက်ကုန်ပစ္စည်းမျိုးစုံ ငွေကျပ်သိန်း ၅၀၊ မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီက အစားအသောက်နှင့် ဆေးဝါးမျိုးစုံ ငွေကျပ်သိန်း ၅၀၊ ကြံ့နှစ်ကောင်ဘိလပ်မြေစက်ရုံမှ ငွေကျပ် ၂၅ သိန်း၊ ဒေါ်ခြောက်ထောင်အား အမှူးထား၍ သား/သမီး များမှ ငွေကျပ် ၂၀ သိန်း၊ ညောင်လေးပင်မြို့ ဆရာဝန်ကြီး ဒေါက်တာသောင်းဒန်ဦးနှင့် မိတ်ဆွေဆရာဝန်များက ငွေကျပ် ၁၇သိန်း၊ တောင်ငူ GTI ကျောင်းသားဟောင်းများက ငွေကျပ် ၁၅ သိန်း၊ ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ စုပေါင်းလှူဒါန်းငွေကျပ် ၉၅၅၀၀၀၊ UNI Ko Co.,Ltd မှ ဦးလွင်ကိုဦး၊ ဒေါ်မြမြစိုးမိသားစုက ရေဘေးသင့်ကျောင်းပေါင်း ၄၅ ကျောင်းအတွက် တန်ဖိုးငွေကျပ် သိန်း ၁၀၀ တန်ဖိုးရှိ ကျောင်းဝတ်စုံ ၆၂၀၀ တို့ကို လှူဒါန်းခဲ့သည်။ ဩဂုတ် ၁၁ ရက် ညနေ ၄ နာရီအထိ ရေဘေးကယ်ဆယ်ရေးကွပ်ကဲရေးစခန်းကော်မတီများက ရေဘေးသင့်အိမ်ထောင်စု ၃၅၇၉ စု၊ လူဦးရေ ၁၆၉၁၉ ဦးသို့ လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။ အလားတူ ရွှေကျင်မြို့တွင် မိုးအဆက်မပြတ်ရွာသွန်းပြီး ရွှေကျင်မြစ်နှင့်စစ်တောင်းမြစ် မြစ်ရေမြင့်တက်မှုကြောင့် ဇူလိုင် ၂၄ ရက်မှစ၍ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ အိမ်ထောင်စုပေါင်း ၅၇၆၈ စု၊ လူဦးရေ ၂၇၂၂၆ ဦးအား မြို့ပေါ်နှင့် ကျေးရွာရေဘေးကယ်ဆယ်ရေးစခန်းပေါင်း ၅၄ ခု နေရာချထားပေးခဲ့ရသည်။ ဩဂုတ် ၁၀ ရက်တွင် ရေကျလာပြီးနောက် ကယ်ဆယ်ရေးစခန်းများမှ အိမ်ထောင်စု ၅၆၃၉ စုနှင့် လူဦးရေ ၂၆၅၃၄ ဦးတို့ မိမိနေအိမ်များ၌ ပြန်လည်နေထိုင်ကြပြီဖြစ်ကြောင်း သိရသည်။

**ပိန်းဇလုပ်-သိန်းညွန့်**

# မြန်မာနိုင်ငံသတင်းစာဆရာအသင်း ကရင်ပြည်နယ်ရှိ ရေဘေးသင့် ပြည်သူများအား လှူဒါန်း

**ဘားအံ ဩဂုတ် ၁၂**

မြန်မာနိုင်ငံသတင်းစာ ဆရာအသင်း (MJA)က ဦးဆောင်၍ ဩဂုတ်၁၂ ရက်က ရေဘေးသင့်ဒေသများထဲမှ ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ ဖဲကတာကျေးရွာအရောက် ကယ်ဆယ်ရေးပစ္စည်းများနှင့် အလှူငွေများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

“ကျွန်တော်တို့အသင်းက သွားလှူဖို့ ရွေးချယ်ခဲ့တဲ့နေရာက သွားလာရေးအနည်းငယ်ခက်ခဲပါတယ်။ အလှူရှင်တွေ အရောက်နည်းတဲ့ ဒေသကို ရွေးချယ်ပြီး အချိန်ပေး လာရောက်လှူဒါန်းရခြင်းဖြစ်ပါတယ်။ အဓိကရည်ရွယ်ချက်က ကျွန်တော့်နိုင်ငံသားတွေ သဘာဝဘေးကျရောက်နေချိန်မှာ စာနာစိတ်နဲ့ အားပေးရင်း နိုင်သလောက် ထောက်ပံ့ပေးအပ်ခဲ့တာ ဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံ သတင်းစာဆရာအသင်း အထွေထွေအတွင်းရေးမှူး ဦးသာဇော်က ပြောသည်။




မြန်မာနိုင်ငံသတင်းစာဆရာအသင်းဝင်များ ဘားအံမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်ထောက်ပံ့စဉ်။

အဆိုပါ ရေဘေးထောက်ပံ့မှု အစီအစဉ်ကို တစ်နိုင်ငံလုံးရှိ မြန်မာနိုင်ငံ သတင်းစာဆရာအသင်းဝင်များ၏ အဓိက လှူဒါန်းထည့်ဝင်ငွေနှင့် စေတနာရှင်များ ပူးပေါင်းပါဝင်လှူဒါန်းမှုဖြင့် ကရင်ပြည်နယ် ဘားအံမြို့နယ် ဖဲကတာကျေးရွာမှ ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၃၀ နှင့် ရေသန့်၊ စားသောက်ကုန်၊ အဝတ်အထည်နှင့် ဆေးဝါးများ (ကာလတန်ဖိုး ငွေကျပ်သိန်း ၇၀ ) စုစုပေါင်း လှူဒါန်းငွေကျပ်သိန်း ၁၀၀ ကို ရေဘေးသင့်ပြည်သူများ လက်ဝယ်အရောက် ပေးအပ်ထောက်ပံ့ခဲ့ကြသည်။

ရေဘေးထောက်ပံ့ရေးအစီအစဉ်သို့ မြန်မာနိုင်ငံ သတင်းစာဆရာအသင်းမှ ဗဟိုအလုပ်အမှုဆောင်များနှင့် အသင်းဝင် ၄၀ လိုက်ပါလုပ်အားဒါနပြုခဲ့ကြကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**

# ကမာရွတ်မြို့နယ်တွင် ဘောလုံး၊ စစ်တုရင်နှင့် မာရသွန်အပြေးပြိုင်ပွဲများ ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၂**

၂၀၁၈ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက် ၂၀ နှစ်အောက် ရပ်ကွက်ပေါင်းစုံဘောလုံးပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲနှင့် မာရသွန်ပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က အမှတ် ၉ ရပ်ကွက်သထုံကွင်း၌ ကျင်းပရာ မြို့နယ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးက အမှာစကားပြောကြားသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို TTC ကွင်း၊ စစ်တုရင်ပြိုင်ပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံးနှင့် မာရသွန်ပြိုင်ပွဲကို ရန်ကုန်တက္ကသိုလ် အဓိပတိလမ်းထိပ်တို့တွင် ကျင်းပမည်ဖြစ်ပြီး ဩဂုတ် ၁၈ ရက်တွင် ထူးချွန်ဆုများ ပေးအပ်မည်ဖြစ်သည်။

**ခင်မောင်သော်(ကမာရွတ်)**

# “လူကြမ်းတစ်ယောက်ရဲ့ ဒိုင်ယာရီ ” ရုပ်ရှင်ဇာတ်ကား ဩဂုတ် ၁၇ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်



ဒါရိုက်တာသားညီ



သရုပ်ဆောင် လူမင်း



သရုပ်ဆောင် ယုန်လေး



သရုပ်ဆောင် ဘေဘီမောင်



သရုပ်ဆောင် ထားထက်ထက်

**ရန်ကုန် ဩဂုတ် ၁၂**

D´PER MOE FILM PRODUCTION မှ ထုတ်လုပ်သည့် “လူကြမ်းတစ်ယောက်ရဲ့ ဒိုင်ယာရီ”ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြို မိတ်ဆက်ပွဲ အခမ်းအနားကို ဩဂုတ် ၁၁ ရက် နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး ဩဂုတ် ၁၇ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့် ရုပ်ရှင်ရုံကြီးများ တွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားကို ဒါရိုက်တာသားညီက ရိုက်ကူးထားခြင်းဖြစ်ပြီး ကိုးကွယ်ရာဘာသာ တရားများ မတူညီသော်လည်း စစ်မှန်သည့် ချစ်ခြင်းမေတ္တာကို အခြေခံထားရှိမှုကြောင့် အခက်အခဲ အတားအဆီးများကို ဖြတ်ကျော်ကာ လူငယ် ချစ်သူနှစ်ဦး ပေါင်းဖက်ကြရပုံကို ပညာပေး အနေဖြင့် ရိုက်ကူးထားခြင်းဖြစ်သည်။

ယင်း ရုပ်ရှင်ဇာတ်ကားတွင် လူမင်း၊ ယုန်လေး၊ ထားထက်ထက်၊ ထူးခြား၊ ဂျိုကာ၊ ဘေဘီမောင်နှင့် အခြားသော အနုပညာရှင်များပါဝင်ပြီး ဘာသာ တရား၏ အနှစ်ချုပ်ဖြစ်သော ငြိမ်းချမ်းမှုနှင့် ချစ်ခြင်းမေတ္တာတရားသည်သာ အဓိက အရေးကြီး ကြောင်းတို့ကို ပေါ်လွင်အောင် ပုံဖော်ရိုက်ကူးထား သည့် လူငယ်အချစ် ဇာတ်လမ်း ရုပ်ရှင်ဇာတ်ကားကြီး ဖြစ်သည်။

ဒါရိုက်တာ သားညီက“ဘာသာရေး အစွန်း ရောက်တဲ့ ခရစ်ယာန်ဖခင်ကြီးတစ်ဦးရဲ့ သမီးကို သွားချစ်မိတဲ့ ဗုဒ္ဓဘာသာကောင်လေးတစ်ယောက် ရဲ့ အကြောင်းပါ။ လွန်ခဲ့တဲ့ လေးနှစ်လောက်က ရိုက်ထားတဲ့ ကားဆိုပေမယ့် ဒီကားလေးကို ပြန်ကြည့်တဲ့အခါမှာ ၈၀ ရာခိုင်နှုန်း ကျေနပ်မှုရှိပါ တယ်။ ဇာတ်လမ်းသဘောအရဆိုရင်တော့ အခု အချိန်ထိ ခေတ်မီနေတုန်းပါ။ ရိုက်ချက်တွေ၊ တင်ဆက်ပုံတွေကတော့ ခေတ်မမီတော့သလို ခံစားရတယ်။ အခုအချိန်မှာတော့ ဒီထက်ပိုပြီး တော့ ရိုက်ပြလိုက်ရမှာလို့ ကိုယ့်ကိုယ်ကိုယ် အားမလိုအားမရ ဖြစ်တယ်။ ဒါကတော့ ဇာတ်ကား တိုင်းလိုလိုပါပဲ။ အဲဒီအချိန်တုန်းကတော့ ကိုယ်တတ်သလောက် ရိုက်ခဲ့တာပါ။ အခက်အခဲ တွေကတော့ အများကြီးကြုံခဲ့ရပါတယ်။ ဒီဇာတ် ကားကို ရုံပေါ်တောင် ရောက်မလာတော့ဘူးလို့ ထင်ထားတာ။ ရိုက်တဲ့အချိန်မှာလည်း တစ်ဦးနဲ့ တစ်ဦး စိတ်သဘောထားမတူတာတွေ ကြုံခဲ့ရ တယ်။ ဒါပေမယ့်လည်း နောက်ပိုင်းမှာအဆင်ပြေ သွားပြီး သေချာလုပ်ခဲ့တာကြောင့် အခုဆိုရင်ရုံ ပေါ်ကို ရောက်ခဲ့ပါပြီ။ အမှတ်တရတွေလည်း အများကြီးရှိခဲ့ပါတယ်။ အကြောင်းအရာကတော့ ငြိမ်းချမ်းရေးပါ။ ဘယ်ဘာသာပဲ ကိုးကွယ်ပါစေ အဓိကကတော့ မေတ္တာတရားဟာ အရေးအကြီး ဆုံးပဲဆိုတာကို ပြောချင်တာပါ။ ဘာသာတရားကို အခြေခံပြီး ရိုက်ထားတဲ့အတွက် ဘာသာရေးနဲ့ ပတ်သက်တဲ့ လူကြီး၊ လူငယ်အကုန်လုံးကို ဖိတ်ခေါ် ပါတယ်။ ကျွန်တော်တို့ကို ဝေဖန်ပေးပါ။ မှားနေတာ တွေ့ရင် ထောက်ပြပါ။ ပရိသတ်တွေရဲ့ ဝေဖန် အကြံပေးမှုတွေနဲ့ ကျွန်တော်တို့ ပြုပြင်ပြောင်းလဲ ရမှာပါ ” ဟုပြောသည်။




သရုပ်ဆောင် လူမင်းက“ ဒီကားမှာ သမီးကို အလွန်ချစ်တဲ့ ဘာသာရေးနည်းနည်း အစွန်း ရောက်တဲ့ ခပ်ကြမ်းကြမ်း အဖေတစ်ယောက်နေရာ က သရုပ်ဆောင်ထားပါတယ်။ အဓိကကတော့ လူငယ်အချစ်ဇာတ်လမ်းလေးပါ။ ဒါပေမယ့် အဲဒီထဲ မှ ဖခင်တစ်ဦးရဲ့ မေတ္တာတွေ၊ ဘာသာရေးဆိုင်ရာ ယုံကြည်မှုလွန်ကဲတဲ့အခါ လူငယ်တွေရဲ့ အချစ် ကြားမှာ အနှောင့်အယှက် အဟန့်အတားဖြစ်တဲ့ အကြောင်းအရာတွေ၊ ဘယ်ဘာသာတရားမဆို အချစ်၊ မေတ္တာနဲ့ ငြိမ်းချမ်းရေးက အဓိကကျတယ် ဆိုတာမျိုးတွေကို လူငယ်တွေရဲ့အမြင်နဲ့ တင်ဆက် ထားတာပါ။ ဒီခေတ်လူငယ်တွေရဲ့ ချစ်သူဘဝကို တိုက်ရိုက်ထင်ဟပ်စေတဲ့ ကားလေးပါ။ လူငယ်တွေ ရဲ့ ချစ်ခြင်းမှာတကယ့်စစ်မှန်တဲ့ ချစ်ခြင်းတရား မှန်ကန်ရင် နောက်ဆုံးမှာ ပေါင်းဖက်ရတယ်ဆိုတာ မျိုးလေးပါ။ ဒီကားလေးမှာ ပါဝင်သူ အားလုံးရဲ့ ပထမဆုံးရုပ်ရှင် ဆိုတာမျိုးတွေများတယ်။ ဥပမာ- ဒါရိုက်တာ၊ ယုန်လေးနဲ့ ထားထက်ထက်တို့နဲ့အတူ ကျန်တဲ့ ဇာတ်ပို့တွေရဲ့ ပထမဆုံးရုပ်ရှင်ဇာတ်ကား ဖြစ်တဲ့အတွက် လူငယ်တွေပီပီ တက်ကြွတဲ့စိတ်တွေ နဲ့လုပ်ပေမယ့် အခက်အခဲလေးတွေ၊ ပြဿနာလေး တွေတော့ရှိခဲ့တယ်။ ဒါပေမယ့် နောက်ဆုံးမှာတော့ အခုလိုရုံတင်တဲ့ အဆင့်အထိရောက်အောင် လူငယ်တွေအများကြီး ကြိုးစားခဲ့တဲ့ ရုပ်ရှင်ကား တစ်ကားပါ ” ဟုပြောသည်။

သရုပ်ဆောင် ယုန်လေးက “ လွန်ခဲ့တဲ့ လေးနှစ်က ရိုက်ထားတာဆိုတော့ လက်ရှိကာလနဲ့ နည်းနည်းကွာခြားသွားမှာ စိတ်ပူခဲ့တယ်။ ဒါပေမယ့် ကြည့်လိုက်တော့ အဆင်ပြေတယ်။ ခေတ်နဲ့ ညီနေပါသေးတယ်။ ဒီကားလေးကတော့ ဘာသာရေးအစွန်းရောက်တာမျိုး မရှိသင့်ဘူးဆို တာမျိုးရိုက်ပြထားတာပါ။ အဲဒီအတွက် လူတွေ အစွန်းရောက်တာမျိုးတွေ လျှော့စေချင်ပါတယ်။ ကျွန်တော်တို့အားလုံး တတ်သလောက်ကြိုးစား ထားပါတယ်။ ကျွန်တော်တို့အားလုံးရဲ့ ပထမဆုံး ရုပ်ရှင်ကားပါ။ ပုံမှန်မြင်နေကျ ရိုက်ကွင်းနေရာမျိုး တွေမဟုတ်ဘဲ မရိုက်ဖူးတဲ့ နေရာတွေမှာ ရိုက်ခွင့် ရအောင် ကြိုးစားပြီးရိုက်ခဲ့တာပါ”ဟု ပြောသည်။

သရုပ်ဆောင် ထားထက်ထက်က “ ဒီဇာတ် ကားလေးထဲမှာတော့ ရိုးရိုးအေးအေး မိန်းကလေး တစ်ယောက်နေရာကနေပြီး သရုပ်ဆောင်ထားပါ တယ်။ ပထမဆုံးစရိုက်တဲ့ ကားဆိုတော့ အခက် အခဲတွေကတော့ အများကြီးရှိတယ်။ စိန်ခေါ်မှုတွေ အများကြီး ရှိခဲ့ပါတယ်။ Miss ဖြစ်ပြီးတော့ တစ်နှစ်ပြည့်တဲ့အချိန်မှာ ဒီဇာတ်ကားရိုက်ဖို့ ကမ်းလှမ်းခံရပြီး ရိုက်ကူးခွင့်ရခဲ့တာပါ။ အခွင့် အရေးရတဲ့ အချိန်မှာရအောင် ဆုပ်ကိုင်ပြီးတော့ အကောင်းဆုံး ဖြစ်အောင် ကြိုးစားထားတာဖြစ်တဲ့ အတွက် အကောင်းဆုံးဖြစ်လာ လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ရုံတင်တဲ့အခါမှာ ပရိသတ်တွေ အနေနဲ့ အားပေးဖို့ မျှော်လင့်ပါတယ်”ဟုပြော သည်။

သရုပ်ဆောင် ဘေဘီမောင်က “ ဒီကားလေး ထဲမှာ ခပ်ဟော့ဟော့ မိန်းကလေးပုံစံမျိုးလေး သရုပ်ဆောင်ထားပါတယ်။ ပြင်းပြင်းထန်ထန်ကြီး တော့ မရှိပါဘူး။ ယုန်လေးက ကိုယ့်အစ်ကိုလို ဖြစ်နေတာကြောင့်လာပြီး ပါဝင်ကူညီပေးတဲ့ သဘောပါ။ အခန်းကတော့ နည်းပါတယ်။ ဒါပေမယ့် ကိုယ်ပါဝင်ခွင့်ရတဲ့အချိန်မှာ အကောင်း ဆုံးဖြစ်အောင် ကြိုးစားပြီးတော့ သရုပ်ဆောင် ထားပါတယ်။ လွန်ခဲ့တဲ့ လေးနှစ်တုန်းက ရိုက်ထား တာဆိုတော့ ကိုယ်ကလည်း ငယ်သေးတယ်။ ရိုက်ထားတာကလည်း ခပ်ဟော့ဟော့ဆိုတော့ ဇာတ်ကောင်စရိုက်နဲ့ လိုက်ဖက်တယ်လို့ခံစား ရတယ်။ အခက်အခဲရှိတာတွေကိုလည်း ဒါရိုက်တာ ကိုသားညီက သင်ပြပေးတော့ အကုန်လုံးအဆင် ပြေပါတယ်။ ဘာသာချင်းမတူပေမယ့် ချစ်ခြင်း မေတ္တာကို အဓိကထားပြီးတော့ ပေါင်းစပ်မယ်ဆို ရင် အရာအားလုံးဟာ အဆင်ပြေပါတယ်ဆိုတဲ့ ကားလေးပါ” ဟုပြောသည်။

ဇာတ်လမ်းအကျဉ်းအနေဖြင့် စည်သူတင်လတ်သည် ထူးချွန်သော ကွန်ပျူတာဟက်ကာ တစ်ယောက်ဖြစ်၏။ တစ်နေ့တွင် သူ့မိတ်ဆွေ ပြည့်စုံဆိုသူက Black Ghost ဂိုဏ်းမှ ဝေဠုကို ခေါ်လာပြီး စည်သူထံတွင် အလုပ်အပ်သည်။ အလုပ်က သတင်းမီဒီယာတစ်ခု၏ ဝက်ဘ်ဆိုက် ထဲထိုးဖောက်ဝင်ရောက်ပြီး Attack လုပ်ပေးရန် ဖြစ်သည်။ ထိုသတင်းမီဒီယာက သူတို့ဂိုဏ်း အကြောင်း သတင်းမှားများ ရေးသားနေသော ကြောင့်ဖြစ်၏။ စည်သူကအလုပ်ကို လက်ခံလိုက်ပြီး ၁၅ မိနစ်အတွင်း အပြီးလုပ်ပြလိုက်သည်။

Black Ghost ဂိုဏ်း၏ခေါင်းဆောင် Freddie အောင်ထိပ်တွင် လှပနူးညံ့အေးဆေး သော သမီးချောလေးတစ်ယောက် ရှိသည်။ ထိပ်ထားမေရီဟု ခေါ်၏။ ထိပ်ထားမေရီသည် ရိုင်းစိုင်းကြမ်းကြုတ်မှုများကိုမကြိုက်၊ သူ့ဖခင်၏ လုပ်ပုံများကိုလည်းမကြိုက်၊ သို့သော် ဖခင်ဖြစ်သူ က သူ့ကိုလွန်စွာ ချစ်မှန်းသိသောကြောင့် ဘာမှ မပြောသာ၊ ရန်ပွဲတစ်ခုတွင် ထိပ်ထားမေရီ၏ ဓာတ်ပုံကို စည်သူတင်လတ်က ကောက်ရပြီး စုံစမ်းရာ ထိပ်ထားမေရီသည် Black Ghost ဂိုဏ်းခေါင်းဆောင် ဦးအောင်ထိပ်၏ သမီးမှန်း သိလိုက်ရ၏။

သူသွားလေ့သွားထရှိသော နေရာသို့ နောက်ယောင်ခံလိုက်ရာ Church တွင် ထိပ်ထား မေရီကိုတွေ့ပြီး ထိပ်ထား၏ အချစ်ကိုရရှိရန် ကြိုးစားပမ်းစားလုပ်ရတော့မည်ကို လူကြမ်း တစ်ဦးဖြစ်သည့် စည်သူတင်လတ်က သဘော ပေါက်သွားသည်။

ထို့နောက် ကိုးကွယ်ရာဘာသာမတူညီသည့် ထိပ်ထား၏ အချစ်ကိုရရှိရန် ကြိုးစားခဲ့ပုံ၊ ဘာသာ ရေးအစွန်းရောက်တစ်ဦးဖြစ်သည့် ထိပ်ထား၏ ဖခင်နှင့် ရင်ဆိုင်ဖြေရှင်းခဲ့ပုံ၊ ချစ်သူနှစ်ဦး၏ စစ်မှန် သော ချစ်ခြင်းမေတ္တာကြောင့် အခက်အခဲများကို ကျော်ဖြတ်ကာ ပေါင်းဖက်ရပုံတို့ကို ပုံဖော်ရိုက်ကူး ထားသည့် လူငယ်အချစ်ဇာတ်လမ်း ရုပ်ရှင်ဇာတ် ကားကောင်းတစ်ကားဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး**
**ဓာတ်ပုံ-ဖေဇော်**

# အာရှအားကစားပြိုင်ပွဲ၌ မြန်မာဘော်လီဘောအသင်း ကာဇက်စတန်နှင့် စတင်ကစားရမည်

**နေပြည်တော် ဩဂုတ် ၁၂**

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် အာရှအားကစား ပြိုင်ပွဲ အမျိုးသားဘော်လီဘောပြိုင်ပွဲကို ဩဂုတ် ၁၉ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာ့ လက်ရွေးစင် အမျိုးသားဘော်လီဘောအသင်း သည် ကာဇက်စတန်အသင်းနှင့် စတင်ကစားရ မည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အသင်း ၂၀ ပါဝင်ယှဉ်ပြိုင် မည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (ဂ) တွင် ဂျပန်၊ ကာဇက်စတန်တို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။ ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာဘော်လီဘောအသင်းသည် ဩဂုတ် ၂၀ ရက်တွင် ကာဇက်စတန်အသင်း၊ ဩဂုတ် ၂၄ ရက် တွင် ဂျပန်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ မြန်မာအသင်းသည် အာရှထိပ်သီး အသင်းများနှင့် တစ်အုပ်စုတည်းကျရောက်နေ သောကြောင့် အုပ်စုပွဲများတွင် ရလဒ်ကောင်းရရန် ရုန်းကန်ရဖွယ်ရှိနေသည်။ အာရှအားကစား ပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသား ဘော်လီဘောအသင်းတွင် **အုပ်ချုပ်သူ-** ဦးသိန်း ဝင်း၊ **နည်းပြချုပ်-** ဦးကျော်စွာဝင်း၊ **လက်ထောက် နည်းပြ-** ဦးစိုင်း ညီလေး၊ **ကစားသမားများအဖြစ်** အောင်သူ၊ ဒိုမေနီးကို၊ သွင်ထူးဇင်၊ ခွဲခြားမောင်၊ ဇော်ထက် အောင်၊ နေလင်းအောင်၊ စံညွှန်းမောင်၊ ညီညီစံ၊ ဇော်ဝင်းလှိုင်၊ဇော်လွင်ထွန်း၊ ရထိုက်ဝေနှင့် အောင်ဖြိုးတို့ ပါဝင်ကြသည်။ **ရဲရင့်ရှိုင်း**

# ပေါင်မြို့နယ်၌ ထူးကဲဒီရေကြောင့် အိမ် ၃၇ လုံး ပြိုကျပျက်စီး

**သထုံ ဩဂုတ် ၁၂**

မွန်ပြည်နယ် ပေါင်မြို့နယ် အလုပ်ကျေးရွာတွင် ဩဂုတ် ၁၂ ရက် ညနေ ၃ နာရီက ထူးကဲဒီရေ တက်သဖြင့် အိမ် ၃၇ လုံး ပြိုကျပြီး လူ ၂၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်သွားကြောင်း သိရသည်။

ယင်းအပြင် အလုပ်တိုက်နယ်ဆေးရုံအတွင်း ရေများ ဝင်ရောက်မှုကြောင့် ဆေးရုံမှလူနာ ၂၅ ဦးအား အလုပ်ဘုန်းတော်ကြီးကျောင်းသို့ပြောင်း ရွှေ့ထားရကြောင်းနှင့် ဌာနဆိုင်ရာများနှင့် လူမှုရေး အဖွဲ့အစည်းများက သွားရောက်ကူညီဆောင်ရွက် ခဲ့ကြောင်း သိရသည်။ **၁၃၈**



**ဒီရေကြောင့် ရွှေ့ပြောင်းရသည့် အိမ်များအား ကူညီကယ်ဆယ်ရေးအဖွဲ့များက ဝိုင်းဝန်း ရွှေ့ပြောင်းပေးနေစဉ်။**

## မြန်မာ့ရုပ်မြင်သံကြား

၁၃-၈-၂၀၁၈ (တနင်္လာနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း ၀၀ - Breakfast News
၇း ၃၅ - MRTV Travelogue
၉း ၄၅ - ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ Victoria Falls (Zim ba bwe)
၁၀း၃၀ - စိုက်ပျိုးရေးရာအဖြေရှာ "သရက်စိုက်ပျိုးရေးနှင့် တန်ဖိုးမြင့်ထုတ်ကုန် အကြောင်းသိကောင်းစရာ"
၁၁း၁၅ - ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၅း၀၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း -၈၂) (ဇာတ်သိမ်းပိုင်း)

**ညပိုင်း**

၁၆း၂၅ - အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာတတိယနှစ် (ဒဿနိကဗေဒအထူးပြု) (ဒဿနိကဗေဒ)
၁၆း၄၅ - "ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ (၇၀)
၁၇း၃၀ - Yes or No Talk Show
၁၈း၃၅ - ဥပဒေရေးရာ အဖြာဖြာ "ပြည်သူများအကြား သိမှတ်ဖွယ်ရာဥပဒေစကားဝိုင်း(၂) ဦးဟန်ညွန့်(ဥပဒေ)တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်၊ ခင်ဖြူဖြူသန့်၊ ဝေဖြိုးဟိန်း) ဒါရိုက်တာ -ဝေဋ္ဌ(ဝသန်)
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၃၃)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - "စီးပွားရေးစကားဝိုင်း" (ကုန်သွယ်ဖွံ့ဖြိုးစီးပွားတိုး) (ပထမပိုင်း)
- ရာဇဝင်ထဲကသမိုင်း အနုပညာ "ဆယ်ပွင့်ပန်း" (ပန်းယွန်းလုပ်ငန်း)
- နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝတစ်ခုအချစ်တစ်ခု" (အပိုင်း-၅)


လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့

မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့

စက်တင်ဘာလ ၁၃ ရက်

လူကုန်ကူးမှုပပျောက်ရေး ပြည်သူအားလုံး ပါဝင်ပေး။


## ကောလင်းနှင့် သဃ်န်းကျွန်းမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ချောင်းနားရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၀ ရက် ညနေ ၄ နာရီက ကောလင်းမြို့နယ် ကျေးအင်းကျေးရွာလမ်းတွင် ခင်မောင်ရွှေ မောင်နှင်ပြီး အောင်ဆန်းဦး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ခင်မောင်ရွှေထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၅ ပြား၊ ဓားဦးချွန်တစ်ချောင်း၊ မြန်မာငွေကျပ် ၂၀၀၀၀နှင့် တူမီးသေနတ်အတိုတစ်လက်တို့ကိုလည်းကောင်း၊ ဩဂုတ် ၁၀ ရက် ညပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလာလမ်းမတွင် တွေ့ရှိသူ သန့်ဇင်ထွန်း(ခ) အဒူလ်ဆတ်သားကို ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၊ ငွေကျပ် ၃၅၁၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ စိတ်ကြွရူးသွပ်ဆေးပြားများရောင်းချပေးသူ မရင်ရင်ထွေးကို သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(က) ရပ်ကွက်စကားဝါလမ်းရှိ နေအိမ်တွင် ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အားဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## သန်လျင်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ရန်ကုန် ဩဂုတ် ၁၂**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ဘုရားကုန်းကျေးရွာ၌ ဩဂုတ် ၁၁ ရက်က မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ နှစ်ကြိမ် ဖမ်းဆီးရမိကြောင်း သန်လျင်မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ သန်လျင်မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုတိယရဲအုပ် မျိုးအောင်နှင့် ရဲတပ်ဖွဲ့ဝင်များသည် သန်လျင်မြို့ ဘုရားကုန်းကျေးရွာ ကျောက်ရေတွင်းကွက်လမ်းတွင် ဩဂုတ် ၁၁ ရက် ညနေ ၄ နာရီခွဲက သီဟအောင် (ခ) ချမ်းလေး (၂၅ နှစ်)ကျောက်ရေတွင်းကွက်သစ် (ကျူး) ဘုရားကုန်းကျေးရွာ သန်လျင်မြို့နယ် နေသူအားစစ်ဆေးရာ စိတ်ကြွရူးသွပ် ဆေးပြားငါးပြားနှင့် မူးယစ်ဆေးဝါး အသုံးပြုသည့် ဆက်စပ် ပစ္စည်းများ အပါအဝင် ငွေကျပ် ၂၈၉၅၀ အား ရှာဖွေတွေ့ရှိ သိမ်းဆည်းခဲ့သည်။

အလားတူ ဩဂုတ် ၁၁ ရက် ညနေ ၄ နာရီ မိနစ် ၅၀ က သန်လျင်မြို့ ဘုရားကုန်းကျေးရွာ ကျောက်ရေတွင်းကွက်သစ်လမ်း၊ လူမနေသည့် နေအိမ်အတွင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ အဆိုပါရပ်ကွက်နေသူ ကျော်ရဲအောင်ထွေး (၂၃ နှစ်) နှင့် ဝင်းထွဋ်ဦး (ခ) ဝက်ကြီး (၁၄ နှစ်) ရွှေပေါက်ကျွန်းလမ်း၊ ဘုရားကုန်းကျေးရွာ သန်လျင်မြို့နေသူတို့အား တွေ့ရှိရသဖြင့် စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၁ ပြားနှင့် ဆက်စပ်ပစ္စည်းများ၊ ငွေကျပ် ၁၄၀၀၀နှင့် ဖုန်းနှစ်လုံးတို့အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိသူ သုံးဦးအား သန်လျင်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

## မိုးညှင်းမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**မိုးညှင်း ဩဂုတ် ၁၂**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်၌ ဩဂုတ် ၁၂ရက် နံနက်၆နာရီက မူးယစ် ဆေးဝါးသတင်းအရ နေအိမ်တွင် ဝင်ရောက်ရှာဖွေရာမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၆၅ ပြား သိမ်းဆည်းရမိကြောင်း သိရသည်။



ဖြစ်စဉ်မှာ မိုးညှင်းခရိုင် မှုခင်းနှိမ်နင်းရေးတပ်ဖွဲ့မှ ရဲအုပ်စိုးဝင်းဦးစီးသည့် တပ်ဖွဲ့ဝင်များသည် သတင်းအရ မိုးညှင်းမြို့နယ် လောဆွန့်ကျေးရွာနေ ဒေါ်ချောလှိုင်(၅၈ နှစ်)၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ၎င်းအား နေအိမ်တွင် တွေ့ရှိရပြီး မငန်းလိတ်(ခ)တရုတ်မ (၂၂ နှစ်)၏ အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၆၅ ပြားနှင့် မူးယစ်ဆေးဝါးရောင်းချရသည့် ငွေကျပ်ရှစ်သိန်းအား သိမ်းဆည်းရမိခဲ့သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ မူးယစ်ဆေးဝါးလက်ဝယ်ထားရှိသူ ဒေါ်ချောလှိုင်နှင့် မငန်းလိတ်(ခ)တရုတ်မတို့နှစ်ဦးအား မိုးညှင်းမြို့မရဲစခန်းက အမှုဖွင့်အရေး ယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## ကျိုင်းတုံမြို့၌ အလုပ်သမားတစ်ဦး ဓာတ်တိုင်ပေါ်မှ ပြုတ်ကျသေဆုံး

**ကျိုင်းတုံ ဩဂုတ် ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ယန်းလောကျေးရွာအုပ်စု ဝေါ်ခုတ်မြို့သစ်ရပ်ကွက်၌ ဩဂုတ် ၁၁ ရက်က အလုပ်သမားတစ်ဦး ဓာတ်တိုင်ပေါ်မှ ပြုတ်ကျသေဆုံးမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ပြုတ်ကျသေဆုံးသူ ကိုဂျူးနှင့် အလုပ်သမားများသည် လုံးပတ်ရှစ်လက်မခန့်နှင့် အမြင့် ၂၄ ပေခန့်ရှိသည့် ဓာတ်တိုင်များ၌ DB Box တပ်ဆင်ရန် ဓာတ်တိုင်တစ်တိုင်လျှင် အလုပ်သမားတစ်ဦးနှုန်းဖြင့် အလုပ်လုပ်နေစဉ် ဓာတ်တိုင်ပေါ်မှ ပြုတ်ကျသေဆုံးသွားခြင်းဖြစ်သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ကျိုင်းတုံမြို့မရဲစခန်းကအမှုဖွင့်ကာ ပြည်သူ့ဆေးရုံတွင် စစ်ဆေးနေကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

## ပန်းတောင်းမြို့နယ်တွင် ဘုရားဖူးယာဉ်တစ်စီး နောက်ပြန်လိမ့်ကျတိမ်းမှောက် ၁၈ ဦး ဒဏ်ရာရ

**ပန်းတောင်း ဩဂုတ် ၁၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ပြည်-ကံမ ကားလမ်း၌ ဩဂုတ် ၁၁ ရက် နံနက် ၉ နာရီခန့်က ဗောဓိတစ်ထောင်(ဒီပါအေးဘုရား)သို့ ဖူးမြော်ရန် လာရောက်သော ဘုရားဖူးယာဉ်တစ်စီး နောက်ပြန်လိမ့်ကျတိမ်းမှောက်ခဲ့ရာ လိုက်ပါလာသူ ၁၈ ဦးဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပြည်မြို့နယ် ပေါင်းတလည်မြို့နေသူအောင်ပြည့်စုံ(၂၈ နှစ်) မောင်းနှင်ပြီး ယာဉ်ပေါ်တွင် ဘုရားဖူးခရီးသည် ၄၅ ဦးခန့် တင်ဆောင်လာသော BA/----- ကင်းတားယာဉ်သည် ပြည်- ကံမကားလမ်းအတိုင်းမောင်းနှင်လာစဉ် ဗောဓိတစ်ထောင်(ဒီပါအေးဘုရား)အနီး ကုန်းတက်အရောက် နောက်ပြန်လိမ့်ကျသွားခဲ့ခြင်းဖြစ်ပြီး ယာဉ်တိမ်းမှောက်မှုကြောင့် လိုက်ပါလာသူ ၁၈ ဦးခန့် (မစိုးရိမ်ရ) ဒဏ်ရာများ ရရှိသွားခဲ့ကြောင်းသိရ၍ ပန်းတောင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



## ဒက္ခိဏသီရိမြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၂**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၁ ရက် ညနေ ၄ နာရီခွဲက နေပြည်တော်၊ မူးယစ်တပ်ဖွဲ့စု(၁၀၁)မှ ဒုတိယရဲအုပ် အောင်ဖြိုးဝေနှင့် အဖွဲ့သည် (ည့်ဂေဟာ)မှ ရဲအုပ် ဇော်မိုးလွင် အဖွဲ့တို့နှင့် ပူးပေါင်း၍ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာနေ ကြူကြူအေး(ခ)မကြူ (၂၈ နှစ်)နှင့် ဖြူနှင်းခိုင် (၃၄ နှစ်)တို့နှစ်ဦး နေထိုင်သည့်နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ ဘိန်းဖြူအမှုန့် ၀ ဒသမ ၂၂ ဂရမ်ခန့်တစ်ပုလင်း၊ ဖုန်းတစ်လုံးနှင့် မူးယစ်ဆေးဝါးရောင်းချရသည့် ငွေစက္ကူရောရာငွေကျပ် ၁၀၅၀၀၀ တို့အား သိမ်းဆည်းရမိခဲ့သဖြင့် နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်လှိုင်သင်း(နေပြည်တော်)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

## ရေပူစစ်ဆေးရေးအဖွဲ့က အထောက်အထားမဲ့ ဒေါင်းမြီးမွေးသယ်ဆောင်သည့်ယာဉ် စစ်ဆေးတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၁၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၁၁ ရက်တွင် မန္တလေး- မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၀၂ စီး၊ သွင်းကုန် ၇၉၂ စီး၊ ရန်ကုန်- မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၂ စီး၊ သွင်းကုန် ၂၄၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

ဩဂုတ် ၁၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၁၂ ဒသမ ၉၀၀ ခန့်၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၇၆၇ သန်းခန့် စုစုပေါင်း တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ ဒသမ ၆၆၇ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၁၁ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် ဟိုင်ကာဟိုင်းအေ့စ်ယာဉ်တစ်စီးအားစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဒေါင်းမြီးမွေး ၁၂ အိတ်နှင့် အဆိုပါပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂ ဒသမ ၄၀၀ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကျောက်ဆည်မြို့၌ အလုပ်သမားအခွင့်အရေးများရရှိရေး ဆန္ဒထုတ်ဖော်

**ကျောက်ဆည် ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ကြံနှစ်ကောင် ဘိလပ်မြေစက်ရုံရှိ အလုပ်သမား ၁၀၀ ခန့်သည် ဩဂုတ် ၁၂ရက် နံနက်၉ နာရီက ဘောဂဝတီရပ်ကွက် ဂန္ဓာရုံလမ်းမှစတင်၍ ဆင်ပြိုင်ကွင်းအထိ ငြိမ်းချမ်းစွာ စုဝေးစီတန်းလှည့်လည် ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဆင်ပြိုင်ကွင်းအတွင်း စက်ရုံအတွင်း အလုပ်သမားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# ရွှေ့ပြောင်းသွားလာသူများအရေး အီးယူနိုင်ငံများ အတူတူရင်ဆိုင်ကြရန် စပိန်ဝန်ကြီးချုပ် တိုက်တွန်း

**မက်ဒရစ် ဩဂုတ် ၁၂**

ရွှေ့ပြောင်းသွားလာသူများအရေး ဆောင်ရွက်ရာတွင် စုစည်းညီညွတ်ကြရန်နှင့် အတူတူရင်ဆိုင်ကြရန် စပိန်ဝန်ကြီးချုပ် ပက်ဒရို ဆန်ချက်ဇ်သည် အီးယူအဖွဲ့ဝင်များအားလုံးကို တနင်္ဂနွေနေ့က တောင်းဆိုခဲ့သည်။

အီးယူအဖွဲ့ဝင်နိုင်ငံများအတွင်း ဒုက္ခသည်များ လက်ခံရေးမူဝါဒတွင် မညီမျှမှုများ လျှော့ချရန်မှာ အီးယူအဖွဲ့ဝင်နိုင်ငံများ အဓိကထား ဆောင်ရွက်ရမည့်ကိစ္စဖြစ်ကြောင်း ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ် လာရောက်လည်ပတ်စဉ် သတင်းစာရှင်းလင်းပွဲတွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ယင်းကိစ္စမှာ အီးယူအဖွဲ့ဝင်နိုင်ငံများအတွင်း စုစည်းစွာလုပ်ဆောင်မှ အောင်မြင်မှုရမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံတည်းပြုလုပ်၍ မရနိုင်ကြောင်း ၎င်းကပြောခဲ့သည်။ စပိန်နှင့် ဂျာမနီတို့သည် အမြင်ချင်းဖလှယ်နိုင်လိမ့်မည်ဟုလည်း မျှော်လင့်ကြောင်း ၎င်းကဆက်ပြောသည်။

စပိန်နိုင်ငံတောင်ပိုင်း ဆန်လူကာဒီ ဘာရာမီဒါမြို့တွင် စပိန်ဝန်ကြီးချုပ် ဆန်ချက်ဇ်နှင့် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်တို့ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ အီးယူအဖွဲ့ဝင်နိုင်ငံများကြား ဒုက္ခသည်ခွဲဝေလက်ခံရေးကို ညီညီမျှမျှ ဆောင်ရွက်သင့်ကြောင်း၊ ယင်းတို့သည် အီးယူနိုင်ငံများအတွင်း လွတ်လပ်စွာသွားလာနိုင်သင့် ကြောင်း၊ ယင်းကိစ္စမှာ အီးယူနိုင်ငံများကြား စိန်ခေါ်မှုတစ်ရပ်ဖြစ်လာနိုင်ကြောင်း မာကယ်က ပြောခဲ့သည်။

မာကယ်သည် စနေနေ့က စပိန်နိုင်ငံသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ဒုက္ခသည်အဖြစ် ခိုလှုံခွင့်ငြင်းဆိုခံရသည့် အာဖရိကမှ လူများကို အာဖရိကနိုင်ငံများက ပြန်လည်လက်ခံရေး ဆောင်ရွက်မှုမှာလည်း အရေးကြီးကြောင်း ၎င်းကဆက်ပြောသည်။




စပိန်နိုင်ငံသည်လည်း ဒုက္ခသည်များ လက်ခံရမှုအတွက် ဖိအားများနှင့်ရင်ဆိုင်နေရကြောင်း စပိန်ဝန်ကြီးချုပ်က ပြောသည်။ ဥရောပနယ်စပ်နှင့် ကမ်းရိုးတန်းများကို လုံခြုံအောင် ထိန်းသိမ်းထားရုံဖြင့် ဒုက္ခသည်အရေးကို မဖြေရှင်းနိုင်ကြောင်း၊ အာဖရိကနိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်နိုင်ရန် အရေးကြီးကြောင်း မစ္စတာဆန်ချက်ဇ်က ပြောသည်။

**ဆင်ဟွာ**

# တရုတ် - ဂျပန် နှစ် ၄၀ ပြည့် ချစ်ကြည်ရေးအထိမ်းအမှတ် ကျင်းပ

**ပေကျင်း ဩဂုတ် ၁၂**

တရုတ်နှင့် ဂျပန်နိုင်ငံတို့မှ ခေါင်းဆောင်များသည် နှစ်နိုင်ငံခင်မင်ရင်းနှီးမှု စာချုပ်ချုပ်ဆိုခြင်း နှစ် ၄၀ ပြည့် အထိမ်းအမှတ်အတွက် အပြန်အလှန် သတင်းစကားများ ဖလှယ်ကြကြောင်း သိရသည်။

ဂျပန်နိုင်ငံ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် တရုတ်နိုင်ငံဝန်ကြီးချုပ် လီခချန်တို့သည် တနင်္ဂနွေနေ့က အပြန်အလှန် ကြေးနန်းစာများ ပေးပို့ပေးခဲ့ကြောင်း သိရသည်။ နှစ်နိုင်ငံအကြား ချစ်ကြည်ရေးနှင့် ခင်မင်ရင်းနှီးမှုစာချုပ် ချုပ်ဆိုခြင်း နှစ် ၄၀ ပြည့် အထိမ်းအမှတ်အတွက် ပေးပို့ခဲ့ကြခြင်း ဖြစ်သည်။ တစ်ကမ္ဘာလုံးနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် ကြွယ်ဝချမ်းသာမှုတို့အတွက် တရုတ်နှင့် ဂျပန်နိုင်ငံတို့သည် အပြန်အလှန် တာဝန်ကျေပွန်မှုများ မျှဝေခဲ့ကြကြောင်း မစ္စတာ အာဘေးက ရေးသားခဲ့သည်။

အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်လိမ့်မည်ဟုလည်း မျှော်လင့်ကြောင်း ၎င်းက ရေးသားခဲ့သည်။ နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရန်၊ ဆွေးနွေးမှုများ ပြုလုပ်နိုင်ရန်၊ ယခုနှစ်အတွင်း တရုတ်နိုင်ငံသို့ အလည်အပတ်လာရောက်နိုင်ရန် မျှော်လင့်ကြောင်း မစ္စတာအာဘေးက ရေးသားခဲ့သည်။ ခိုင်မာပြီး တည်ငြိမ်မှုရှိသည့် နှစ်နိုင်ငံဆက်ဆံရေးကို တရုတ်နိုင်ငံဘက်မှ ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း မစ္စတာလီက ရေးသားခဲ့သည်။

ထို့အပြင် မစ္စတာ အာဘေးကို မကြာမီ ပေကျင်းမြို့၌ တွေ့ဆုံနိုင်လိမ့်မည်ဟုမျှော်လင့်ကြောင်းလည်း ၎င်းက ရေးသားခဲ့သည်။ ၂၀၀၈ ခုနှစ် တရုတ်-ဂျပန် ခင်မင်ရင်းနှီးမှု နှစ် ၃၀ ပြည့် အခမ်းအနားတွင်လည်း ဂျပန်ဝန်ကြီးချုပ် တာရိုအာဆိုနှင့် တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်သည်လည်း ယခုကဲ့သို့ အပြန်အလှန် သတင်းစကားများ မျှဝေခဲ့ကြသည်။

**ဆင်ဟွာ**




# ဂျပန်တော်ဝင်မင်းသမီး အာယာကို စေ့စပ်ပွဲကျင်းပ

**တိုကျို ဩဂုတ် ၁၂**

ဂျပန်တော်ဝင်မင်းသမီး အာယာကိုသည် ကီမိုရီယာနှင့် တရားဝင်စေ့စပ်ပွဲ အခမ်းအနားကို တနင်္ဂနွေနေ့က တိုကျိုမြို့၌ ပြုလုပ်ခဲ့သည်။ အသက် ၂၇ နှစ်အရွယ် မင်းသမီး အာယာကိုသည် မင်းသား တာကာမိုဒို၏ တတိယမြောက်နှင့် အငယ်ဆုံးသမီးလည်း ဖြစ်သည်။

မင်းသား တာကာမိုဒိုသည် ဘုရင် အာကီဟီတို၏ ညီအစ်ကိုဝမ်းကွဲတော်စပ်သူလည်း ဖြစ်သည်။ မင်းသမီးအာယာကိုနှင့် စေ့စပ်သွားသူမှာ အသက် ၃၂ နှစ်အရွယ်ရှိပြီး တိုကျိုမြို့သင်္ဘောကုမ္ပဏီတွင် အလုပ်လုပ်ကိုင်နေသူလည်း ဖြစ်သည်။ မိုရီယာဘက်မှ ဆွေမျိုးတော်စပ်သူ တာဆူယာကွန်ဒါသည် ဓလေ့ထုံးတမ်းအခမ်းအနားတွင် ပါဝင်ဆောင်ရွက်ပေးမည့်သူလည်း ဖြစ်သည်။

၎င်းသည် နံနက်အစောပိုင်းတွင် မင်းသမီး အာယာကို နေထိုင်ရာနေအိမ်သို့ သွားရောက်ကာ လက်ဆောင်များပေးပို့ခဲ့သည်။ လက်ဆောင်ပစ္စည်းများတွင် မင်းသမီး မင်္ဂလာပွဲတွင် ဝတ်ဆင်မည့် ပိုးထည်လည်းပါဝင်သည်။ မင်းသမီး အာယာကို၏ မိခင်ဖြစ်သူ မင်းသမီး တာကာမာဒိုသည် ဘုရင်နှင့် ဘုရင်မတို့ထံ သွားရောက်ခဲ့ပြီး တရားဝင်စေ့စပ်ပွဲအတွက် သတင်းစကားပြောကြားခဲ့သည်။

ယင်းအခမ်းအနားအပြီးတွင် မင်းသမီးအာယာကိုနှင့် မိုရီယာတို့သည် စေ့စပ်ပြီးစီးကြောင်း တော်ဝင်မိသားစုရေးရာအေဂျင်စီက ကြေညာခဲ့သည်။ အခမ်းအနား အောင်အောင်မြင်မြင် ပြီးဆုံးသွားသည့်အတွက် ဝမ်းသာကြောင်း မင်းသမီးအာယာကိုက ပြောကြားခဲ့သည်။ ၎င်းတို့၏မင်္ဂလာပွဲကို အောက်တိုဘာ ၂၉ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ကာရာလာပြည်နယ်၌ မိုးဆက်လက်ရွာသွန်း၍ ကယ်ဆယ်ရေးလုပ်ငန်းများနှောင့်နှေး

**ကာရာလာ ဩဂုတ် ၁၂**

အိန္ဒိယနိုင်ငံ ကာရာလာပြည်နယ်၌ မုန်တိုင်းတိုက်ခတ်ခြင်းနှင့် မိုးသည်းထန်စွာရွာသွန်းခြင်းတို့ ဆက်လက်ဖြစ်ပွားလျက်ရှိရာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ရန် အခက်တွေ့လျက်ရှိသည်။

မုန်တိုင်းဒဏ်ခံဒေသတွင် ရေကြီးမှုနှင့် မြေပြိုမှုများ ဖြစ်ပွားလျက်ရှိသည်။ အီဒူကီဆည်နှင့် အီဒါမလေရာဆည်တို့တွင် ရေလျှော့ချမှုများ ပြုလုပ်လျက်ရှိရာ ပြည်သူများအနေဖြင့် ကြောက်လန့်မှုများမရှိကြရန် အာဏာပိုင်များက သတိပေးထားကြသည်။

ယမန်နေ့က ဖြစ်ပေါ်ခဲ့သည့် မုန်တိုင်းကြောင့် အပျက်အစီး စာရင်းအသစ်များကို မသိရသေးပေ။ ဩဂုတ် ၈ ရက်မှစ၍ မိုးနှင့်သက်ဆိုင်သည့် မတော်တဆမှုများကြောင့် သေဆုံးသူဦးရေ ၃၇ ဦးအထိ ရှိလာပြီဖြစ်သည်။

လူပေါင်း ၆၀၀၀ ခန့်မှာ ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်နေရသည်။ အိန္ဒိယရေတပ်၊ လေတပ်နှင့် ကြည်းတပ်တို့သည်လည်း အဆိုးရွားဆုံး ထိခိုက်ခံစားခဲ့ရသည့် ဒေသများဖြစ်သည့် ကိုဇီကိုဒီ၊ အီဒူကီ၊ မာလာပူရမ်၊ ကန်နူအာ၊ ဝါယာနက်တို့တွင် ကယ်ဆယ်ရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်နေကြသည်။ မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းခြင်းကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးခဲ့ရပြီးနောက် မိုးလေဝသဌာနကလည်း ကာရာလာပြည်နယ်အပါအဝင် ပြည်နယ် ၁၆ ခုတွင် မိုးသည်းထန်စွာ ရွာသွန်းမည်ဟု ခန့်မှန်းထားသည်။ ပြည်သူများကိုလည်း အနီရောင်အဆင့် သတိပေးမှုများ ပြုလုပ်ထားသည်။ လွန်ခဲ့သောရက်များအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နေအိမ်ပေါင်း ၁၅၀၀၀ ခန့် ပျက်စီးခဲ့ပြီး ၁၀၁ လုံးမှာ လုံးဝပျက်စီးခဲ့ရသည်။

**ပီတီအိုင်**



## နိုင်ငံတကာ သတင်းတိုထွာ

### နိုဘယ်ဆုရ စာရေးဆရာ ဗွီအက်စ်နိုင်ပေါလ်သေဆုံး

**လန်ဒန် ဩဂုတ် ၁၂**

နိုဘယ်ဆုရ ဗြိတိန်စာရေးဆရာ ဗွီအက်စ် နိုင်ပေါလ်သည် အသက် ၈၈ နှစ်တွင် လန်ဒန်မြို့ရှိ နေအိမ်၌ ကွယ်လွန်ခဲ့သည်။ အိန္ဒိယမိသားစုမှ မွေးဖွားလာသော နိုင်ပေါလ်သည် အောက်စဖို့ဒ်တက္ကသိုလ် စကောလားရှစ် ရရှိပြီးနောက် ဗြိတိန်သို့ ရွှေ့ပြောင်းလာခဲ့သူဖြစ်သည်။

၁၉၇၉ ခုနှစ်တွင် A Bend in the River ဆိုသည့် စာအုပ်ကို ထုတ်ဝေခဲ့သည်။ ယင်းစာအုပ်သည် ဗြိတိန်နှင့် အမေရိကန်တို့တွင် ရောင်းအားအကောင်းဆုံး စာအုပ်တစ်အုပ်ဖြစ်ခဲ့သည်။ ကိုလိုနီနှောင်းပိုင်း အာဖရိကတွင် ရုန်းကန်ရမှုများကို အခြေခံကာ ရေးသားထားသော စာအုပ် ဖြစ်သည်။

၎င်းသည် ၂၀၀၁ ခုနှစ်တွင် နိုဘယ်ဆုရရှိခဲ့သည်။ ၎င်း၏ဇနီးဖြစ်သူ နာဒီယာက မစ္စတာ နိုင်ပေါလ်သည် အောင်မြင်မှုများထဲတွင် အကြီးကျယ်ဆုံး အောင်မြင်မှုကို ပြုလုပ်နိုင်ခဲ့ကြောင်း၊ ၎င်းသေဆုံးသွားသည့်အခါ ချစ်ခင်သူများ ၎င်းအနီးတွင် ရှိခဲ့ကြကြောင်း ပြောခဲ့သည်။ **အင်န်အိတ်ချ်ကေ**

### အာဖဂန်နိုင်ငံအနောက်ပိုင်း၌ တာလီဘန်တပ်မှူးအပါအဝင် စစ်သွေးကြွ ၅၀ ခန့် လက်နက်ချ

**ကဘူးလ် ဩဂုတ် ၁၂**

တာလီဘန် အဓိကတပ်မှူးဖြစ်သူ မူလာတိုဖန်အပါအဝင် စစ်သွေးကြွ ၅၀ခန့်သည် အာဖဂန်အနောက်ပိုင်း ဘတ်ဂစ်ရှ် ပြည်နယ်ရှိ ဒေသအာဏာပိုင်များထံ တနင်္ဂနွေနေ့က လက်နက်ချခဲ့ကြောင်း ရဲဌာနမှ ပြောရေးဆိုခွင့်ရှိသူ နာကူဘူလာ အမိုင်နီက ပြောသည်။

တာလီဘန်တပ်မှူး မူလာတိုဖန် လက်အောက်ရှိ တာလီဘန် သူပုန် ၅၀ ခန့်သည် ကွာဒစ်ခရိုင်ရှိ အာဏာပိုင်များထံ လက်နက်ချခဲ့ကြောင်း အမိုင်နီက ဆင်ဟွာသတင်းဌာနသို့ ပြောသည်။

မူလာတိုဖန်သည် ကွာဒစ်ခရိုင်တွင် လက်နက်ကိုင် တိုက်ခိုက်ရေးသမား ၁၀၀ ခန့်ကို အမိန့်ပေးစေခိုင်းနိုင်သူလည်း ဖြစ်သည်။ အစိုးရထံ ၎င်း၏လက်နက်ချမှုသည် ဘတ်ဂစ်ရှ်ပြည်နယ်နှင့် အနီးပတ်ဝန်းကျင်ဒေသများရှိ တာလီဘန်တို့၏ လှုပ်ရှားမှုများကို ထိခိုက်စေမည်ဖြစ်သည်။ လက်နက်ချတပ်မှူး တိုဖန်နှင့် ၎င်း၏ တပ်ဖွဲ့ဝင်များသည် မကြာမီအချိန်တွင် ပြည်နယ် မြို့တော် ကာလာအီနယူးသို့ လာရောက်ကာ မီဒီယာများနှင့် သတင်းစာရှင်းလင်းပွဲ ပြုလုပ်မည်ဖြစ်သည်ဟု အာဏာပိုင်များက ပြောသည်။

တာလီဘန်စစ်သွေးကြွများဘက်ကမူ ယင်းကိစ္စနှင့်ပတ်သက်၍ မည်သည့်မှတ်ချက်မျှ ပြောဆိုခြင်းမရှိသေးပေ။

**ဆင်ဟွာ**

# ငြိမ်းချမ်းရေးမရသေးတဲ့ ဂါဇာ - အစ္စရေး နယ်စပ်အရေး

***တင်လင်းအောင်***

**ဂါဇာနဲ့ အစ္စရေး ထိစပ်နေတဲ့နယ်စပ်ဒေသမှာ လွန်ခဲ့တဲ့ ဩဂုတ်လ ၁၀ ရက်က ပါလက်စတိုင်းလူမျိုးတွေထောင်နဲ့ချီကာ ဆန္ဒပြမှုတွေပြုလုပ်ခဲ့ကြပါတယ်။ အဲဒီလို ပါလက်စတိုင်းတွေက ဆန္ဒပြမှုတွေလုပ်ခဲ့တဲ့အတွက် အစ္စရေးတွေကလည်း ပြန်လည်ပစ်ခတ်မှုတွေပြုလုပ်ခဲ့ပါတယ်။ ဂါဇာ-အစ္စရေးနယ်စပ်မှာ သေစေနိုင်လောက်တဲ့ ဆန္ဒပြမှုတွေ မကြာခဏ ဖြစ်ပွားနေတာက အစ္စရေး-ပါလက်စတိုင်းအရေးကို ကမ္ဘာ့အရေးမှာ သက်ဝင်လှုပ်ရှားစေပါတယ်။**



ဂါဇာ-အစ္စရေးအရေးဟာ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံမှာ လွယ်မယောင်နဲ့ခက်၊ တိမ်မယောင်နဲ့နက်တဲ့ အခြေအနေဖြစ်နေတာကို တွေ့ရမှာဖြစ်ပါတယ်။

**သေဆုံးဒဏ်ရာရ**

ဂါဇာနဲ့ အစ္စရေး ထိစပ်နေတဲ့ နယ်စပ်ဒေသမှာ မကြာသေးမီက ပါလက်စတိုင်းလူမျိုး ထောင်ချီဆန္ဒပြမှုတွေပြုလုပ်ခဲ့ရာ အစ္စရေးအစိုးရတပ်ဖွဲ့နဲ့ ထိပ်တိုက်တွေ့ဆုံမှုတွေ ဖြစ်ပွားခဲ့ပြီး အစ္စရေးတပ်ဖွဲ့ရဲ့ ပစ်ခတ်မှုကြောင့် ပါလက်စတိုင်းလူမျိုး နှစ်ဦး သေဆုံးခဲ့ရာ တစ်ဦးမှာ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေသူတစ်ဦး ဖြစ်ပါတယ်။

ပါလက်စတိုင်း ကျန်းမာရေးဌာန ပြောရေးဆိုခွင့်ရှိသူက တိုက်ခိုက်မှုအတွင်းမှာ ပါလက်စတိုင်း လူမျိုး ၃၀၇ ဦး ဒဏ်ရာရရှိခဲ့ပြီး ဒဏ်ရာရရှိခဲ့သူများအနက် ၂၆ ဦးမှာ ကလေးသူငယ်တွေဖြစ်ကာ နှစ်ဦးမှာ သတင်းထောက်တွေ ဖြစ်ကြောင်း ပြောခဲ့ပါတယ်။ နောက်ထပ် ဒဏ်ရာရသူ ငါးဦးမှာ ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်သူတွေဖြစ်ကြောင်း သိရပါတယ်။ မကြာသေးမီကမှ ဖြစ်ပွားခဲ့တဲ့ ဂါဇာ-အစ္စရေးနယ်စပ်အရေးမှာ ပါလက်စတိုင်း အတော်များများလည်း သေဆုံးခဲ့ပါတယ်။

**သံရုံးပြောင်းရွှေ့ခြင်းကြောင့် ဆန္ဒပြ**

မကြာခဏဖြစ်ပွားနေတဲ့ ဆန္ဒပြမှုမှာ ပါလက်စတိုင်း ရာနဲ့ချီအသတ်ခံခဲ့ရပါတယ်။ မေလ ၁၄ ရက်နေ့တစ်ရက်တည်းမှာပဲ အစ္စရေး စနိုက်ပါလက်ချက်ကြောင့် လူပေါင်း ၆၀ လောက် သေဆုံးခဲ့ပါတယ်။ အဓိကတော့ ဆန္ဒပြသူ ထောင်ပေါင်းများစွာဟာ အမေရိကန်သံရုံး ဂျေရုဆလင်ကို ပြောင်းလာတာကိုလည်း ဆန့်ကျင်ခဲ့ကြတာပဲ ဖြစ်ပါတယ်။

သံရုံး ပြောင်းရွှေ့ခြင်းကြောင့် အကြမ်းဖက်မှုတွေ ပိုမိုဖြစ်ပွားခဲ့ပါတယ်။ အစ္စရေးတို့ကတော့ သူတို့ရဲ့လုပ်ဆောင်ချက်ဟာ နယ်စပ်ဒေသကို ကာကွယ်ဖို့အတွက်နဲ့ ပါလက်စတိုင်းဘက်က ထိုးဖောက်ဝင်ရောက်တာတွေ မလုပ်နိုင်အောင် လုပ်ဆောင်တာဖြစ်တယ်လို့ ပြောခဲ့ပါတယ်။ အစ္စရေးနယ်စပ်နားမှာ ရှိတဲ့ ပါလက်စတိုင်းတို့ရဲ့ နယ်မြေအစုအဝေးကို ဟားမားစ်တို့က ထိန်းချုပ်ထားကြောင်း သိရပါတယ်။

မေလ ၁၅ ရက်ကလည်း နယ်စပ်ဒေသ အနီးမှာ အသက် (၂၆ နှစ်)အရွယ်ရှိ မူတက်ဆင်ဟာဂျာဟာ နယ်စပ်ခြံစည်းရိုးကို ချိုးဖောက်ဝင်ရောက်ဖို့ ကြိုးစားနေတဲ့ပုံကို ရုပ်သံဖိုင်ထုတ်လွှင့်ခဲ့ပါတယ်။ သူက ဘာပြောခဲ့လဲဆိုတော့ သံရုံးပြောင်းရွှေ့ ဖွင့်လှစ်တာကြောင့် ဆန္ဒပြမှုတွေ ဖြစ်ပွားတာပါလို့ ပြောခဲ့ပါတယ်။

**ဆန္ဒပြမှုတွေ ဘယ်တော့ပြီးဆုံးမလဲ**

သို့ပေမယ့် တကယ့်အရေးကတော့ ဆန္ဒပြမှုတွေ ဘယ်တော့ပြီးဆုံးမလဲ၊ ဘယ်လောက်ထိကြာမှာလဲ၊ ဆန္ဒပြသူတွေ ထပ်ပြီး သေဆုံးကြဦးမှာလား၊ နိုင်ငံတကာကရော ဒီအရေးကို ဘယ်လို လုပ်ဆောင်သွားမှာလဲ ဆိုတာတွေပဲ ဖြစ်ပါတယ်။

အစ္စရေးနိုင်ငံအတွက် ကန့်သတ်ထားတဲ့ သံတမန်ဆိုင်ရာဆိုးကျိုးတွေတော့ ရှိပါတယ်။ ဂါဇာ-အစ္စရေး နယ်စပ်ပဋိပက္ခမှာ လူပေါင်းအတော်များများသေဆုံးခဲ့တာကြောင့် အစ္စရေးကိုလည်း နိုင်ငံအတော်များများက ပြစ်တင်ရှုတ်ချခဲ့ကြပါတယ်။

တူရကီ၊ အိုင်ယာလန်၊ ဘယ်လ်ဂျီယံနဲ့ တောင်အာဖရိက နိုင်ငံတွေဟာ သံတမန်ဆိုင်ရာ ဖိအားတွေပေးနေချိန်မှာ တခြားနိုင်ငံတွေဘက်ကလည်း မည်သည့် လက်နက်မှကိုင်ဆောင်ခြင်းမပြုတဲ့ ဆန္ဒပြသူတွေကို ထိန်းထိန်းသိမ်းသိမ်းလုပ်ဖို့ တိုက်တွန်းမှုတွေ လုပ်ခဲ့ပါတယ်။

သို့သော်လည်း အမေရိကန်ပြည်ထောင်စုဟာ ကုလသမဂ္ဂရဲ့ သေဆုံးမှုတွေအပေါ် လွတ်လပ်တဲ့ စုံစမ်းမှုတွေလုပ်ဖို့ ဆုံးဖြတ်ချက်အပေါ် ဗီတိုအာဏာနဲ့ ပယ်ချခဲ့ပါတယ်။ အမေရိကန် သမ္မတဒေါ်နယ်ထရန့်အစိုးရဟာ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ဟားမားစ်တို့ကို အပြစ်တင်ခဲ့ပါတယ်။

ဂါဇာအယ်လ်ဇာ တက္ကသိုလ်မှ နိုင်ငံရေးရာ ပါမောက္ခဖြစ်တဲ့ မူခေမာအဘူဆာဒါးက ဟားမားစ်တို့ဟာ အစ္စရေးတို့ရဲ့ ပိုင်နက် နယ်မြေပိတ်ဆို့မှုတွေ လျော့နည်းစေဖို့ မျှော်လင့်နေသူတွေဖြစ်ကြောင်းနဲ့ မကြာသေးမီနှစ်များအတွင်းက ပိတ်ဆို့ထားခဲ့တဲ့ အီဂျစ်တို့ရဲ့ နယ်စပ်ဒေသ ပြန်ဖွင့်ပေးရေးတို့ကိုလည်း မျှော်လင့်နေသူတွေဖြစ်ကြောင်း ပြောခဲ့ပါတယ်။

**နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု မတွေ့ရသေး**

နိုင်ငံတကာဖိအားတွေ များလာနေတဲ့အစ္စရေးဟာ ဂါဇာဒေသမှာ ဆိုးရွားလာတဲ့ လူသားချင်းဆိုင်ရာ စာနာထောက်ထားမှု အခြေအနေတွေကို ဖြေရှင်းဖို့ လုပ်ဆောင်ရတော့မှာပဲ ဖြစ်ပါတယ်။ ဒီအရေးကို ဖြေရှင်းဖို့ ထရန့်အစိုးရနဲ့ တခြား ကမ္ဘာ့အင်အားကြီးနိုင်ငံတွေဟာ ပေါင်းစည်းလုပ်ကိုင်နိုင်မှုတွေ မရှိသေးကြောင်း ဥရောပသမဂ္ဂနိုင်ငံတကာ ဆက်ဆံရေး ညာဏ်ကြီးရှင်အဖွဲ့မှ ဟုဂ်ျလိုဗက်က ဆိုပါတယ်။

နိုင်ငံတကာအသိုင်းအဝိုင်းက အစ္စရေးတို့ရဲ့ လုပ်ဆောင်ချက်တွေအပေါ် တစ်စုံတစ်ရာပြုလုပ်ဖို့ ဆန္ဒရှိပုံ မပေါ်သေးကြောင်း သူက ဆက်ပြောပါတယ်။ ဒါကြောင့်လည်း အစ္စရေးဟာ ပိုပြီး အတင့်ရဲလာတာဖြစ်နိုင်ကြောင်း ဥရောပသမဂ္ဂ နိုင်ငံတကာဆက်ဆံရေး ညာဏ်ကြီးရှင်အဖွဲ့မှ ဟုဂ်ျလိုဗက်က ပြောပါတယ်။ တယ်လ်အဗစ်တက္ကသိုလ် အမျိုးသားလုံခြုံရေးဆိုင်ရာ လေ့လာရေးအင်စတီကျုမှ မာ့ခ်ဟယ်လာက ဘာပြောခဲ့လဲဆိုတော့ နိုင်ငံတွင်းမှာ လက်ယာစွန်းအများစု ကြီးစိုးနေတဲ့အစ္စရေးအစိုးရဟာ အပြင်ဘက်က ဖိအားတွေကို ခုခံတွန်းလှန်မှာ ဖြစ်တယ်လို့ ဆိုပါတယ်။

ပိတ်ဆို့မှုတွေ ဖြေလျှော့ဖို့ တောင်းဆိုသံတွေ ကျယ်ကျယ်လောင်လောင်ကြားနေရပေမယ့် အစိုးရဟာ ဘာမှလုပ်ပေးလိမ့်မယ် မဟုတ်ကြောင်း၊ ဘာဖြစ်လို့လဲဆိုတော့ ၎င်းတို့အနေနဲ့ ဟားမားစ်တို့ကို ငြိမ်းချမ်းရေး မိတ်ဖက်အနေနဲ့ မသတ်မှတ်တဲ့အတွက်ကြောင့် ဖြစ်ကြောင်း သူက ဆက်ပြောခဲ့ပါတယ်။

**စစ်ပွဲတွေက ဂါဇာဒေသကို ပျက်စီးမှုကိန်းဆိုက်စေ**

၂၀၀၈ ခုနှစ်ကတည်းက အစ္စရေးနဲ့ ဟားမားစ်တို့ရဲ့ကြားမှာ စစ်ပွဲတွေ သုံးကြိမ်တောင် ဖြစ်ပွားခဲ့ပါတယ်။ အဲဒီလိုစစ်ပွဲတွေ ဖြစ်ပွားခဲ့တာဟာ ဂါဇာဒေသကို ပျက်စီးမှုကိန်းဆိုက်စေတာပါ။ အဲဒီ စစ်ပွဲတွေကြောင့် အစ္စရေးတို့ဘက်မှာလည်း ပျက်စီးမှုတွေရှိခဲ့ပါတယ်။ ဒါပေမယ့် မပြောပလောက်တဲ့ ပမာဏလောက်ပဲ ဖြစ်ပါတယ်။

ဟားမားစ်တို့က ဆန္ဒပြအငြင်းပွားမှုတွေဟာ ငြိမ်းချမ်းရေးအတွက် ဖြစ်တယ်လို့ ပြောခဲ့ပါတယ်။ အစ္စရေးတပ်ဖွဲ့ဝင်တွေက မေ ၁၄ ရက်က ဆန္ဒပြမှုဖြစ်ပွားတဲ့ နေရာတစ်ခုကို ပစ်ခတ်ခဲ့သလို ဆန္ဒပြသူတွေကလည်း မီးလောင်ဗုံးတွေနဲ့ ပေါက်ကွဲစေတတ်တဲ့ ပစ္စည်းတွေကို အသုံးပြုခဲ့ကြောင်း အစ္စရေးတို့ဘက်က ဆိုပါတယ်။ ဆန္ဒပြသူတွေကလည်း ဘယ်တော့မှမပြီးဆုံးနိုင်တဲ့ ဆန္ဒပြမှုတွေမှာ သူကလည်း ကိုယ့်ကိုအပြစ်တင်လိုက်၊ ကိုယ်ကလည်း သူ့ကို အပြစ်တင်လိုက်နဲ့ အပြန်အလှန် အကြောင်းပြချက်တွေ အမျိုးမျိုး ပေးနေကြတာကို တွေ့ရပါတယ်။

မတ် ၃၀ ရက်ကတည်းက စတင်ဖြစ်ပွားခဲ့တဲ့ ဆန္ဒပြမှုမှာ အစ္စရေးတပ်ဖွဲ့ဝင် တစ်ဦးသာ ဒဏ်ရာရရှိခဲ့ကြောင်း ဖော်ပြခဲ့ပါတယ်။ အကြမ်းဖက်ဆန္ဒပြမှုတွေဟာ မေ ၁၅ ရက်မှာ ပြီးဆုံးတော့မလိုဖြစ်ပေမယ့်လည်း မပြီးဆုံးသေးဘဲ မကြာခဏ ဆက်လက်ဖြစ်ပွားနေတာကို တွေ့ရပါတယ်။ ဟားမားစ်တို့ဟာ နောက်ထပ် စစ်ပွဲအသစ်တွေကို ဖန်တီးနေတာမျိုး မဟုတ်ဘဲ အကယ်၍ နောက်ထပ် စစ်ပွဲအသွင်မျိုးဆောင်ခဲ့ရင် လက်ရှိ ဒုက္ခခံစားနေရတဲ့သူတွေဟာ ဒီထက်ဆိုးရွားတဲ့ ဆိုးကျိုးတွေကိုသာ ခံစားရမှာဖြစ်တယ်ဆိုတာသိပါတယ်ဆိုပြီး တချို့ လေ့လာဆန်းစစ်သူတွေကလည်း ဆိုပါတယ်။ ဒါပေမယ့် ဟားမားစ်တို့ဟာ အလံဖြူကိုတော့ ဝှေ့ယမ်းဖို့ အားမစိုက်တာကို တွေ့ရပါတယ်။

တွေ့ဆုံညှိနှိုင်းဆွေးနွေးမှု မလုပ်နိုင်မချင်း အခုလို ပဋိပက္ခတွေ ဆက်ဖြစ်ဦးမယ်ဆိုတာ ကျွန်တော်တို့ မလွဲမသွေ မျှော်လင့်ထားကြရဦးမှာ ဖြစ်ပါတယ်။ နိုင်ငံတကာကလည်း ဂါဇာ- အစ္စရေး နယ်စပ်အရေးပေါ် ငြိမ်းချမ်းအောင် အပြုသဘောဆောင် ပါဝင်လှုပ်ရှားရမှာပဲ ဖြစ်ပါတယ်။ ဒီလိုမှ မဟုတ်ပါက ဂါဇာ-အစ္စရေး နယ်စပ်အရေးဟာ ငြိမ်းချမ်းမှုရဦးမှာ မဟုတ်သေးဘူးဆိုတဲ့ အကြောင်း ပြောကြားလိုက်ရပါတယ်။ ။

**ကိုးကား - အေအက်ဖ်ပီ**

**"သံရုံးပြောင်းရွှေ့ခြင်းကြောင့် အကြမ်းဖက်မှုတွေ ပိုမိုဖြစ်ပွားခဲ့ပါတယ်၊ အစ္စရေးတို့ကတော့ သူတို့ရဲ့ လုပ်ဆောင်ချက်ဟာ နယ်စပ်ဒေသကို ကာကွယ်ဖို့အတွက်နဲ့ ပါလက်စတိုင်းဘက်က ထိုးဖောက်ဝင်ရောက်တာတွေ မလုပ်နိုင်အောင် လုပ်ဆောင်တာဖြစ်တယ်လို့ ပြောခဲ့"**

# စည်းမျဉ်းလိုက်နာသည့် လုပ်ငန်းခွင်များဖြစ်စေရန် ဂရုစိုက်ပါ

**ခင်ရတနာ**



ကြီးမားခိုင်မာသည့် စက်ရုံကြီးများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအားလုံးတွင် ယှဉ်ပြိုင်မှုသည် လူ့စွမ်းအားအရင်းအမြစ်များ မည်မျှအားကောင်းသည်ဆိုသည့်အချက် ဖြစ်လာသည်ဟု ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်က ညွှန်းဆိုထားသည်။ အလုပ်သမားများ၏အရည်အသွေး မြင့်မားလာသည်နှင့်အမျှ အလုပ်အကိုင်အပေါ် ကျွမ်းကျင်စွာဖြင့် တစ်ဖက်ယှဉ်ပြိုင်သူများကို အလဲထိုးကာ အကောင်းဆုံးသော ကုန်ထုတ်လုပ်မှုများဖြင့် သက်သေပြကြသည်။ ထို့ကြောင့် လုပ်ငန်းခွင်အတွင်းမှ လုပ်သားကြီးများ၏ အရည်အသွေးသည် ကမ္ဘာ့ကျော်ကုန်အမှတ်တံဆိပ်များကိုတိုင်းတာသည့် ပေတံတစ်ခုဖြစ်လာခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးမှုများကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အဓိကဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် အလုပ်ရှင်၊ အလုပ်ရုံတာဝန်ရှိသူများ လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများ၊ အလုပ်သမားများ လိုက်နာရမည့် အခြေခံအချက်များကိုလည်း ရေးဆွဲထုတ်ပြန်ကာ စည်းကမ်းကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိသည်။ စည်းမျဉ်းစည်းကမ်းများကိုလိုက်နာခြင်းဖြင့် လုပ်ငန်းခွင်သာယာဝပြောကာ ကုန်ထုတ်လုပ်မှုစွမ်းအား မြင့်မားလာမည်ဖြစ်ခြင်းကြောင့် အလုပ်သမားများသိရှိထားသင့်သည့် အလုပ်ခွင်ဆိုင်ရာ ရပိုင်ခွင့်များအနက်မှ အချို့ကို ကောက်နုတ်တင်ပြလိုက်ရပါသည်။

**အလုပ်လုပ်ချိန်ကာလ**

လုပ်ငန်းပိုင်ရှင်များသည် စက်ရုံ၊ အလုပ်ရုံများ ဖွင့်လှစ်လုပ်ကိုင်ခြင်းမပြုမီ အနည်းဆုံး ၁၅ ရက်ကြိုတင်၍ သက်ဆိုင်ရာဌာနသို့ ဖွင့်လှစ်လုပ်ကိုင်မည်ဖြစ်ကြောင်း အကြောင်းကြားမှသာ သတ်မှတ်သည့်လုပ်ငန်းများ လုပ်ကိုင်ခွင့်ရရှိမည်ဖြစ်ပြီး ခွင့်ပြုမိန့်ထုတ်ပေးမည်ဖြစ်သည်။ အလုပ်သမားများအနေဖြင့် မိမိရွေးချယ်သည့်အလုပ်နေရာသည် တရားဝင်လုပ်ကိုင်သည့် စက်ရုံ သို့မဟုတ် လုပ်ငန်း ဟုတ်ခြင်းမဟုတ်ခြင်းကို ဝေဖန်စိစစ်မေးမြန်းနိုင်ပါသည်။ ထို့ပြင် အလုပ်လုပ်ချိန်ကာလအပိုင်းအခြား နို့တစ်စာကို အလုပ်ရုံလုပ်ငန်းတံခါးဝအနီး အလုပ်သမားများမြင်သာသောနေရာများတွင် ချိတ်ဆွဲထားရန် ညွှန်ကြားထားသည်။

**အလုပ်ပိတ်ရက်**

ထို့ပြင် အလုပ်သမားတိုင်းအတွက် တနင်္ဂနွေနေ့ကို ရက်သတ္တပတ် အလုပ်ပိတ်ရက်အဖြစ် ခံစားခွင့်ပြုရမည်ဖြစ်ပြီး ယင်းပိတ်ရက်အနက် တစ်ရက်ရက်ကို အလုပ်သမားများအား ခံစားခွင့်မပေးပါက ရသင့်သည့် ပြက္ခဒိန်လအတွင်းဖြစ်စေ၊ နောင်လာမည့် နှစ်လအတွင်းဖြစ်စေ အစားထိုးပိတ်ရက် ရရှိတောင်းခံနိုင်ပါသည်။ အချိန်ပိုဆင်းကြသည့် အလုပ်သမားများအတွက် အချိန်ပိုလုပ်ကိုင်ရန် နှစ်ဦးနှစ်ဖက် သဘောတူဖို့လိုအပ်ပြီး သတ်မှတ်ထားသည့် အချိန်ပိုစည်းကမ်းအတိုင်းသာ အလုပ်လုပ်ကြရမည်ဖြစ်သည်။

**အချိန်ပိုနှင့် မတော်တဆထိခိုက်မှု**

အချိန်ပိုလုပ်ကိုင်ပါက သာမန်အလုပ်ချိန်ကုန်ဆုံးပြီးနောက် အချိန်ပိုမလုပ်မီတွင် အနည်းဆုံး မိနစ်သုံးဆယ်ခန့် အနားပေးရန်လိုအပ်ပြီး ပြဋ္ဌာန်းထားသော အလုပ်သမားမှတ်ပုံတင်စာအုပ်ရှိ စာတိုင်များအားလုံးတွင် အလုပ်တာဝန်ရှိသူက ပြည့်စုံစွာ ဖြည့်သွင်းပေးထားရန် လိုအပ်သည်။ လုပ်ငန်းခွင် မတော်တဆထိခိုက်မှုကြောင့် အလုပ်သမားတစ်ဦးဦး သေဆုံးလျှင်၊ ကိုယ်အင်္ဂါထိခိုက်နာကျင်ပြီး ၄၈ နာရီထက်ပို၍ အလုပ်မလုပ်နိုင်တော့လျှင် မတော်တဆထိခိုက်မှုနို့တစ်စာကို အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနသို့ အချိန်မီအကြောင်းကြားပေးရန်လိုအပ်ပြီး အလုပ်တာဝန်ရှိသူများက အချိန်မီမတင်ပြနိုင်ပါက အလုပ်သမားက တောင်းဆိုရန် လိုအပ်ပါသည်။

**လုပ်ငန်းခွင် ရောဂါစွဲကပ်ခြင်း**

လုပ်ငန်းခွင် ရောဂါစွဲကပ်ခြင်းများဖြစ်ပွားပါက သက်ဆိုင်ရာ ဆေးရုံဆေးခန်းများနှင့် လူမှုဖူလုံရေးဆေးပေးခန်းများသို့ အချိန်မီအကြောင်းကြားရန် လိုအပ်ပြီး အလုပ်ရှင်က ပျက်ကွက်ပါက အလုပ်သမားများက တောင်းဆိုကာ ဆေးဝါးကုသမှုခံယူခြင်းအတွက် ရသင့်ရထိုက်သည့်အခွင့်အရေးများကို တောင်းဆိုနိုင်ကြောင်း သိရှိရသည်။ အလုပ်ရုံ သို့မဟုတ် လုပ်ငန်းကို ခေတ္တသို့မဟုတ်အမြဲပိတ်ထားရန်အတွက် အနည်းဆုံး တစ်လခန့်၊ ရုတ်တရက်အခြေအနေတွင် အနည်းဆုံး ၄၈ နာရီခန့် ကြိုတင်အသိပေးမှုကို ဌာနနှင့် အလုပ်သမားများထံ အသိပေးရမည်ဖြစ်ကြောင်း စည်းကမ်းများသတ်မှတ်ထားပါသည်။

**အချိန်ပိုလုပ်အားခ**

အများပြည်သူ အလုပ်ပိတ်ရက်များတွင် လုပ်ခလစာအပြည့်ဖြင့် အနားပေးရန်လိုအပ်ပြီး ထိုနေ့တွင် အလုပ်လုပ်ရပါက အခြေခံလုပ်ခ နှစ်ဆနှင့် ရမြဲရှားပါးစရိတ်ခံစားခွင့်ရရှိနိုင်ခြင်းကြောင့် အလုပ်သမားများသည် အများပြည်သူအလုပ်ပိတ်ရက်တွင် အလုပ်လုပ်ရပါက လုပ်အားခ ပိုမိုရရှိမည်ဖြစ်ကြောင်း သိရှိထားရန် လိုအပ်ပါသည်။ တစ်နှစ်လျှင် ရှောင်တခင်ခွင့် ခြောက်ရက်ကို လစာအပြည့်ဖြင့်ရရှိနိုင်ပြီး လုပ်သက် တစ်နှစ်ပြည့်ပြီးသူများသည် နောင်လာမည့် တစ်နှစ်အတွင်း လုပ်သက်ခွင့် ၁၀ ရက်ကို ပျမ်းမျှလစာငွေ၊ ပျမ်းမျှအခကြေးငွေဖြင့် ရရှိနိုင်သည့်အပြင် လုပ်သက် ခြောက်လကျော်ပါက ဆေးလက်မှတ်ခွင့် ၃၀ ရက်ကိုလည်း လုပ်ခမပျက်ခံစားခွင့်ရှိမည် ဖြစ်ပါသည်။

**လခပေးချေခြင်း**

အလုပ်သမား ၁၀၀၀ အောက်ရှိသော စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းများတွင် လုပ်သားများအတွက် လုပ်အားခများကို လဆန်း ၇ ရက်အတွင်းပေးချေရန်နှင့် အလုပ်သမား ၁၀၀၀ နှင့် အထက်ရှိသော စက်ရုံအလုပ်ရုံများတွင် လဆန်း ၁၀ ရက်အတွင်း လုပ်အားခများပေးချေရန်လည်း ညွှန်ကြားထားသည့်အတွက် မရရှိပါက သက်ဆိုင်ရာအလုပ်သမားရုံးများသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်းသိရသည်။

**အလုပ်သမားများ သိရှိထားသင့်သည်များ**

အလုပ်မှရပ်စဲခြင်းခံရပါက လုပ်ခများကို အလုပ်ရပ်စဲသည့်နေ့၏ နောက်တစ်ရက်တွင် ထုတ်ပေးရမည်ဖြစ်ပြီး အလုပ်သမားများ၏ လုပ်ခလစာမှ ဒဏ်ကြေးအဖြစ် ဖြတ်တောက်လိုပါက အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ ကြိုတင်တင်ပြပြီး ခွင့်ပြုချက်ရရှိမှသာ ဖြတ်တောက်ရမည်ဖြစ်သည်။ အန္တရာယ်ရှိ လည်ပတ်လှုပ်ရှားနေသော အားပေးစက်များ၊ အားပို့စက်များနှင့် အခြားစက်ကိရိယာများနှင့် အစိတ်အပိုင်းများကို လုံခြုံစွာ ကိုင်တွယ်ရခြင်းမရှိဘဲ အန္တရာယ်ရှိနိုင်ပါက အလုပ်သမားများက လုပ်ငန်းတာဝန်ရှိသူထံတွင် တောင်းဆိုနိုင်ပါသည်။ အလုပ်ခန်းတိုင်းတွင် အရေးကြီးကိစ္စများ ဖြစ်ပွားပါက အားဖြတ်တောက်နိုင်ရန်အတွက် သင့်တော်သည့်ကိရိယာများ မဖြစ်မနေ တပ်ဆင်ထားပေးရန်လည်း အလုပ်သမားများက တောင်းဆိုနိုင်ပါသည်။

လုပ်ငန်းခွင်များသည် ခိုင်ခံ့သည့်အလုပ်ခွင်များ၊ သန့်ရှင်းသည့်အလုပ်ခွင်များဖြစ်ရန်လည်း လိုအပ်ပြီး တွင်း၊ လှောင်ကန်၊ ကြမ်းပြင်ပေါက်များကို လုံခြုံစွာထားရှိရမည်ဟု အလုပ်ရုံများကို ညွှန်ကြားထားပြီးဖြစ်သလို အလုံပိတ်နေရာများသို့ ဝင်ရောက်လုပ်ကိုင်ရသူများအတွက် အန္တရာယ်ကင်းကြောင်း လက်မှတ်ထုတ်ပေးခြင်းအဆင့်ကို ထားရှိရမည်ဖြစ်ကာ ထိုအဆင့်ကို မလုပ်ပေးပါက အလုပ်သမားများက တောင်းဆိုနိုင်ကြောင်းသိရသည်။ လုပ်ငန်းတိုင်းတွင် မီးလောင်လျှင်ထွက်နိုင်သည့် အရေးပေါ်ထွက်ပေါက်များလည်း ထားရှိရမည်ဖြစ်ပြီး အချိန်မရွေး လွယ်ကူစွာသွားလာနိုင်ရန်အတွက် မကြာခဏ ကြည့်ရှုစစ်ဆေးရန် လိုအပ်ပါသည်။

ကျန်းမာရေးနှင့် ညီညွတ်သည့် အလုပ်ခွင်ဖြစ်စေရန် အလုပ်ရှင်နှင့် အလုပ်သမားများအားလုံး ပူးပေါင်းမြှင့်တင်ကြရန်လိုအပ်ပြီး အလုပ်သမား ၁၀၀၀ ကျော်ရှိသော အလုပ်ရုံများတွင် နားနေခန်းများထည့်သွင်းပေးခြင်း၊ ရှေးဦးသူနာပြုဆေးသေတ္တာများထားရှိခြင်းနှင့် အလုပ်သမား ၂၅၀ ကျော်သည့် အလုပ်ရုံများတွင် ဆရာဝန်နှင့် သူနာပြုဆရာများ ထားရှိပေးခြင်းများ ပြုလုပ်ကြရမည်ဖြစ်ကြောင်းလည်း သိရှိရသည်။

ထို့ပြင် အသက် ၁၃ နှစ်မှ အသက်မပြည့်သေးသည့် ကလေးအလုပ်သမားများ ခန့်ထားမည်ဆိုပါက အလုပ်လုပ်ရန် သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်ကို ရရှိပြီးမှသာ လုပ်ကိုင်ခွင့်ပြုရမည်ဖြစ်သည့်အပြင် အလုပ်သမားအားလုံးသည် တစ်ရက်လျှင် အလုပ်ချိန် ရှစ်နာရီထက်ပို၍ လုပ်ကိုင်ခြင်း မပြုရန်နှင့် အဆက်မပြတ်လုပ်ကိုင်ရသော အလုပ်များတွင် တစ်ပတ်လျှင် ၄၈ နာရီထက်ပို၍ လုပ်ကိုင်ခွင့်မပြုဟု သိရှိရသည်။

အလုပ်သမားများသည် ငါးနာရီဆက်တိုက် အလုပ်လုပ်ပြီးပါက အနည်းဆုံး မိနစ် ၃၀ ခန့် အနားယူရမည်ဖြစ်ပြီး ကလေးအလုပ်သမားများကိုမူ တစ်ရက်လျှင် လေးနာရီထက် ပိုမိုခိုင်းစေခြင်း မပြုရပါ။ ထို့ပြင် အမျိုးသားအလုပ်သမားများ အပါအဝင် အလုပ်သမား တစ်ဦးသည် ၄၄ ပိဿာထက် ပိုမိုသည့်ဝန်အားကို သယ်ယူထမ်းပိုးခြင်းမပြုရဘဲ အလုပ်သမားတစ်ဦး၏ နေရာအကျယ်အဝန်းသည် အနည်းဆုံး ၅၀၀ ကုဗပေ (၅ ဒသမ ၉ ပေ)ခန့် ကျယ်ဝန်းရမည်ဟု သတ်မှတ်ထားသည့်အတွက် အလုပ်သမားများအနေဖြင့် မိမိတို့လုပ်ငန်းခွင်အတွင်း ပြုပြင်ပြောင်းလဲသင့်သည်များကို အလုပ်ရုံ၊ လုပ်ငန်းတာဝန်ရှိသူများနှင့်တိုင်ပင်ကာ ကျန်းမာကောင်းမွန်သည့် လုပ်ငန်းခွင်များ ဖန်တီးနိုင်ကြစေရန် အသိပေးလိုက်ရပါသည်။ ။

**“အလုပ်သမားတိုင်းအတွက် တနင်္ဂနွေနေ့ကို ရက်သတ္တပတ် အလုပ်ပိတ်ရက်အဖြစ် ခံစားခွင့်ပြုရမည်ဖြစ်ပြီး ယင်းပိတ်ရက်အနက် တစ်ရက်ရက်ကို အလုပ်သမားများအား ခံစားခွင့်မပေးပါက ရသင့်သည့် ပြက္ခဒိန်လအတွင်းဖြစ်စေ၊ နောင်လာမည့် နှစ်လအတွင်းဖြစ်စေ အစားထိုးပိတ်ရက် ရရှိတောင်းခံနိုင်ပါသည်၊ အချိန်ပိုဆင်းကြသည့် အလုပ်သမားများအတွက် အချိန်ပိုလုပ်ကိုင်ရန် နှစ်ဦးနှစ်ဖက် သဘောတူဖို့ လိုအပ်ပြီး သတ်မှတ်ထားသည့် အချိန်ပိုစည်းကမ်းအတိုင်းသာ အလုပ်လုပ်ကြရမည်ဖြစ်သည်”**

## တံ့ပြန်နိုင်မှုစွမ်းအားကောင်းသောလူမှုအသိုက်အဝန်းဖြစ်ပေါ်လာရေးစီမံကိန်း တာဝန်ရှိသူများ ငပုတောမြို့သို့ လာရောက်လေ့လာ

**ငပုတော ဩဂုတ် ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)တို့၏ ထောက်ပံ့ငွေဖြင့် ငပုတောမြို့နယ်တွင် ဆောင်ရွက်လျက်ရှိသော ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေး စီမံကိန်းဆောင်ရွက်နေမှုများကို တုံ့ပြန်နိုင်မှုစွမ်းအားကောင်းသော လူမှုအသိုက်အဝန်းဖြစ်ပေါ်လာရေးစီမံကိန်းမှ တာဝန်ရှိသူများက ဩဂုတ် ၉ ရက်တွင် လာရောက်လေ့လာခဲ့ကြောင်း သိရသည်။

တုံ့ပြန်နိုင်မှုစွမ်းအားကောင်းသော လူမှုအသိုက်အဝန်းဖြစ်ပေါ်လာရေးကို အာရှဖွံ့ဖြိုးရေးဘဏ်၏ထောက်ပံ့မှုဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်အတွက် တုံ့ပြန်နိုင်မှုစွမ်းအားကောင်းသော လူမှုအသိုက်အဝန်း ဖြစ်ပေါ်လာရေးစီမံကိန်း ဒီဇိုင်းရေးဆွဲခြင်းနှင့် ပိုမိုကောင်းမွန်သောစီမံခန့်ခွဲမှုများပြုလုပ်နိုင်ရန် အဆိုပါ စီမံကိန်းမှ တာဝန်ရှိသူ Mr.Peter Wiathail နှင့် Mr.Pasquile Capizzi တို့ ဦးဆောင်သောအဖွဲ့က ငပုတောမြို့သို့ လာရောက်လေ့လာခြင်းဖြစ်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကာ ဩဂုတ် ၁၂ ရက်တွင် ကံကွင်းကျေးရွာအုပ်စု ကံကွင်းကျေးရွာသို့ ကွင်းဆင်းသွားရောက်၍ ကျေးရွာနေပြည်သူများနှင့်လည်း တွေ့ဆုံပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ဘီးလင်းမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် ဥပဒေမိသားစု လူမှုရေးအဖွဲ့မှ ငွေကျပ် ၃၂ သိန်း လှူဒါန်း

**ဘီးလင်း ဩဂုတ် ၁၂**

ဘီးလင်းမြို့နယ်တွင် ရေဘေးသင့်ပြည်သူများအတွက် ဥပဒေမိသားစု လူမှုရေးအဖွဲ့နှင့် ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ၁၉၈၆ ကျောင်းသား ကျောင်းသူဟောင်းများက ဩဂုတ် ၁၂ ရက် ညနေ ၅ နာရီတွင် ဘီးလင်းမြို့နယ် ရေဘေးကယ်ဆယ်ရေးကွပ်ကဲမှုရုံးသို့ လာရောက်၍ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဘီးလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာရဲက ရေဘေးဖြစ်စဉ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဥပဒေမိသားစု လူမှုရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်းစိန်က လှူဒါန်းငွေ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ဥပဒေမိသားစုဝင်များက စုပေါင်း၍ ငွေကျပ် ၃၂ သိန်းကို ပေးအပ်လှူဒါန်းရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီရိရတနာနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာရဲတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **မြို့နယ် (ပြန်/ဆက်)**

# ရေစကြိုမြို့နယ်၌ ချင်းတွင်းမြစ်ရေကျော်၍ ကျေးရွာချင်းဆက်လမ်းကျိုးပေါက်

**ရေစကြို ဩဂုတ် ၁၂**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အတွင်း ဇီးကုန်းကျေးရွာနှင့် ဇီးကုန်းကျွန်းကျေးရွာတို့ကို ဆက်သွယ်ထားသော ကျေးရွာချင်းဆက် မြေနီကျောက်စရစ်လမ်းပေါ်သို့ ဩဂုတ် ၁၁ ရက် နံနက် ၁ နာရီခန့်က ချင်းတွင်းမြစ်ရေကျော်မှုကြောင့် လမ်းကျိုးပေါက်မှုဖြစ်ပွားခဲ့သဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့က ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အရေးပေါ် သွားရောက်ပြုပြင်နေကြရကြောင်း သိရသည်။

"လမ်းပေါ်မြစ်ရေကျော်ရာကနေ ရေစီးသန်တော့ လမ်းပေါက်သွားတာပေါ့၊ အခုမနက်အစောကြီး ဦးတို့ မီးသတ်တပ်ဖွဲ့က သွားပြီးတော့ လမ်းပြင်ပေးခဲ့တယ်၊ လမ်းပေါက်တဲ့နေရာက ချိုင့်နက်တော့ လွယ်လွယ်ပြင်မရဘူး၊ လမ်းပေါက်တဲ့နေရာရဲ့ဘေးဘက်ကို လူသွားရလာရလွယ်အောင်လို့ သဲအိတ်တွေနဲ့ ဝါးထရံချပ်တွေ ချထားပေးရတယ်၊ ရေစီးနှေးသွားအောင်လည်း ရေစီးသန်နေတဲ့နေရာတွေကို သဲအိတ်တွေနဲ့ တားပြီးတော့ ရေစီးနှုန်းလျှော့ချခဲ့တယ်၊ အခုတော့ ကားတွေတော့သွားလို့ မရသေးဘူးပေါ့၊ ဆိုင်ကယ်တော့သွားလို့ရပါပြီ၊ မနက်ဖြန်တော့ လမ်းပေါက်နေတဲ့နေရာမှာ ကားသွားလို့ရအောင် လမ်းတံတားဦးစီးဌာနနဲ့ ပူးပေါင်းပြီးတော့ ဆက်လက်ဆောင်ရွက်သွားမှာပါ"ဟု မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးညီညီအောင်က ပြောသည်။

ဇီးကုန်းနှင့် ဇီးကုန်းကျွန်းကျေးရွာကြားရှိ အဆိုပါ ကျေးရွာချင်းဆက်လမ်းသည် အဆိုပါရွာနှစ်ရွာအပြင် အလယ်သောင်ကျေးရွာ၊ ငွက်ကြီးကျေးရွာ၊ ဘုမ္မကျေးရွာ၊ ရပ်သာကျေးရွာနှင့် သူဌေးကုန်းကျေးရွာတို့မှ ပြည်သူများ ရေစကြိုမြို့နှင့် ပခုက္ကူမြို့များသို့ သွားလာရာတွင် အားထားနေရသည့် အဓိကကားလမ်းတစ်ခုဖြစ်သည်။ ယခုမြစ်ရေကျော်ကာ ရေတိုက်စားခဲ့မှုကြောင့် လမ်းပေါ်တွင် အရှည် ပေ ၇၀ ခန့်၊ အကျယ် ပေ ၂၀ ခန့်နှင့် အနက် ငါးပေမှ ၁၂ ပေခန့် အထိရှိသော ချိုင့်ကြီးဖြစ်ပေါ်လာပြီး မြစ်ရေများမှာ ချိုင့်ကြီးအတွင်း အဆက်မပြတ်စီးဆင်းနေသဖြင့် လူအများ သွားလာ၍ မရဖြစ်နေသောကြောင့် မြို့နယ်မီးသတ်တပ်ဖွဲ့က သွားရောက်ပြုပြင်ပေးရခြင်းဖြစ်ကြောင်းနှင့် အနီးအနားရှိ ကျေးရွာများမှ ပြည်သူများကလည်း လမ်းပြုပြင်ရေးတွင် ဝိုင်းဝန်းကူညီပေးခဲ့ကြကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**



ကရင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော ရေကြီး ရေလျှံမှုများကြောင့် ရေနစ်မြုပ်သွားသော ရေတွင်းရေကန်နှင့် အဝီစိတွင်းများမှ ရေဆိုးများကို စုပ်ထုတ်ရန် ရေစုပ်စက် ၁၀ စုံကို ဝေဠုကျော်ဖောင်ဒေးရှင်းက ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်ထံသို့ ဩဂုတ် ၁၁ ရက်က ရေဘေးကယ်ဆယ်ရေး ဗဟိုကွပ်ကဲရေးစခန်း၌ ပေးအပ်လှူဒါန်းစဉ်။ စောမျိုးမင်းသိန်း(ပြန်/ဆက်)

# နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်လမ်းပေါ်ရှိ လွိုင်နွဲ့တံတားဖွင့်ပွဲကျင်းပ

**မိုင်းပန် ဩဂုတ် ၁၂**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုင်းပန်မြို့နယ် နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်လမ်းပေါ်ရှိ တံတားအမှတ် (၂/၈၁) လွိုင်နွဲ့တံတားဖွင့်ပွဲကို ဩဂုတ် ၁၂ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်းတို့က အမှာစကားပြောကြားခဲ့ပြီး ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မိုး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင့်တို့က တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များ၊ ဒေသခံပြည်သူများက တံတားပေါ် ဖြတ်သန်းကြည့်ရှုခဲ့သည်။

နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်လမ်းပေါ်ရှိ တံတားအမှတ် (၂/၈၁) လွိုင်နွဲ့တံတားသည် သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး အရှည်ပေ ၆၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေရှိကာ လူသွားလမ်း တစ်ဖက်သုံးပေစီပါရှိသည်။ ရေလမ်းကင်းလွတ်အကျယ် ပေ ၃၀ ရှိပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်သည်။ စီမံကိန်းတန်ဖိုး ကျပ်သန်း ၁၈၀ ကုန်ကျခဲ့ကာ တံတားအထူးအဖွဲ့(၁၂)ကတာဝန်ယူ၍ ၂၀၁၇-၂၀၁၈ ပြည်နယ်ရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ကြောင်းသိရသည်။ အဆိုပါတံတား၏ ချဉ်းကပ်လမ်းကို လမ်းအထူးအဖွဲ့(၄)က တာဝန်ယူဆောင်ရွက်ခဲ့ပြီး ချဉ်းကပ်လမ်းမှာ အရှည်ပေ ၁၇၆၀ ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ထန်တလန်မြို့၌ မူးယစ်ရမ်းကားမှုမရှိစေရေး ရှောင်တခင် ကင်းလှည့်ဆောင်ရွက်

**ထန်တလန် ဩဂုတ် ၁၂**

ချင်းပြည်နယ် ထန်တလန်မြို့၌ တနင်္ဂနွေနေ့များတွင် အရက်သေစာသောက်စားမူးယစ်ရမ်းကား၍ အုပ်စုဖွဲ့ရန်ဖြစ်လေ့ရှိသည့်အတွက် မြို့ဝင်၊ မြို့ထွက်၊ မြို့တွင်းနေရာများတွင် အများပြည်သူ စိတ်အနှောင့်အယှက်မဖြစ်စေရန် ရှောင်တခင် လှည့်ကင်း၊ ပတ်ကင်းကို ယနေ့ နံနက် ၁၁ နာရီ ခွဲက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းရှောင်တခင် လှည့်ကင်း၊ ပတ်ကင်း ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်၊ မြို့နယ်စခန်းမှူး ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ထန်တလန် (ပြန်/ဆက်)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၂-၈-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၂၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၂၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၂၅/၉၄၀ ကျပ် | ၉၆၀/၉၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၃၅/၉၅၀ ကျပ် | ၉၇၀/၉၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၉၀/၉၁၀ ကျပ် | ၉၅၅/၉၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၃၅/၉၆၀ ကျပ် | ၁၀၂၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၄၂ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၆၂ ・ ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၅၅ ・ ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၅၀ ・ ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၀၀ ・ ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၂ ・ ၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၁ ・ ၄၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ ・ ၉၇၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၈ ・ ၂၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၅၃ ・ ၅၆ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၃ ・ ၃၉၅ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

# ထန်းတပင်မြို့နယ်မှ ကျောင်းသား ကျောင်းသူများအတွက် အသက်ကယ်အင်္ကျီများ ပေးအပ်လှူဒါန်း

**ထန်းတပင် ဩဂုတ် ၁၂**

ရန်ကုန် မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ချောင်းညီအကိုကျေးရွာအုပ်စုရှိ ရေခနဲရိကျေးရွာ၊ မို့သင်ကျေးရွာနှင့် ချောင်းညီအကိုကျေးရွာတို့တွင်နေထိုင်ပြီး နေ့စဉ် ရေလမ်းခရီးဖြင့် ကျောင်းတက်နေရသော ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အသက်ကယ်အင်္ကျီများကို ထန်းတပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ဝင်များက ဩဂုတ် ၁၁ ရက်က အဆိုပါကျေးရွာသို့ သွားရောက်၍ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

စမ်းချောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုဦးနှင့် အလုပ်အမှုဆောင်အဖွဲ့များက ပေးအပ်လှူဒါန်းသည့် အသက်ကယ်အင်္ကျီ အထည် ၁၂၀ ကို ထန်းတပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထွန်းနှင့် မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ဝင်များက ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ဖေနှင့် အဖွဲ့ဝင်များ၊ ကျေးရွာ ရပ်မိရပ်ဖများထံသို့ ပေးအပ်လှူဒါန်းခဲ့ကြခြင်းဖြစ်ပြီး အဆိုပါအင်္ကျီများကို ရေခနဲရိ ကျေးရွာ၊ မို့သင်ကျေးရွာနှင့် ချောင်းညီအကိုကျေးရွာတို့မှ ထန်းတပင် အခြေခံပညာအထက်တန်းကျောင်းသို့ နေ့စဉ် စက်လှေဖြင့်လာရောက်၍ ပညာသင်ကြားနေကြရသော ကျောင်းသား ကျောင်းသူများထံ ထပ်ဆင့်ဖြန့်ဝေပေးခဲ့သည်။



**ဇင်မင်းထိုက်(ပြန်/ဆက်)**

# သတင်းစာဆရာများအသင်း(မွန်ပြည်နယ်) ပထမအကြိမ် သက်ကြီးပူဇော်

**မော်လမြိုင် ဩဂုတ် ၁၂**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း(မွန်ပြည်နယ်)၏ ပထမအကြိမ် သက်ကြီးပူဇော်ပွဲနှင့် မြန်မာနိုင်ငံသတင်းစာဆရာအသင်း (တတိယအကြိမ်)နိုင်ငံလုံးဆိုင်ရာညီလာခံမှ အတွေ့အကြုံရှင်းလင်းပွဲကို မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဩဂုတ် ၁၂ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မွန်ပြည်နယ်အတွင်းရှိ သက်ကြီးသတင်းစာဆရာကြီး ခြောက်ဦးအား ဂါရဝပြုလက်ဆောင်များ ပေးအပ်ပြီးနောက် MJA(MON)အသင်းသားအသင်းသူများက ကန်တော့ကြပြီး ကန်တော့ခံ သက်ကြီးသတင်းစာဆရာကြီးများ၏ ဩဝါဒကို ခံယူကြသည် ။ ထို့နောက် တတိယအကြိမ် နိုင်ငံလုံးဆိုင်ရာညီလာခံ အတွေ့အကြုံများ၊ အသင်းဝင် သတင်းစာဆရာများ သိသင့်သိထိုက်သည့် အကြောင်းအရာများ၊ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရန် စသည်တို့ကို အသင်းနာယက သတင်းစာဆရာကြီးဦးဝင်းကြည်နှင့် မွန်ပြည်နယ်အသင်းဥက္ကဋ္ဌ ဦးစိုးအောင်တို့က ထပ်ဆင့်ရှင်းလင်းပြောကြားခဲ့သည်။ အခမ်းအနားသို့ မွန်ပြည်နယ်အတွင်းရှိ သတင်းစာဆရာအသင်းဝင် ၄၀ ခန့် တက်ရောက်ခဲ့ကြသည်။

**ခွန်(ဝင်းပ)**

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး(တာဝန်) | - | ဝင်းကျော် |
| စာတည်းမှူး | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ဝမ်တိန်သီးနှံကုန်စည်ဒိုင်သို့ ရှမ်းပြည်နယ်မှတင်ပို့သော နာနတ်သီးများကို အရှုံးခံ၍ရောင်းချနေရ



**ဝမ်တိန် ဩဂုတ် ၁၂**
မြန်မာနိုင်ငံမှထွက်ရှိသော နာနတ်သီးများကို မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံ ရွှေလီရှိ ဝမ်တိန်သီးနှံကုန်စည်ဒိုင်သို့ နာနတ်တောင်သူများနှင့် ပွဲစားများက အလုံးရေ ၆၅၀ တင်ဆောင်နိုင်သော ဒိုင်နာယာဉ်များဖြင့် တင်ပို့ရောင်းချလျက်ရှိရာ ယခု ရာသီပိတ်ချိန်တွင် ဈေးကောင်းမရဘဲ အရှုံးခံ၍ ရောင်းချနေရကြောင်း သိရသည်။

ဝမ်တိန်သီးနှံကုန်စည်ဒိုင်တွင် ယခုနှစ် နာနတ်သီးဈေးကွက် ရာသီအစ ကောင်းခဲ့သောကြောင့် မြန်မာတောင်သူများနှင့် ပွဲစားများမှာ နာနတ်သီးရာသီပိတ်ချိန်တွင် ဈေးကောင်းရမည်ဟူသောမျှော်လင့်ချက်ဖြင့် တင်ပို့ရောင်းချကြရာမှ ဈေးကောင်းမရဘဲ အရှုံးခံရောင်းချနေရခြင်းဖြစ်ကြောင်း သိရသည်။

လားရှိုး-မန္တလေး ကားလမ်းမကြီးဘေးတွင်ရှိသော စဥ့်အင်ရွာမှထွက်ရှိသည့် နာနတ်သီးသည် အရသာကောင်းသောကြောင့် ယခုနှစ် ရာသီအစတွင် သီပေါသီး၊ ကုန်းသာသီးတို့ထက် ရောင်းအားကောင်းခဲ့ကာ ရာသီပိတ်ချိန် ဩဂုတ်လတွင်မူ တရုတ်ကုန်သည်တို့ ဈေးဖြတ်သည့်အတိုင်း အရှုံးခံ၍ရောင်းချနေရကြောင်း သိရသည်။

"ဒီနှစ်မှာ ကုန်းသာ၊ သီပေါသီးထက် တရုတ်ပြည်က အဝယ်လိုက်ခဲ့လို့ နာမည်ရခဲ့တယ်၊ လိုက်ထရပ်တစ်စီးကို နာနတ်သီး ၆၅၀၊ ၇၀၀ တင်ပြီး ရောင်းကြတာများတယ်၊ ဈေးကွက်က မငြိမ်ဘူး၊ တစ်စီးကို ယွမ် သုံးထောင်ကျော် အရင်ကရခဲ့တယ်၊ အခု မရတော့ဘူး၊ ကျွန်မတို့ စိုက်ပြီးရောင်းတဲ့သူတွေ ညီမယ်ဆိုရင် ခိုင်မာတဲ့ဈေးတစ်ခုတော့ရမှာအမှန်ပဲ၊ အခုတော့ သူတို့ဖြတ်တဲ့ဈေးအတိုင်း ရောင်းနေရတာ၊ တရုတ်ဝယ်လက်က ညီတယ်၊ ရောင်းတဲ့သူတွေကမညီဘူး၊ ကိုယ်ကြိုက်ဈေးရရင် ရောင်းနေကြတော့ နာနတ်သီးထွက်တဲ့တောင်သူတွေမှာ ကားခနဲ့ အကောက်ခွန်ခအရှုံးခံပြီး ရောင်းနေရတာရှိတယ်"ဟု စဥ့်အင်မှလာ၍ နာနတ်သီးများရောင်းချနေသူ ဒေါ်ခင်စောမြင့်က ပြောသည်။

"မနှစ်က နာနတ်သီးတောင်သူတွေ အရှုံးပေါ်ခဲ့တယ်၊ ဒီနှစ်လည်း ရာသီအစမှာ လပိုင်းလေးပဲ ဈေးကောင်းခဲ့ပြီးတော့ ၈ လပိုင်း ရာသီကုန်ချိန်မှာ အမြတ်နည်းတာ၊ ပြန်သယ်လို့မလွယ်တဲ့အတွက် အရှုံးခံပြီးရောင်းရတာတွေ များလာတယ်၊ တရုတ်နိုင်ငံကို နာနတ်သီးကားတစ်စီးရောက်ဖို့ နှစ်သိန်းကျော် ကုန်တယ်၊ နာနတ်သီးတစ်လုံးကို မြန်မာငွေ ၃၀၀ ပဲပေးရင် လုံးဝမကိုက်တော့ဘူး၊ နာနတ်သီးဈေးကွက်ကို ထိန်းချုပ်နိုင်တဲ့အဖွဲ့အစည်းမရှိတော့ တရုတ်ဝယ်လက် ပေးသမျှဈေးနဲ့ ရောင်းနေရသလိုဖြစ်နေတယ်"ဟု နာနတ်သီးတောင်သူတစ်ဦး ဖြစ်သော ဦးဇော်မိုင်းက ပြောသည်။

တရုတ်နိုင်ငံအနေဖြင့် ယခုနာနတ်သီးရာသီတွင် စဥ့်အင်၊ ကုန်းသာနှင့် သီပေါတို့မှထွက်သည့် နာနတ်သီးများကို ဝယ်ယူလျက်ရှိပြီး ကျောက်မဲသီးကိုမူ ရန်ကုန်သို့ တိုက်ရိုက်ပို့ဆောင်ကြောင်း၊ တရုတ်ငွေ ယွမ် ၁၀၀ သည် မြန်မာငွေကျပ် ၂၀၀၀၀ ကျော် ဈေးရှိသောကြောင့် အလုံး ၇၀၀ ပါ ကားတစ်စီးလျှင် ယွမ် ၁၂၀၀ ဖြင့် ဈေးဖြတ်သည့်အတွက် မြန်မာငွေ ကျပ် ၂၄၀၀၀၀ ကျော်သာရရှိကြောင်း သိရသည်။ တရုတ်နိုင်ငံသို့ မြန်မာနိုင်ငံမှ ကုန်စည်တင်ပို့မှုတွင် ဂိတ်ပေါက်လေးခုရှိသည့်အနက် သီးနှံများကို ဝမ်တိန်ဂိတ်ပေါက်မှသာ တင်ပို့ခွင့်ရှိပြီး တရုတ်နိုင်ငံနယ်စပ်မြို့များတွင် မြန်မာဈေးသည်များက သုံးဘီးယာဉ်ဖြင့် သီးနှံများလှည့်လည်ရောင်းချမှုကိုလည်း တားမြစ်လိုက်သည့်အတွက် တရုတ်နိုင်ငံသို့ ကိုယ်တိုင်တင်ပို့သော နာနတ်သီးတောင်သူများမှာ မြန်မာဈေးသည်များကိုလည်း ရောင်းချခွင့်မရတော့ကြောင်း၊ ထိုအချက်မှာလည်း နာနတ်သီးဈေးကွက်ကျဆင်းမှုနှင့် ဆက်နွှယ်မှုရှိကြောင်း သိရသည်။

ယခုနှစ်တွင် ဇွန်လဆန်းမှစ၍ ရှမ်းပြည်နယ်မြောက်ပိုင်းမှ ထွက်သော နာနတ်သီးများကို မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ မြန်မာတောင်သူများနှင့် ပွဲစားများက တိုက်ရိုက်တင်ပို့ရောင်းချမှုများ ပြုလုပ်ခဲ့ရာ လမ်းခရီးတွင် အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာခြင်းနှင့် ဆေးဝါးများသုံး၍ သီးနှံအမှည့်မြန်သဖြင့် သီးနှံပို့ဆောင်ရာတွင် ပျက်စီးမှုရှိခြင်းတို့ကြောင့် နာနတ်သီးတောင်သူများအနေဖြင့် ယခုရာသီတွင် အရှုံးဖြင့် ပို၍ရင်ဆိုင်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ -သန်းစိုး**

## တစ်ပတ်အတွင်း စိုက်ပျိုးရေးထွက်ကုန်ဈေးနှုန်းများ

(ဩဂုတ် ၆ ရက်မှ ၁၀ ရက်အထိ)

**ဆန်၊ စပါးဈေး အနည်းငယ်တက်**

ဒီတစ်ပတ်မှာတော့ ဆန်ချောဈေးရော ဆန်ကြမ်းဈေးပါ ရန်ကုန် ဝါးတန်းကုန်စည်ဒိုင်မှာ ဈေးတက်လာခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်မှာ ဆန်အဝင်နည်းပြီး အရောင်းအဝယ်များရင် ဈေးအနည်းငယ်တက်လာပြီး ဆန်အဝင်များရင် ဈေးအနည်းငယ်ကျဆင်းပါတယ်။ စပါးအဓိကထွက်ရှိတဲ့ဒေသတွေမှာ မိုးသည်းထန်စွာရွာသွန်းတဲ့အတွက် စပါးခင်းတွေ အများအပြားပျက်စီးခဲ့တာလည်း ဆန်ဈေးကို တက်စေပါတယ်။ ပြီးခဲ့တဲ့အပတ်တုန်းကတော့ ဆန်ကြမ်းဈေးတွေကျဆင်းပြီး ဆန်ချောဈေးက ငြိမ်ခဲ့ပေမယ့် ဒီတစ်ပတ်မှာ နှစ်မျိုးလုံး ဈေးတက်လာခဲ့တာပါ။

ဆန်ကြမ်းထဲမှာ ဧည့်မထ ၂၅ ရာခိုင်နှုန်းတန်ဆန်က တစ်အိတ်ကို ကျပ် ၂၀၅၀၀ ကနေ ၂၀၇၀၀ ကြား ပေါက်ဈေးရှိပြီး တစ်အိတ်မှာ ၂၀၀ ကျပ် ဈေးတက်သွားပါတယ်။ ရက် ၉၀ ဆန်က တစ်အိတ်ကို ကျပ် ၂၃၅၀၀ ကနေ ၂၄၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၀၀၀ ကျပ်၊ သီးထပ်ရှယ်က တစ်အိတ်ကို ကျပ် ၂၂၅၀၀ ကနေ ၂၂၆၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၆၀၀ ကျပ် ဈေးတက်လာခဲ့ပါတယ်။ ဆန်ချောဖြစ်တဲ့ ပေါ်ဆန်းက တစ်အိတ်ကို ကျပ် ၄၂၀၀၀ ကနေ ၄၃၅၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ကျပ် ၅၀၀ နဲ့ ပေါ်ဆန်းရှယ်က တစ်အိတ်ကို ကျပ် ၂၀၀၀ ခန့် ဈေးတက်လာခဲ့ပါတယ်။

ပုသိမ်ဈေးကွက်မှာတော့ ပထမတန်းစားစပါးရော ဒုတိယတန်းစားစပါးရော ဈေးငြိမ်နေပြီး ပထမတန်းစားစပါးထဲက ပေါ်ဆန်းရင်တစ်မျိုးတည်းသာ ဈေးတက်ခဲ့ပါတယ်။ ပေါ်ဆန်းရင်စပါး တင်း ၁၀၀ ကို ကျပ် ၁၁၂၀၀၀၀ ကျော်ပေါက်ဈေးနဲ့ ကျပ် ၂၅၀၀၀ ကျော် ဈေးတက်ခဲ့တာဖြစ်ပါတယ်။ ပေါ်ဆန်းရင်ဆန်ကလည်း တစ်တင်းခွဲ တစ်အိတ်ကို ကျပ် ၄၅၀၀၀ ဈေးနဲ့ တစ်အိတ်မှာ ကျပ် ၁၀၀၀ လောက် ဈေးတက်ခဲ့ပါတယ်။

ဇူလိုင်လအတွင်း မိုးရွာသွန်းတဲ့အတွက်ကြောင့် ရေကြီးနစ်မြုပ်ခဲ့တဲ့ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်တို့မှာ ရေနစ်မြုပ်မှုတွေကြောင့် လယ်မြေဧက သုံးသိန်းကျော် ပျက်စီးခဲ့ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ ထုတ်ပြန်ထားချက်အရ သိရပါတယ်။

**ဈေးကျလာတဲ့ မတ်ပဲ(FAQ/RC)**

မတ်ပဲကတော့ ပြီးခဲ့တဲ့အပတ်က ဈေးအနည်းငယ်တက်ခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ရန်ကုန်ဈေးကွက်မှာ ဈေးငြိမ်နေပြီး နယ်ကုန်စည်ဒိုင်တွေမှာ ဈေးကျဆင်းသွားခဲ့ပါတယ်။ အရောင်းအဝယ်က ရက်ခြားသာရှိနေပြီး ပဲခွဲစက်များကသာ ပုံမှန်ဝယ်ယူနေခြင်းကြောင့် ဈေးက အများကြီးကျဆင်းသွားတာမျိုးတော့ မရှိပါဘူး။ ပြည်ပဝယ်ယူမှုအနေနဲ့တော့ ပုံမှန်တင်ပို့မှုတွေ ရှိနေပါတယ်။

ရန်ကုန်ဈေးကွက်မှာ မတ်ပဲ(FAQ/RC)က ၂၀၁၇ ထွက်ရော၊ ၂၀၁၈ ထွက်ရော နှစ်မျိုးလုံး တစ်တန်ကို ကျပ် ၄၃၀၀၀၀ ကျော်ဈေးနဲ့ အတက်အကျရှိခဲ့ပါတယ်။ မုံရွာကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၁၄၂၅၀ ရှိပြီး ၂၅၀ ကျပ်၊ ပြည်ကုန်စည်ဒိုင်မှာ တစ်တင်းကို ၁၄၂၀၀ ကျပ်ရှိပြီး ၄၀၀ ကျပ် ဈေးကျဆင်းသွားခဲ့ပြီးတော့ နေပြည်တော်မှာတော့ တစ်တင်းကို ၁၃၃၀၀ ကျပ်နဲ့ ဈေးငြိမ်နေပါတယ်။ လက်ရှိမှာတော့ မတ်ပဲက ဈေးနှုန်းမြင့်တက်နိုင်တဲ့အခြေအနေ မရှိသေးကြောင်း ကုန်သည်တွေက သုံးသပ်ထားပါတယ်။

**ပဲစင်းငုံနီလည်း ဈေးအနည်းငယ်ကျ**

ပြီးခဲ့တဲ့အပတ်က ဈေးအနည်းငယ်တက်ခဲ့တဲ့ ပဲစင်းငုံနီက ဒီတစ်ပတ်မှာ ဈေးကျဆင်းသွားခဲ့ပါတယ်။ ပြည်တွင်းဝယ်ယူမှုမရှိတဲ့အပြင် ပြည်ပဝယ်ယူမှုလည်း နည်းတဲ့အတွက် နယ်ကုန်စည်ဒိုင်တွေမှာပါ ဈေးကျဆင်းသွားခဲ့တာဖြစ်ပါတယ်။ ရန်ကုန်ဈေးကွက်မှာလည်း ဈေးအပြောင်းအလဲ အနည်းငယ်ရှိပေမယ့် ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် ဈေးကျဆင်းခဲ့ပါတယ်။

ရန်ကုန်ဈေးကွက်မှာ တစ်တန်ကို ကျပ် ၄၈၀၀၀၀ ဝန်းကျင်နဲ့ အတက်အကျရှိခဲ့ပေမယ့် နယ်ကုန်စည်ဒိုင်တွေဖြစ်တဲ့ မုံရွာကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၁၂၁၅၀ ဈေးနဲ့ တစ်တင်းမှာ ကျပ် ၇၀၀ နီးပါး ဈေးကျသွားခဲ့ပါတယ်။ ပြည်ကုန်စည်ဒိုင်နဲ့ မြင်းခြံကုန်စည်ဒိုင်တို့မှာလည်း တစ်တင်းမှာ ကျပ် ၅၀၀ ခန့် ဈေးကျသွားခဲ့ပြီး ပခုက္ကူကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၂၅၀ ခန့် ဈေးကျခဲ့ပါတယ်။

**ဈေးငြိမ်နေတဲ့ ပဲတီစိမ်း**

ပဲတီစိမ်းကတော့ ဒီတစ်ပတ်မှာ ဈေးငြိမ်နေပါတယ်။ တရုတ်ဝယ်လက်ပုံမှန်ရှိနေတဲ့အတွက် လက်ရှိဈေးနဲ့ ငြိမ်နေတာလည်းဖြစ်ပါတယ်။ အချို့နယ်ကုန်စည်ဒိုင်တွေမှာတော့ မိုးကြောင့်ပျက်စီးခဲ့တဲ့ပဲတွေကြောင့် ဈေးကောင်းမရဘဲ ကျဆင်းနေခဲ့ပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ ပဲတီစိမ်းခရမ်းရွှေဝါက တစ်ပိဿာကို ကျပ် ၂၂၅၀ နဲ့ ဈေးအမြင့်ဆုံးရရှိနေပြီး ပဲခူးရွှေဝါနဲ့ ရိုးရိုးတို့ကတော့ တစ်ပိဿာကို အနိမ့်ဆုံးဈေး ကျပ် ၁၃၃၀ ကနေ ၂၀၀၀ အထိ ဈေးရရှိနေပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ ပဲတီစိမ်း(အကြီး၊ အသေး)က တစ်ပိဿာကို ကျပ် ၁၃၅၀ ကနေ ၁၄၅၀ အထိ ပေါက်ဈေးရှိပြီး တစ်ပိဿာမှာ ၅၀ ကျပ်၊ မြင်းခြံကုန်စည်ဒိုင်မှာ တစ်ပိဿာကို ကျပ် ၁၂၂၀ နဲ့ တစ်ပိဿာမှာ ၁၀၀ ကျပ် ဈေးတက်လာခဲ့ပါတယ်။ ပြည်ကုန်စည်ဒိုင်မှာတော့ ပဲတီစိမ်း(အသေး)က တစ်ပိဿာကို ၁၂၅၀ နဲ့ တစ်ပိဿာမှာ ၆၀၀ ကျပ်၊ ပခုက္ကူကုန်စည်ဒိုင်မှာတော့ ၁၅၅၀ နဲ့ တစ်ပိဿာမှာ ၅၀ ကျပ် ဈေးကျဆင်းသွားခဲ့ပါတယ်။

**ဈေးအတက်အကျနဲ့ ကုလားပဲ**

ကုလားပဲကတော့ တစ်ပတ်အတွင်း ဈေးအတက်အကျရှိခဲ့ပါတယ်။ ရန်ကုန်ဝယ်လက်အချို့ပုံမှန်ဝယ်ယူလာပေမယ့် ရက်ခြားဝယ်ယူမှုတွေရှိခဲ့တဲ့အတွက် နယ်ကုန်စည်ဒိုင်အချို့မှာ ဈေးကျဆင်းသွားခဲ့ပါတယ်။ ကုလားပဲ V2အမျိုးအစားထက် ကုလားပဲလုံးကြီးဖြစ်တဲ့ V7 နဲ့ 929 တို့က ဈေးပိုမိုရရှိခဲ့ပြီး ဈေးကွက်အတွင်း အရောင်းအဝယ်ပိုဖြစ်တာကိုလည်း တွေ့ရပါတယ်။

မုံရွာကုန်စည်ဒိုင်မှာ ကုလားပဲလုံးဝါ(ကြီး၊ သေး)တို့က တစ်တင်းကို ကျပ် ၂၁၆၀၀ ကနေ ၂၃၆၀၀ ရှိပြီး တစ်တင်းမှာ ကျပ် ၅၀၀ နီးပါး ဈေးကျဆင်းခဲ့ပါတယ်။ ကုလားပဲလုံးဖြူ(ကြီး၊ သေး)တို့ကတော့ တစ်တင်းကို ကျပ် ၂၃၆၀၀ ကနေ ၂၄၅၀၀ ရှိပြီး တစ်တင်းမှာ ကျပ် ၂၀၀ လောက် ဈေးတက်လာပါတယ်။ မြင်းခြံကုန်စည်ဒိုင်မှာတော့ ကုလားပဲလုံးဝါ(ကြီး)နဲ့ ပဲလုံးဖြူ(ကြီး) နှစ်မျိုးလုံး တစ်တင်းမှာ ကျပ် ၁၁၅၀ လောက် ဈေးတက်လာပါတယ်။

**မြေပဲဆန်(လုံးဆန်၊ ဆီဆန်)**

မြေပဲဆန်(လုံးဆန်၊ ဆီဆန်)တွေကတော့ ဒီတစ်ပတ်လည်း ဈေးတက်လာပါတယ်။ အရောင်းအဝယ်များခဲ့ပြီး အဝင်နည်းလာတဲ့အတွက် ဈေးတက်လာတာဖြစ်တယ်လို့ သိရပါတယ်။ ဆီစက်တွေကလည်း အဝယ်ပုံမှန်ရှိနေပါတယ်။ မုံရွာကုန်စည်ဒိုင်မှာတော့ မြေပဲဆန်(လုံးဆန်၊ ဆီဆန်ရော) တစ်ပိဿာကို ကျပ် ၂၆၅၀ ကနေ ၃၀၀၀ အထိ ပေါက်ဈေးရှိပြီး တစ်ပိဿာမှာ ကျပ် ၂၀၀လောက် ဈေးတက်လာခဲ့ပါတယ်။ မြင်းခြံကုန်စည်ဒိုင်နဲ့ပြည်ကုန်စည်ဒိုင်တို့မှာလည်း တစ်ပိဿာကို ၁၀၀ ကျပ်ခန့် ဈေးတက်လာခဲ့ပါတယ်။

**ငရုတ် ဈေးတက်လာ**

ငရုတ်က ရန်ကုန်ဈေးကွက်မှာ ဆင်ဖြူကျွန်းတို့ စိမ်းစားတို့ပါ ဈေးအမြင့်နဲ့ ဝင်ရောက်လာခဲ့ပါတယ်။ အိန္ဒိယငရုတ်ရှည်ကလည်း လက်ရှိငွေဈေးမြင့်တက်နေတဲ့အတွက် ဈေးတက်နေတာကို တွေ့ရပါတယ်။ တစ်ခြားငရုတ်ရှည်တွေကတော့ ဈေးကွက်အတွင်း အဝင်မရှိတော့ပါဘူး။

ရန်ကုန်ဈေးကွက်မှာ ဆင်ဖြူကျွန်းငရုတ်ပွ တစ်ပိဿာကို ကျပ် ၁၁၀၀၀ ကနေ ၁၂၀၀၀ နဲ့ ဈေးကွက်အတွင်းဝင်လာပြီး စိမ်းစားငရုတ်ပွကလည်း တစ်ပိဿာကို ကျပ် ၁၀၀၀၀ နဲ့ ဈေးကွက်ဝင်လာပါတယ်။ အိန္ဒိယငရုတ်ရှည်ကတော့ တစ်ပိဿာကို ကျပ် ၄၁၀၀ ကနေ ၄၁၅၀ ခန့် ပေါက်ဈေးရှိပါတယ်။ နေပြည်တော်ကုန်စည်ဒိုင်မှာလည်း ငရုတ်ခြောက်(ရှည်)က တစ်ပိဿာကို ကျပ် ၇၀၀၀ ရှိပြီး ကျပ် ၅၀၀ ခန့် ဈေးတက်သလို ငရုတ်ခြောက်(ပွ)က တစ်ပိဿာကို ကျပ် ၁၁၀၀၀ နဲ့ ကျပ် ၂၀၀၀ အထိ ဈေးတက်လာခဲ့ပါတယ်။ ပြည်ကုန်စည်ဒိုင်မှာလည်း ငရုတ်ခြောက်(ရှည်)က ကျပ် ၄၃၀၀ ဈေးရှိပြီး ကျပ် ၁၀၀ လောက် ဈေးတက်လာခဲ့ပါတယ်။

**စားအုန်းဆီဈေး အမြင့်ဆုံးတက်**

ဒီတစ်ပတ်မှာ အမြင့်ဆုံးနဲ့ အများဆုံး ဈေးတက်လာခဲ့တဲ့ စားသုံးကုန်ကတော့ စားအုန်းဆီဖြစ်ပါတယ်။ ပြည်ပငွေလဲနှုန်း မြင့်လာတာနဲ့အမျှ ပြည်ပကနေ အဓိကတင်သွင်းတဲ့ စားအုန်းဆီကလည်း ဈေးနှုန်းမြင့်တက်လာခဲ့တာပါ။ ပြီးခဲ့တဲ့အပတ်က ရန်ကုန်ဈေးကွက်မှာ စားအုန်းဆီတစ်ပိဿာကို အများဆုံး ကျပ် ၁၆၀၀ သာ ရှိခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ တစ်ပိဿာကို ကျပ် ၁၉၀၀ အထိ မြင့်တက်သွားပါတယ်။ မန္တလေးကုန်စည်ဒိုင်မှာလည်း တစ်ပိဿာကို ကျပ် ၁၉၅၀ ရှိပြီး ၂၀၀ ကျပ်ခန့် မြင့်တက်ခဲ့သလို မုံရွာကုန်စည်ဒိုင်မှာလည်း တစ်ပိဿာကို ကျပ် ၂၀၀၀ ဈေးရှိပြီး ၃၀၀ ကျပ်ခန့် မြင့်တက်သွားခဲ့ပါတယ်။

**ဈေးတက်လာတဲ့ ကြက်သွန်ဖြူ**

ကြက်သွန်ဖြူ(ကြူကုတ်)ကတော့ ဒီတစ်ပတ်မှာ ဈေးတက်လာပါတယ်။ တရုတ်ကတင်သွင်းတာဖြစ်တဲ့အတွက် ဈေးအတက်အကျကတော့ နိုင်ငံခြားငွေလဲနှုန်းနဲ့ မြန်မာ့ငွေဈေးအတက်အကျအပေါ် မူတည်နေတာလည်း တွေ့ရပါတယ်။ (ကြူကုတ်)က ရန်ကုန်ဈေးကွက်မှာ တစ်ပိဿာကို ကျပ် ၉၀၀ ကနေ ၉၅၀ အထိရှိပြီး တစ်ပိဿာကို ၁၀၀ ကျပ်လောက် ဈေးတက်လာခဲ့ပါတယ်။ ကြက်သွန်ဖြူ(ရှမ်း)ကတော့ ရန်ကုန်ဈေးကွက်မှာ ဈေးနှုန်းကျဆင်းနေပါတယ်။ ပြီးခဲ့တဲ့ အပတ်ကတည်းက ဈေးကျဆင်းနေခဲ့တာဖြစ်ပြီး ဒီတစ်ပတ်မှာလည်း တစ်ပိဿာကို ၁၀၀ကျပ်လောက် ဈေးထပ်ကျခဲ့ပါတယ်။ လက်ရှိပေါက်ဈေးကတော့ (တောင်ကြီး၊ အောင်ပန်း)က တစ်ပိဿာကို ကျပ် ၆၀၀ ကနေ ၁၂၅၀ ရှိပါတယ်။

**ဝတ်ရည်မွန်(AMIA)**

## ပိုင်ကျုံမြို့နယ်မှ ရေကြီးနစ်မြုပ်ခဲ့သည့် လယ်မြေများအတွက် မျိုးစပါးများပေးအပ်

**ပိုင်ကျုံ ဩဂုတ် ၁၂**

ကရင်ပြည်နယ် ဘားအံခရိုင် ပိုင်ကျုံမြို့တွင် ပြီးခဲ့သောရက်အတွင်းက ရေကြီးရေလျှံမှုများကြောင့် လယ်ယာမြေများပျက်စီးခဲ့ရာ အချိန်မီ ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရန်အတွက် ပိုင်ကျုံမြို့ စိုက်ပျိုးရေးဦးစီးဌာနက အရန်မျိုးစပါး တင်း ၃၃၀ ကို ဒေသခံတောင်သူများထံ ဩဂုတ် ၁၁ ရက်က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပိုင်ကျုံမြို့အတွင်း ယခုနှစ် မိုးစပါးစိုက်ပျိုးမှုမှာ စုစုပေါင်း ၅၇၇၄ ဧကရှိပြီး ရေလွှမ်းမိုးခဲ့သည့်ဧကမှာ ၁၅၁၇ ဧကရှိကာ အဆိုပါ ရေဝင်ခဲ့သည့် စိုက်ခင်းများအနက် ၁၁၈၂ ဧကတွင် ထိခိုက်မှုများရှိခဲ့ပြီး ကျန်ဧက ၃၆၀ မှာမူ လုံးဝပျက်စီးသွားခဲ့၍ ပျက်စီးခဲ့သော မိုးစပါးစိုက်ပျိုးလယ်မြေများကို ပြန်လည်ထူထောင်နိုင်ရေးအတွက် ပိုင်ကျုံမြို့ စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စောပီဖိုး(ပြန်/ဆက်)**

# တရုတ်ဈေးကွက်အတွက် မြန်မာ့သရက်သီး အရည်အသွေးနှင့် ထုပ်ပိုးမှု အဆင့်မြှင့်တင်ရန် လိုအပ်နေ

**သတင်းဆောင်းပါး - သန်းထိုက်**



(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၌ မြန်မာ့သရက်သီးများကိုဝယ်ယူနေသော တရုတ်ကုန်သည်များ ဓာတ်ပုံ-သန့်ဇင်(မူဆယ်)

အသီးအနှံဈေးကွက် တဖြည်းဖြည်းကြီးထွားလာနေသော တရုတ်နိုင်ငံတွင် မြန်မာနိုင်ငံ မန္တလေးနှင့် ကျောက်ဆည်မှ စိန်တစ်လုံးနှင့် ရွှေဟင်္သာသရက်သီးများသည် မျက်နှာပန်းလှပြီး ဈေးကွက်နေရာတစ်ခု ရရှိနေပြီဖြစ်သော်လည်း သီးနှံပို့ကုန်မှ နိုင်ငံခြားငွေရရှိရန် အပြိုင်အဆိုင် ကြိုးပမ်းလုပ်ဆောင်လာသော အခြားနိုင်ငံတို့မှာလည်း တရုတ်နိုင်ငံ၏ သရက်သီးဈေးကွက်ကို စတင်ချဉ်းကပ်နေပြီဖြစ်သောကြောင့် လက်ရှိမြန်မာ့သရက်သီး၏ အရည်အသွေးကို ဆက်လက်ထိန်းသိမ်းမှုနှင့်အတူ ထုပ်ပိုးမှုအပိုင်းကိုလည်း နည်းပညာဖြင့် ဖြည့်စွက်နိုင်ပါမှ မြန်မာ့သရက်သီးသည် ဆက်လက်ဦးမော့နေမည်ဖြစ်၍ လက်ရှိတွင် ထုပ်ပိုးမှုနည်းပညာများကို အဆင့်မြှင့်တင်ရန် လိုအပ်နေပြီဖြစ်ကြောင်း မူဆယ်မြို့(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ရှိ အရှေ့မြောက်တံခါး သစ်သီးကုန်စည်ဒိုင်မှ သိရသည်။

မြန်မာနိုင်ငံမှထွက်ရှိသော စိန်တစ်လုံးနှင့် ဟင်္သာ သရက်သီးသည် နိုင်ငံ၏ဂုဏ်ဆောင်အဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်သော သီးနှံတစ်မျိုးဖြစ်ပြီး တရုတ်နိုင်ငံကလည်း မက်မက်မောမော နှစ်ခြိုက်စွာ စားသုံးလျက်ရှိသည်။ တရုတ်နိုင်ငံ ဟိုင်နန်ကျွန်း၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်နှင့် လာအိုနိုင်ငံတို့မှထွက်ရှိသော သရက်သီးများကို တရုတ်နိုင်ငံ၏ သီးနှံဈေးကွက်တွင် နေရာရရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြသော်လည်း မြန်မာ့သရက်သီး၏အရသာကို မယှဉ်နိုင်သေးသောကြောင့် ယနေ့တိုင် မြန်မာ့သရက်သီးသည် ဈေးကွက်နံပါတ်တစ်နေရာတွင် ရပ်တည်လျက်ရှိခြင်းဖြစ်ကြောင်း သိရသည်။

"တရုတ်သရက်သီးဈေးကွက်ကို ဝင်တိုးနေတဲ့နိုင်ငံတွေက မန္တလေးစိန်တစ်လုံးနဲ့ ဟင်္သာသရက်သီးအရသာကို မမီသေးဘူး၊ ဒါပေမယ့် ထုပ်ပိုးစနစ်ကို ပြုပြင်ပြောင်းလဲဖို့တော့ အမြန်လိုအပ်နေပါပြီ၊ အသီးကို သေသေချာချာအိတ်စွပ်တာ၊ ရေညှိနဲ့ အမည်းစက်ပျောက်အောင် ဆေးဖျန်းတာတွေ၊ အနာအဆာကင်းအောင် သယ်ပို့နိုင်ဖို့တွေကို တောင်သူတွေ (၁၀၅)မိုင်ကိုရောက်တိုင်း တိုက်တွန်းပြောကြားပေမယ့် လိုအပ်ချက်တွေ ရှိနေပါသေးတယ်၊ တရုတ်ပြည်မှာက စိန်တစ်လုံးရောင်းအားကောင်းတဲ့အတွက် သူတို့ကိုယ်တိုင် စိန်တစ်လုံးအရသာအတိုင်း ထုတ်လုပ်နိုင်ဖို့ ကြိုးစားနေကြတယ်၊ ကိုင်းကူး၊ ကိုင်းဆက်ပညာတွေနဲ့ လုပ်ဆောင်နေတာကြောင့် ၂၀၁၈ ခုနှစ်မှာ တရုတ်စိန်တစ်လုံးသရက်သီးဟာ တရုတ်သီးနှံဈေးကွက်ထဲ ဝင်ရောက်နေပါပြီ၊ ဒါပေမယ့် မြန်မာနိုင်ငံက သရက်တောင်သူတွေ ကံကောင်းနေတာတစ်ခုက မြန်မာ့စိန်တစ်လုံးသရက်သီးအရသာကို ဘယ်သရက်သီးကမှ မမီသေးဘူးဖြစ်နေတယ်။ တောင်ကြီးကလည်း စိန်တစ်လုံးထွက်နေပါပြီ၊ တောင်ကြီးစိန်တစ်လုံးနဲ့ ကျောက်ဆည်စိန်တစ်လုံးခွဲပြီး အတူစားရင် ကျောက်ဆည်စိန်တစ်လုံးရဲ့အရသာကို မမီတာကို တွေ့ရမှာပါ။ လိုအပ်နေတာက တင်ပို့တဲ့အခါမှာ ထုပ်ပိုးမှုအပိုင်း အားနည်းနေတယ်၊ တခြားနိုင်ငံက ကျောက်ဆည်စိန်တစ်လုံးအရသာကို ဖန်တီးနိုင်ခဲ့ရင် သရက်သီးဈေးကွက်မှာ ထုပ်ပိုးမှုလိုအပ်နေတဲ့ မြန်မာ့သရက်သီးတောင်သူတွေအတွက် ထိခိုက်လာနိုင်တယ်၊ ဒါကြောင့် အချိန်မီ ထုပ်ပိုးမှုအပိုင်းကို ပြင်ဆင်ဖို့လိုနေပါပြီ၊ သရက်သီးအရည်အသွေးကို ဆက်ပြီးတိုးမြှင့်ထိန်းသိမ်းဖို့လည်း လိုလာတယ်"ဟု မူဆယ်မြို့အရှေ့မြောက်တံခါး အများပိုင်ကုမ္ပဏီ၏ သစ်သီးကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးစိုင်းထွန်းဝင်းက ပြောသည်။

တရုတ်နိုင်ငံမှတစ်ဆင့် ဥရောပနိုင်ငံများသို့တိုင် ခြေဆန့်လျက်ရှိသော မြန်မာ့သရက်သီး၏ အရသာနှင့် ဈေးကွက်ကို ထိန်းချုပ်နိုင်ရန် မူဆယ်(၁၀၅)မိုင် သစ်သီးဒိုင်သို့ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် ထိုင်းနိုင်ငံတို့က အကြိမ်ကြိမ် လာရောက်လေ့လာလျက်ရှိပြီး ထိုင်းနိုင်ငံသည် တရုတ်သရက်သီးဈေးကွက်ကို အထူးစိတ်အားထက်သန်လျက်ရှိ၍ မဲခေါင်မြစ်မှ ပို့ဆောင်ရာတွင် ခရီးဝေးခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းတို့ကြောင့် ကောင်းမွန်သောနည်းလမ်းများဖြင့် တရုတ်သရက်သီးဈေးကွက်ကို ထိုးဖောက်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံသည် အခြားသောနိုင်ငံတို့ထက် တရုတ်နိုင်ငံ၏ သရက်သီးဈေးကွက်နှင့် နီးကပ်စွာရှိနေသည့်အတွက် ကောင်းမွန်သောအခွင့်အရေးကို ရရှိထားပြီဖြစ်ရာ သရက်သီး အရည်အသွေးပို၍ကောင်းမွန်လာစေရန်နှင့် ထုပ်ပိုးမှုပိုင်းတွင် အခြားနိုင်ငံများကဲ့သို့ ကောင်းမွန်သောထုပ်ပိုးမှုနည်းပညာများ ပြောင်းလဲရန်သာ လိုအပ်နေကြောင်း သိရသည်။

"တရုတ်နိုင်ငံရဲ့ တဖြည်းဖြည်းကြီးထွားလာတဲ့သီးနှံဈေးကွက်နဲ့ အနီးဆုံးမှာရှိနေတာဟာ ကျွန်တော်တို့နိုင်ငံတွေထက် မြန်မာနိုင်ငံက ကံကောင်းတယ်လို့ ဆိုရမှာပါ၊ သရက်သီးကို ထိုင်းနိုင်ငံက သိပ်စိတ်ဝင်စားတယ်၊ (၁၀၅)မိုင်အထိကို နယ်စပ်ရေးရာဝန်ကြီးအပါအဝင် ကုန်သည်ကြီး ၃၀ အကြိမ်ကြိမ် လာလေ့လာတယ်၊ အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ်ကလည်း တရုတ်ဈေးကွက်ကို လာပြီးလေ့လာတယ်၊ သူတို့အခက်အခဲက သယ်ယူပို့ဆောင်ရေးပဲ၊ ကျွန်တော်တို့က အခွင့်အရေးအကောင်းဆုံးရနေသလို ဈေးကွက်လည်းရပြီးနေပြီ၊ အရသာလည်း နာမည်ရပြီးသား၊ အရည်အသွေး အဆင့်မြင့်လာအောင်နဲ့ ပြင်ဆင်ထုပ်ပိုးမှုအပိုင်းကို နိုင်ငံခြားပို့ကုန်အရည်အသွေးမီအောင် ပြုပြင်နိုင်ရမယ်၊ ဒါတွေကို မပြုပြင်ဘဲ ဖြစ်ပါတယ်ဆိုတဲ့ သမားရိုးကျအတိုင်းသာ သွားနေမယ်ဆိုရင်တော့ ကျွန်တော်တို့ တရုတ်သရက်သီးဈေးကွက်မှာ နောက်ကျကျန်ရစ်ခဲ့နိုင်တယ်"ဟု ဦးစိုင်းထွန်းဝင်းက မြန်မာတောင်သူများအတွက် အသိပေးစကား ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် လျှိုမြောင်များကိုပိတ်၍ ရေအားလျှပ်စစ်ကို တရုတ်နိုင်ငံက ပြုလုပ်ပေးသောကြောင့် ရေကောင်းစွာရရှိသည့်အတွက် ယခုအခါ အစိုးရနှင့် တောင်သူများ ပူးပေါင်းပြီး ဧက သောင်းချီ၍ သရက်ပင်များ စိုက်ပျိုးပြီးဖြစ်ကာ တရုတ်နိုင်ငံ၏ သရက်သီးဈေးကွက်ကို ထိုးဖောက်နိုင်ရန် ဆောင်ရွက်နေပြီဖြစ်ကြောင်းလည်း သိရသည်။

လက်ရှိတွင် တရုတ်နိုင်ငံမှတစ်ဆင့် ကမ္ဘာ့ဈေးကွက်သို့တိုင် ဖြန့်ချိလျက်ရှိသည့် စိန်တစ်လုံးသရက်သီးဈေးကွက်တွင် တရုတ်(ဟိုင်နန်ကျွန်း)၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ လာအိုနှင့် ထိုင်းနိုင်ငံတို့က ဈေးကွက်ရရှိရန် အပြိုင်အဆိုင် ကြိုးပမ်းလျက်ရှိနေပြီး မြန်မာနိုင်ငံအနေဖြင့်မူ ဈေးကွက်တွင် မျက်နှာပန်းလှ နေရာရထားပြီးဖြစ်ရာ ရရှိထားသောအခွင့်အရေးကို ဆက်လက်ထိန်းချုပ်ထားနိုင်ရန်နှင့် တရုတ်နိုင်ငံ၏ သရက်သီးဈေးကွက်တွင် ထိပ်ဆုံးမှ ဆက်လက်ရပ်တည်နိုင်ရန်အတွက် ပို့ကုန်ထုပ်ပိုးမှုအပိုင်းတွင် အဆင့်မြှင့်တင်မှုများ အမြန်ဆုံးဆောင်ရွက်ရန် လိုအပ်နေကြောင်း နယ်စပ်ကုန်သွယ်ရေးရှိ သစ်သီးကုမ္ပဏီများနှင့် ဒိုင်များက မြန်မာ့သရက်သီးအနာဂတ်အတွက် သတိပေးတိုက်တွန်းလျက်ရှိသည်။ ။

"တရုတ်ပြည်မှာက စိန်တစ်လုံးရောင်းအားကောင်းတဲ့အတွက် သူတို့ကိုယ်တိုင် စိန်တစ်လုံးအရသာအတိုင်း ထုတ်လုပ်နိုင်ဖို့ ကြိုးစားနေကြတယ်၊ ကိုင်းကူး၊ကိုင်းဆက်ပညာတွေနဲ့ လုပ်ဆောင်နေတာကြောင့် ၂၀၁၈ ခုနှစ်မှာ တရုတ်စိန်တစ်လုံးသရက်သီးဟာ တရုတ်သီးနှံဈေးကွက်ထဲ ဝင်ရောက်နေပါပြီ၊ ဒါပေမယ့် မြန်မာနိုင်ငံကသရက်တောင်သူတွေ ကံကောင်းနေတာတစ်ခုက မြန်မာ့စိန်တစ်လုံး သရက်သီးအရသာကို ဘယ်သရက်သီးကမှ မမီသေးဘူးဖြစ်နေတယ်၊ လိုအပ်နေတာက တင်ပို့တဲ့အခါမှာ ထုပ်ပိုးမှုအပိုင်းအားနည်းနေတယ်၊ တခြားနိုင်ငံက ကျောက်ဆည်စိန်တစ်လုံးအရသာကို ဖန်တီးနိုင်ခဲ့ရင် သရက်သီးဈေးကွက်မှာ ထုပ်ပိုးမှုလိုအပ်နေတဲ့ မြန်မာ့ သရက်သီး တောင်သူတွေအတွက် ထိခိုက်လာနိုင်တယ်၊ ဒါကြောင့် အချိန်မီ ထုပ်ပိုးမှုအပိုင်းကို ပြင်ဆင်ဖို့လိုနေပါပြီ"

## အမိုးအကာဖြင့် ရာသီမရွေး တစ်နှစ်ပတ်လုံး ဟင်းသီးဟင်းရွက်များ စိုက်ပျိုးခြင်းကို သုတေသနပြုလေ့လာ

**နေပြည်တော် ဩဂုတ် ၁၂**

ဟင်းသီးဟင်းရွက်စိုက်ပျိုးရာတွင် မိရိုးဖလာနည်းအတိုင်း အမိုးအကာမဲ့စိုက်ပျိုးသည့်အခါ ပိုးမွှားကျရောက်မှုများသဖြင့် ဈေးကွက်ဝင်သီးနှံများရရှိရန် ခက်ခဲသောကြောင့် ဓာတုပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲကြခြင်း၊ သုံးစွဲမှုနည်းလမ်းနှင့် အချိန်အဆမမှန်ခြင်း၊ ဟင်းသီးဟင်းရွက် ရိတ်သိမ်းချိန်တွင် ဓာတ်ကြွင်းအာနိသင်များလာသဖြင့် စားသုံးသူများ၏ ကျန်းမာရေးကို ထိခိုက်စေရုံမျှမက ပိုးသတ်ဆေးသုံးစွဲသူ တောင်သူများအတွက်လည်း ကျန်းမာရေးထိခိုက်စေခြင်း စသည့်ပြဿနာများကို ဖြေရှင်းနိုင်ရန် ရည်ရွယ်၍ အမိုးအကာဖြင့် ရာသီမရွေး တစ်နှစ်ပတ်လုံး ဟင်းသီးဟင်းရွက်များ စိုက်ပျိုးခြင်း သုတေသန စမ်းသပ်ကွက်ကို စက်မှုသီးနှံနှင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ သုတေသနဌာနခွဲ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် သုတေသနဌာနစု၌ စိုက်ပျိုးထားကြောင်း သိရသည်။

အဆိုပါ စမ်းသပ်ကွက်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံပန်းမန် သုတေသနဌာနစုမှ တာဝန်ရှိသူများ၊ KOPIA မှ တာဝန်ရှိသူများနှင့် စိုက်ပျိုးရေးတက္ကသိုလ် ဥယျာဉ်ခြံသီးနှံဌာနမှ ဆရာ ဆရာမများက ဩဂုတ် ၁၁ ရက်က ကွင်းဆင်းလေ့လာကြည့်ရှုခဲ့ကြသည်။



ယင်းသုတေသနလုပ်ငန်းကို တာဝန်ယူဆောင်ရွက်နေသည့် ဒေါက်တာမြတ်သိမ့်ကိုက ယခုကဲ့သို့ အမိုးအကာဖြင့်စိုက်ပျိုးပြီး ပုံမှန်ထည့်သွင်းနေကျ သွင်းအားစုများအတိုင်း ထည့်သွင်း၍ စိုက်ပျိုးပါက တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်သည့်အပြင် သီးနှံအရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ တမာပိုးသတ်ဆေးကို အသုံးပြုထားခြင်းကြောင့် ကုန်ကျစရိတ်သက်သာခြင်း၊ ဓာတုပိုးသတ်ဆေးသုံးစွဲမှုမရှိခြင်းကြောင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းလုံခြုံစိတ်ချရခြင်း၊ တစ်နှစ်ပတ်လုံး ဟင်းသီးဟင်းရွက်များထွက်ရှိသည့်အတွက် အကျိုးအမြတ်များစွာရရှိနိုင်ခြင်း စသည့်အားသာချက်များကို ရရှိမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ်က အရည်အသွေးကောင်း ဟင်းသီးဟင်းရွက်များ တိုးတက်ထုတ်လုပ်နိုင်ရန်နှင့် တောင်သူများ အကျိုးအမြတ်ရရှိလာရေးအတွက် ကြိုးစားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

## လွိုင်းဘွဲ့မြို့နယ်မှ လယ်မြေများအတွက် မျိုးစပါးများထောက်ပံ့

**လွိုင်းဘွဲ့ ဩဂုတ် ၁၂**

ကရင်ပြည်နယ် လွိုင်းဘွဲ့မြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင်လကုန်ပိုင်းနှင့် ဩဂုတ်လဆန်းပိုင်းက ရေကြီးရေလျှံမှုများကြောင့် တာပေါင်ကျေးရွာမှ ပျက်စီးသွားသော မိုးစပါးစိုက်လယ်မြေများကို အချိန်မီ ပြန်လည်အစားထိုး စိုက်ပျိုးနိုင်ရန်အတွက် ကရင်ပြည်နယ် မျိုးစေ့ထုတ်အသင်းမှ မျိုးစပါးများထောက်ပံ့ပေးအပ်ပွဲကို ဩဂုတ် ၁၁ ရက်က အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

မျိုးစပါးထောက်ပံ့ပေးအပ်ပွဲတွင် ကရင်ပြည်နယ် မျိုးစေ့ထုတ်အသင်းဥက္ကဋ္ဌ ဦးစိုးသိန်းက ပျက်စီးသွားသောလယ်ယာမြေများတွင် အချိန်မီ ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရန်အတွက် မျိုးစပါးများနှင့် လိုအပ်သောအကူအညီများကို ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကြည်ဝင်းက မျိုးစေ့များကို စနစ်တကျစိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရေကြီးနစ်မြုပ်ခဲ့သည့်လယ်မြေများအတွက် မျိုးစပါး တင်း ၂၀၀ ကို တာပေါင်ကျေးရွာမှ ဒေသခံတောင်သူများထံသို့ တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကျွန်တော်နဲ့ သုတေသီများ



## ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

**တစ်လအတွင်း ကျွန်တော်သုတေသနလုပ်ငန်းနဲ့ ပတ်သက်ပြီး ဟောပြောပွဲတွေ နှစ်ကြိမ်လုပ်ဖြစ်ခဲ့တယ်။ ပထမအကြိမ်ကတော့ Myanmar Imperial College (MIC) ရဲ့ CEO ဒေါ်ပို့ပို့ကြည်က ဖိတ်တာ။ MIC မှာ သုတေသနအသင်းတစ်သင်းလည်း ဖွင့်ထားတာမို့ အသင်းဝင်များအတွက်ရော MIC မှာ တက်နေတဲ့ ဘွဲ့လွန်ကျောင်းသားတွေအတွက်ပါ ဟောပြောပွဲလုပ်ပေးဖို့။ တစ်ဖက်မှာလည်း စီးပွားရေးတက္ကသိုလ်မှာ ပါရဂူဘွဲ့အတွက် ကျမ်းကြီးရေးသားပြုစုနေတဲ့ ဆရာ ဆရာမများအတွက်ပါ ရည်ရွယ်ပြီး စီစဉ်ခဲ့တာဖြစ်တယ်။ ကျွန်တော်က စီးပွားရေးတက္ကသိုလ်ရဲ့ ဒုတိယပါမောက္ခချုပ်ဒေါက်တာထွန်းအောင်ကိုလည်း အမှာစကားပြောပေးဖို့ ဖိတ်ကြားခဲ့ပါတယ်။ MIC က ဒဂုံမြို့နယ်မှာ တည်ရှိပြီး အလွန်ခမ်းနားတဲ့ အဆောက်အအုံမှာ ဖွင့်လှစ်ထားတာ။ ကျွန်တော်က အခွင့်အရေးရတိုင်း သွားပြီးဆွေးနွေးပွဲတွေ လုပ်နေကျမို့ ရင်းနှီးနေတာ။ MIC မှာ နိုင်ငံခြားက ဆရာ ဆရာမများ လာရောက်သင်ကြားပေမယ့် တစ်ဖက်ကလည်း ပြည်တွင်းက ဆရာ ဆရာမများကလည်း ဝင်ရောက်ကူညီနေကြတာ တွေ့ရတယ်။ အထူးသဖြင့် စီးပွားရေးဘာသာရပ်တွေ သင်ကြားနိုင်တဲ့ စီးပွားရေးတက္ကသိုလ်က ဆရာ ဆရာမတွေရယ်၊ အငြိမ်းစားယူပြီးသူတွေရယ် ပါဝင်ပြီး သင်ကြားပို့ချနေတာဖြစ်တယ်။**

### ပုံစံအမျိုးမျိုးနဲ့ ဆောင်ရွက်ပေး

အခုချိန်မှာ MIC အပါအဝင် ပြင်ပကျောင်းတွေမှာ စီးပွားရေးပညာရပ်တွေနဲ့ ပတ်သက်ပြီး ဘွဲ့ကြိုဘွဲ့လွန် ဒီဂရီ သင်တန်းတွေ ပို့ချနေတာဖြစ်တယ်။ ဒီသင်တန်းတွေမှာ ဆရာ ဆရာမတွေကရှားတော့ စီးပွားရေးတက္ကသိုလ်က အငြိမ်းစား ယူထားတဲ့သူတွေ သင်ကြားနေတာ သဘာဝကျပါတယ်။ သုံးဦးသုံးဖက်အတွက် အဆင်ပြေတာ။ သင်တဲ့ ဆရာ ဆရာမ အတွက်ရော၊ သင်တန်းသားတွေ အတွက်ရော၊ ကျောင်း အတွက်ပါ အဆင်ပြေမှာ ဖြစ်တယ်။ အမှန်တော့ ကျန်းမာရေး လောကကို ကြည့်ရင် အလားတူအခြေအနေမျိုးပဲ။ ပုဂ္ဂလိက ဆေးရုံတွေဆိုပေမယ့် အချိန်ပိုင်းဆရာဝန်ကြီးတွေက လုပ်ငန်း ခွင်က ဆရာဝန်ကြီးတွေ။ တစ်ဖက်က အစိုးရအလုပ်လုပ်ပြီး တစ်ဖက်ကလည်း အခုလို ပုဂ္ဂလိက ဆေးရုံတွေမှာ ဝင်ရောက် နေတာဖြစ်တယ်။ ဒါကြောင့်လည်း ဆေးရုံတွေက များပေမယ့် နာမည်ကြီးတဲ့ ဆရာ ဆရာမကြီးတွေကတော့ နေရာအနှံ့မှာ ဝင်ရောက်လုပ်ကိုင်နေကြတာ တွေ့ရတယ်။ ကျွန်တော်တို့နိုင်ငံမှာ (Private Practice) ကိုယ်ပိုင်ဆေးကုသခွင့်ရှိနေတော့ အခုလိုပဲ ဖြစ်နေမှာ။ တချို့နိုင်ငံတွေမှာတော့ အစိုးရဝန်ထမ်းဖြစ်ရင် ပြင်ပမှာ ဆေးကုသခွင့် မပေးထားဘူး။ တစ်ခုတော့ ရှိပါတယ်။ အစိုးရဝန်ထမ်းကို ပြင်ပမှာ ကုသရင် ရမယ့်အခကြေးငွေနဲ့ ညီမျှအောင် ပုံစံအမျိုးမျိုးနဲ့ ဆောင်ရွက်ပေးနေတာ တွေ့ရတယ်။

### ပြတ်သားတဲ့ မူဝါဒတွေ လိုအပ်

ပညာရေးလောကမှာ ဒီကိစ္စနဲ့ ပတ်သက်လို့ စဉ်းစားစရာတွေက ရှိတယ်။ ကျောင်းမှာ စာသင်နေကြတဲ့ ဆရာ ဆရာမတွေ ကျူရှင်လို့ခေါ်တဲ့ ကျောင်းပြင်ပမှာ စာသင်ခွင့် ရှိ မရှိ။ လက်တွေ့မှာတော့ လုပ်နေကြတာကို မြင်ရတယ်။ ဒီကိစ္စဟာလည်း စနစ်ရဲ့အကျိုးဆက်တွေပဲ။ မသင်ရဘူးဆိုတဲ့ တားမြစ်ချက်တွေ လုပ်ပြန်ရင် အခက်သား။ ပြတ်သားတဲ့ မူဝါဒတွေ လိုအပ်နေသလိုပဲ။

ဆွေးနွေးပွဲအစမှာ ဒေါ်ပို့ပို့ကြည်နဲ့ ဒေါက်တာထွန်းအောင်တို့က အမှာစကားပြောခဲ့တယ်။ ဆရာထွန်းအောင်ရဲ့ အမှာစကားမှာ တစ်ချိန်က စီးပွားရေးတက္ကသိုလ်မှာရှိစဉ် ကျွန်တော့်ရဲ့လှုပ်ရှားမှုတွေအကြောင်း ဖောက်သည်ချခဲ့တယ်။ သုတေသနလုပ်ငန်းနဲ့ ပတ်သက်ပြီး ကျွန်တော်က ဝါဏိဇ္ဇဗေဒဌာနမှာ ၁၉၆၆ က နည်းပြဆရာအဖြစ် တာဝန်စယူခဲ့တယ်။ လျှောက်တုန်းက ဝါဏိဇ္ဇဗေဒဌာနမှာ လျှောက်ပေမယ့် ရာထူးနေရာမရှိလို့ သုတေသနဌာနမှာ နည်းပြအဖြစ် ခန့်အပ်ခဲ့တယ်။ သုတေသနဌာနဆိုတာလည်း ပါမောက္ခဌာနမှူး တစ်ယောက်ပဲရှိတယ်။ သူက နာမည်ကျော်ဒေါက်တာ ရောနယ်ဖင်းလေး။ ဆရာက ထူးချွန်တယ်။ ကပြားဖြစ်နေတဲ့အတွက် အခက်အခဲတွေကြုံခဲ့ရပြီး သူ့ကို နှစ်သိမ့်တဲ့အနေနဲ့ ပါမောက္ခ ရာထူးပေးခဲ့တာ။ သူက ဘောဂဗေဒဌာနမှာပဲ စာသင်နေတာ။ ကျွန်တော်ကလည်း ဝါဏိဇ္ဇဗေဒဌာနမှာပဲ စာသင်ဖို့ တာဝန်ကျတော့ အမည်ခံ သုတေသနဌာန ဝန်ထမ်းဖြစ်ခဲ့တယ်။ သူကလည်း ကျွန်တော့်ကို ဝါဏိဇ္ဇဗေဒဌာနမှာပဲ အာရုံစိုက်ဖို့ ပြောခဲ့တယ်။ ဟိုခေတ်က တက္ကသိုလ်ပတ်ဝန်းကျင်မှာ ခေတ်စားတဲ့ ကိစ္စတစ်ခုက သုတေသနဆွေးနွေးပွဲတွေ နှစ်စဉ်ကျင်းပတာ။ ပွဲတွေမှာ ပါမောက္ခတွေ၊ ဆရာ ဆရာမတွေက သုတေသနစာတမ်းတွေဖတ်၊ ဆွေးနွေးကြ၊ ငြင်းခုံတာ ပျော်စရာကြီး။ အဲဒီအချိန်ကစပြီး သုတေသနပိုး စွဲကပ်ခဲ့တာ။ ကျွန်တော်ပါရဂူဘွဲ့ရပြီး ပြန်လာတဲ့အချိန်မှာတော့ အရှိန်အဟုန်နဲ့ သုတေသနအလုပ်တွေ လုပ်ခဲ့တယ်။ စာတမ်းတွေ ပြုစုခဲ့တယ်။ ဖတ်ကြားတင်သွင်းခဲ့တယ်။ ကြီးကြပ်ခဲ့ပါတယ်။ စီးပွားရေးတက္ကသိုလ်မှာသာမက သမဝါယမဝန်ကြီးဌာန၊ ဗဟိုသမဝါယမ အသင်းကြီးအတွက် သုတေသနမျိုးစုံကို လုပ်ခဲ့တယ်။ စာတမ်းတွေလည်း ရေးခဲ့တယ်။ တစ်ဖက်ကလည်း မြန်မာနိုင်ငံဆရာဝန်များ အသင်းကြီးမှာ သုတေသနစာတမ်းတွေ တင်ခဲ့တယ်။ ကျွန်တော့်ရဲ့ အားနည်းချက်က ဒီစာတမ်းတွေကို စနစ်တကျ မသိမ်းဆည်းခဲ့ဘူး။ အခုပြန်ရှာဖို့ မလွယ်တော့ဘူး။ သက်သေပြစရာမရှိဘူး။ ဒါကသင်ခန်းစာတစ်ရပ်ပဲ။ ကျွန်တော်က ဆွေးနွေးပွဲမှာ သုတေသီတစ်ဦးမှာ ရှိရမယ့် အခြေခံအသိအတတ်လေးရပ်နဲ့ အသေးစိတ် ၁၂ ချက်ကို အချိန်ယူပြီး တင်ပြခဲ့ပါတယ်။

### တီထွင်ကြံဆနိုင်မှုပဲဖြစ်

သုတေသနဆောင်ရွက်မယ့်သူမှာ ပထမအခြေခံက အသိတရားနဲ့ ဉာဏ်ရည်တွက်ချက်မှုပဲ ဖြစ်ပါတယ်။ သုတေသနဆောင်ရွက်ဖို့ အခြေခံလိုအပ်ချက်ပဲဖြစ်ကာ ဒီအခြေခံကို အနုစိတ်ခွဲခြားရင် သုံးမျိုးတွေ့ရတယ်။ ပထမကတော့ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှု။ သုတေသီတစ်ဦးဟာ မိမိလေ့လာနေတဲ့ ဘာသာရပ်နဲ့ ပတ်သက်ပြီး ပြီးပြည့်စုံအောင် လေ့လာထားဖို့ လိုအပ်တယ်။ အသိပညာပြည့်စုံပြီး ဒုတိယအနေနဲ့ စဉ်းစားတွေးခေါ်ဉာဏ်ရည်ရှိဖို့လိုတယ်။ နောက်ဆုံးအပိုင်းကတော့ တီထွင်ကြံဆနိုင်မှုပဲ ဖြစ်တယ်။

ဒုတိယအခြေခံက ပုဂ္ဂိုလ်တစ်ဦးချင်းရဲ့အရည်အသွေးပဲဖြစ်တယ်။ ထိရောက်တဲ့သုတေသီမှာ ရှိရမယ့် အရည်အချင်းတွေ၊ အနုစိတ်တဲ့အခါ ပထမအစိတ်အပိုင်းအနေနဲ့ ကိုယ်ရည်ကိုယ်သွေးဖြစ်တယ်။ ဒုတိယကတော့ မိမိကိုယ်မိမိ စီမံနိုင်တဲ့ အရည်အချင်း။ နောက်ဆုံးကတော့ မိမိနဲ့ ပညာရပ်ဆိုင်ရာ တိုးတက်မှုအတွက် ဆောင်ရွက်မှုဖြစ်တယ်။

### အသုံးချနိုင်ဖို့၊ ထိတွေ့ဆက်ဆံတတ်ဖို့ အရေးကြီး

ပထမနဲ့ ဒုတိယအခြေခံတွေဟာ သုတေသီတစ်ဦးချင်းရဲ့ ပင်ကိုအရည်အချင်းတွေသာ ဖြစ်တယ်။ တတိယအခြေခံက သုတေသနလုပ်ရင် မဖြစ်မနေ စဉ်းစားရမယ့် ကိစ္စဖြစ်တယ်။ ဒါကတော့ သုတေသနနဲ့ ပတ်သက်ပြီး စီမံခန့်ခွဲခြင်းဖြစ်တယ်။ ဒီအခြေခံကို သုတေသီတိုင်း စိုးရိမ်စိတ်ပူကြတယ်။ ကြောက်ကြတယ်။ ဒါပေမယ့် ဒါက မဖြစ်မနေ လုပ်ရမယ့်ကိစ္စဖြစ်တယ်။ ရှောင်လွှဲလို့ မရပါဘူး။ ပထမအစိတ်အပိုင်းကတော့ ကျင့်ဝတ် သုတေသနလုပ်တဲ့နေရာမှာ တည်ဆဲဥပဒေဘောင်အတွင်း ဆောင်ရွက်ရမှာ ဖြစ်တယ်။ ဒုတိယအစိတ်အပိုင်းကတော့ သုတေသနလုပ်ငန်းတွေကို စနစ်တကျ ဆောင်ရွက်နိုင်မယ့် လုပ်ထုံးလုပ်နည်းအစီအမံတွေကို နားလည်ရမယ်။ သိဖို့ လိုအပ်ပါတယ်။ နောက်ဆုံးအစိတ်အပိုင်းကတော့ ငွေရေးကြေးရေး၊ ဘဏ္ဍာရေးကိစ္စတွေနဲ့ ပတ်သက်ပြီး ကျွမ်းကျင်လိမ္မာဖို့ ဖြစ်တယ်။ လိုအပ်တဲ့ ဘဏ္ဍာငွေရှာဖွေစုဆောင်းမှုဟာလည်း အလွန်လိုအပ်လှပါတယ်။ နောက်ဆုံးအခြေခံကတော့ မိမိဆောင်ရွက်ခဲ့တဲ့ သုတေသနဟာ အကျိုးရှိအောင် အဓိပ္ပာယ်ရှိအောင် လုပ်နိုင်ခြင်းဖြစ်တယ်။ သုတေသီဟာ တစ်ဦးတစ်ယောက်တည်း၊ တစ်ကိုယ်တော်လုပ်လို့ မဖြစ်ပါဘူး။ ဒါကြောင့် ပထမ အစိတ်အပိုင်းအနေနဲ့ အများနဲ့ လုပ်တတ်တဲ့ အရည်အချင်းရှိဖို့ လိုတယ်။ ဒုတိယအစိတ်အပိုင်းက လုပ်ထားတဲ့ သုတေသနကို အများသိအောင် ဖြန့်ဝေနိုင်ဖို့ လိုအပ်တယ်။ နောက်ဆုံးကတော့ သုတေသီဟာ မိမိရဲ့သုတေသနတွေ့ရှိချက်တွေကို လက်တွေ့မှာ အသုံးချနိုင်ဖို့၊ ထိတွေ့ဆက်ဆံတတ်ဖို့ အရေးကြီးပါတယ်။

ကျွန်တော်က အခုလို သုတေသီတစ်ဦးမှာ ရှိအပ်တဲ့ အခြေခံလေးရပ်နဲ့ အသေးစိတ်အစိတ်အပိုင်း ၁၂ ခုဆိုပြီး အမေးအဖြေလုပ်ခဲ့ပါတယ်။ မေးခွန်းတွေကလည်းမျိုးစုံ။ လက်တွေ့မှာ ကြုံတွေ့နေရတဲ့အခက်အခဲတွေကို တင်ပြကြတယ်။ အခြေခံကတော့ သုတေသန ယဉ်ကျေးမှုတစ်ရပ်မရှိတဲ့ကိစ္စပဲ။ စာရင်းအချက်အလက်တွေ၊ သတင်းအချက်အလက်တွေကို ပွင့်လင်းမြင်သာစွာ မပေးနိုင်တဲ့ကိစ္စ။ ဒါကြောင့် သုတေသီများဟာ အခက်အခဲတွေနဲ့ ရင်ဆိုင်ကြရတယ်။ ကျွန်တော်လည်း ကိုယ်နားလည်သလောက်၊ သိသလောက်နဲ့ အဖြေပေးခဲ့တယ်။ အခုလို ဆွေးနွေးခွင့်ရတာကိုလည်း ကျေနပ်တယ်။

MIC ပွဲမှာ စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုဌာနက ပါမောက္ခဒေါက်တာ ဒေါ်မြင့်မြင့်ကြည်နဲ့ တွေ့ခဲ့တယ်။ သူက အမ်ဘီအေ သင်တန်းသားတွေအတွက်လည်း ဆွေးနွေးပွဲလုပ်ပေးဖို့ပြောပါတယ်။ ဒါနဲ့ ကျွန်တော် လှိုင်မြို့နယ်မှာရှိတဲ့ ပတ္တမြားဆောင်မှာ ဆွေးနွေးပွဲလုပ်ပေးခဲ့တယ်။ ပတ္တမြားဆောင်နဲ့ ကျွန်တော်ကရင်းနှီးတာ။ နိုင်ငံခြားမသွားမီ ဒီအဆောက်အအုံမှာပဲ အဆင့်မြင့်စီမံခန့်ခွဲမှုသင်တန်းတွေ ပေးခဲ့တယ်။ ပြန်ရောက်တဲ့အချိန်မှာလည်း သင်တန်းတွေပေးခဲ့တယ်။ အခုနောက်ပိုင်းမှာတော့ ပုံမှန်မသင်နိုင်တော့ဘူး။ အခုဆိုရင် အပတ်စဉ် (၁၆) တောင်ရှိနေပြီ။ ဆွေးနွေးပွဲမှာအချိန်ပိုင်းသင်တန်းသားတွေနဲ့ အချိန်ပြည့်သင်တန်းတက်နေကြသူတွေ တက်ရောက်တာကို တွေ့ရတယ်။ အားလုံးက စာတမ်းတွေပြုစုဖို့ လိုအပ်နေတာမို့ သုတေသနကို မလုပ်မဖြစ်လုပ်ရမှာဖြစ်တယ်။ သင်တန်းသားတွေဟာ စီမံခန့်ခွဲမှုစီးပွားရေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး သုတေသနလုပ်ရမှာ။ စီးပွားရေးပညာဟာ ကျယ်ပြန့်လှပါတယ်။ စီးပွားရေးပညာရှင်လို့ပြောရင် ဘာသာရပ်မျိုးစုံအထဲ အထူးပြုတာချင်းမတူပါဘူး။ လူတွေကစီးပွားရေးပညာနဲ့ ဘောဂဗေဒပညာကို မခွဲခြားတတ်ကြဘူး။ ကျွန်တော်ဆိုရင် စီးပွားရေးပညာကို စီမံခန့်ခွဲမှုရှုထောင့်က အထူးပြုခဲ့သူ။ တချို့က ကုန်သွယ်မှုပညာရှုထောင့်က လေ့လာသလို တချို့ကျတော့လည်း ဘဏ္ဍာပညာရှုထောင့်မှ ကြည့်ကြပြန်တယ်။ ဒါပေမယ့် အခြေခံကတော့ စီးပွားရေးပညာ ဖြစ်တယ်။

### မေးခွန်းတွေဟာ စိတ်ဝင်စားစရာ

အမ်ဘီအေကျောင်းသားများဆောင်ရွက်ရတဲ့ သုတေသနဟာ အသုံးချသုတေသနဖြစ်တယ်။ လက်တွေ့နဲ့နီးစပ်တယ်။ ရတဲ့တွေ့ရှိချက်ဟာ ပညာရေးဦးတည်ချက် အတွက်သာ မဟုတ်ဘဲ လက်တွေ့ဘဝနဲ့ ဆက်စပ်ဖို့လိုအပ်တယ်။ အခန်းထဲမှာ ကျောင်းသား ကျောင်းသူတွေအပြည့်။ သူတို့က စာတမ်းတွေတင်ရမှာမို့ စိတ်ဝင်တစားလာခဲ့တာ။ နိုင်ငံခြားတက္ကသိုလ်တွေမှာ အမ်ဘီအေ ကျောင်းသားတွေဟာ ပုံမှန်အားဖြင့် စာတမ်းကြီး (Thesis) တင်ပြစရာမလိုဘဲ စာတမ်းငယ် (Term-Paper) လောက်နဲ့ပြီးတာ။ အမ်ဘီအေသင်တန်း နှစ်နှစ်အတွင်း လက်တွေ့မှာ အသုံးဝင်မယ့်ဘာသာတွေ မျိုးစုံ သင်ရတာမို့ သုတေသနလုပ်ဖို့ အချိန်မရှိကြဘူး။ ဒါကြောင့်လည်း လျှော့ပေါ့ပြီး စာတမ်းငယ်ကိုသာ တင်စေတယ်။ ကျွန်တော်တို့ဆီမှာတော့ စေတနာပိုလို့ ထင်ပါရဲ့။ ဒီလိုဖြစ်တာဟာလည်း ဘောဂဗေဒပညာနဲ့ စီမံခန့်ခွဲမှုပညာနှစ်ခုရဲ့ ကွဲပြားခြားနားချက်ကို သဘောမပေါက်လို့ဖြစ်တယ်။ ကျွန်တော်ကတော့ သုတေသနလုပ်တဲ့နေရာမှာ လိုက်နာရမယ့် ဖြစ်စဉ်ခုနစ်ရပ်ကို တင်ပြခဲ့ပါတယ်။ သုတေသနလုပ်ရင် ပထမဦးဆုံး သုတေသနပြဿနာ ဖော်ထုတ်ခြင်းဖြစ်တယ်။ သုတေသနမေးခွန်းမေးချင်လို့လည်း ယူဆလို့ရသလို ခေါင်းစဉ်ရွေးချယ်ဖို့လည်းဖြစ်တယ်။ ဒီပထမအဆင့်ဟာ အရေးကြီးဆုံးအဆင့်ဖြစ်တယ်။ ခေါင်းစဉ်ရွေးချယ်ရာမှာ မိမိစိတ်ဝင်စားတာကို ရွေးချယ်ဖို့ လိုအပ်တယ်။ စိတ်ပါမှုဟာ အဓိကဖြစ်တယ်။ ခေါင်းစဉ်ရွေးချယ်ပြီး ကိုယ်သိလိုတဲ့မေးခွန်းကို စနစ်တကျဖော်ထုတ်နိုင်ဖို့ လိုမှာဖြစ်တယ်။ ဒုတိယအဆင့်ကတော့ ခေါင်းစဉ်နဲ့ပတ်သက်ပြီး ဆောင်ရွက်ထားတဲ့သုတေသနတွေ၊ ပညာရှင်တွေရဲ့အရေးအသားတွေ၊ ထုတ်ဝေမှုတွေကို ပြီးပြည့်စုံအောင် ရှာဖွေစုဆောင်းရမှာဖြစ်တယ်။ ဒီနေရာမှာ စာကြည့်တိုက်ဟာ အလွန်အရေးပါတဲ့ အထောက်အထားတွေ ရှာဖွေနိုင်မယ့် နေရာဖြစ်တယ်။ ကျွန်တော်က ကျောင်းသားတွေကို စာကြည့်တိုက်ကို ချစ်ဖို့၊ မြတ်နိုးဖို့၊ နီးစပ်ဖို့ တိုက်တွန်းခဲ့တယ်။ ဘွဲ့လွန်သင်တန်းသားတစ်ယောက်အနေနဲ့ စာကြည့်တိုက်ကို တစ်ကြိမ်တစ်ခါမှမသွားဘဲ ဘွဲ့မယူသင့်ဘူး။ သူများဘာတွေလုပ်ခဲ့တယ်။ ဘယ်သူတွေက ဘာတွေကို ဖော်ထုတ်ခဲ့တယ်ဆိုတာ ကျကျနန သိဖို့လိုတယ်။ တတိယအဆင့်ကတော့ မေးခဲ့တဲ့မေးခွန်းရယ်၊ လေ့လာချက်တွေကို အခြေခံပြီး အဆိုပြုချက်ကိုဖော်ထုတ်ဖို့။ အဆိုပြုချက်ဆိုတာက ဖြစ်နိုင်ခြေရှိတဲ့ အဖြေတွေသာဖြစ်တယ်။ ကျန်တဲ့အဆင့်တွေကတော့ ဒီဖြစ်နိုင်ခြေရှိတဲ့ အဖြေကို ဆန်းစစ်တာပဲဖြစ်တယ်။ ဒါကြောင့် စတုတ္ထအဆင့်မှာ ဒီအဖြေကို ရနိုင်အောင် ဘယ်ပုံစံနဲ့ သုတေသနအလုပ်ကို ဆောင်ရွက်မယ်ဆိုတာ စဉ်းစားရမယ်။ သုတေသနပုံစံဆိုတာက၊ အချိန်ကာလတစ်ခုတည်းကို လေ့လာမှု၊ ဒါမှမဟုတ် နှစ်အလိုက်လေ့လာမှုဆိုပြီး ခွဲခြားနိုင်တယ်။ ကွင်းဆင်းပြီး သုတေသနလုပ်သလို စာကြည့်တိုက်အထောက်အထားတွေလည်း ယူနိုင်တယ်။ သုတေသနပုံစံကို မှန်ကန်စွာ ရွေးချယ်ဖို့ လိုအပ်တယ်။ ပဉ္စမအဆင့်ကတော့ ရွေးချယ်ထားတဲ့ပုံစံကို အခြေခံပြီး စာရင်းအချက်အလက်တွေ ကောက်ယူမှုဖြစ်တယ်။ စာရင်းအချက်တွေဟာ ကိန်းဂဏန်းတွေဖြစ်နိုင်သလို အယူအဆ သဘောထားတွေ ထင်မြင်ချက်တွေလည်း ဖြစ်နိုင်တယ်။ နောက်တစ်ဆင့်ကတော့ ကောက်ယူတဲ့ စာရင်းအချက်အလက်တွေကို တွက်ချက်ခြင်းဖြစ်တယ်။ အခုချိန်မှာ ကွန်ပျူတာတွေရှိတာမို့ ဆောင်ရွက်ရတာ လွယ်ကူနေပြီ။ နောက်ဆုံးအဆင့်ကတော့ ရလာတဲ့တွေ့ရှိချက်တွေကို တင်ပြဖို့။ တင်ပြရာမှာလည်း သပ်သပ်ရပ်ရပ် ပိပိရိရိ တင်ပြတတ်ဖို့ လိုအပ်ပါတယ်။ ကျွန်တော်က တင်ပြပြီး တက်ရောက်လာတဲ့သူတွေရဲ့ မေးခွန်းတွေကို ဖြေခဲ့ပါတယ်။ မေးခွန်းတွေဟာ စိတ်ဝင်စားစရာပါ။

အခုလို သုတေသနတွေလုပ်ချင်တဲ့သူတွေနဲ့ ထိတွေ့ရတာကို ကျေနပ်မိတယ်။ မိမိရဲ့အတွေ့အကြုံတွေကို မျှဝေပေးခွင့်ရတာလည်း ဝမ်းသာမိပါတယ်။ နောက်တစ်ခေတ်မှာ သုတေသီများ များများပေါ်ပေါက်ပါစေလို့ ဆန္ဒပြုလျက်။ ။

> **"သုတေသနဆောင်ရွက်မယ့်သူမှာ ပထမအခြေခံ အသိတရားနဲ့ ဉာဏ်ရည်တွက်ချက်မှုပဲ ဖြစ်ပါတယ်၊ သုတေသနဆောင်ရွက်ဖို့ အခြေခံလိုအပ်ချက်ပဲဖြစ်ကာ ဒီအခြေခံကို အနုစိတ်ခွဲခြားရင် သုံးမျိုးတွေ့ရတယ်၊ ပထမကတော့ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှု၊ သုတေသီတစ်ဦးဟာ မိမိလေ့လာနေတဲ့ ဘာသာရပ်နဲ့ပတ်သက်ပြီး ပြီးပြည့်စုံအောင် လေ့လာထားဖို့လိုအပ်တယ်၊ အသိပညာပြည့်စုံပြီး ဒုတိယအနေနဲ့ စဉ်းစားတွေးခေါ် ဉာဏ်ရည်ရှိဖို့လိုတယ်၊ နောက်ဆုံးအပိုင်းကတော့ တီထွင်ကြံဆနိုင်မှုပဲဖြစ်တယ်"**

---

## ဆားလင်းကြီးမြို့၌ မော်တော်ယာဉ်၊ ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ ကွင်းဆင်းဆောင်ရွက်ပေး

ဆားလင်းကြီး ဩဂုတ် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့၌ သက်တမ်းတိုးလိုသော မော်တော်ယာဉ်၊ ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များကို ဩဂုတ် ၁၁ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မုံရွာမြို့ ကညနရုံးမှ ဦးစီးမှူး ဒေါ်အေးမြင့်ချိုနှင့် ဝန်ထမ်းများက မော်တော်ယာဉ်နှင့် ဆိုင်ကယ်လိုင်စင် သက်တမ်းတိုးခြင်း၊ ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းနှင့် ဆိုင်ကယ်စီးလိုင်စင်အသစ်များကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် သက်တမ်းတိုး မော်တော်ယာဉ် ၁၅ စီး၊ သက်တမ်းတိုးဆိုင်ကယ် ၈၂၀ စီးနှင့် ဆိုင်ကယ်လိုင်စင်အသစ် ၂၇ စီးနှင့် ယာဉ်မောင်းလိုင်စင် ၂၆ ဦးတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဦးငယ်(ဆားလင်းကြီး)

# နတ်တံခါးချောင်းဖြတ်ကူး ကြိုးတံတား ချောင်းရေတိုက်စားမျောပါမှုကြောင့် ပြန်လည်ဆောက်လုပ်



**ကလေး ဩဂုတ် ၁၂**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်၏ အနောက်မြောက် ကုန်သွယ်လမ်းမဖြစ်သည့် ညောင်ကုန်းကျေးရွာနှင့် မင်းလုကျေးရွာကြားတွင် တည်ရှိသော နတ်တံခါးချောင်းဖြတ် သံကူကွန်ကရစ်တံတားကြီးမှာ ယခင်နှစ်များက ရေကြီးရေလျှံမှုကြောင့် ချောင်းအတွင်း မျောပါပျက်စီးသွားခဲ့ရာ ယခုနှစ်တွင် အဆိုပါ ချောင်းဖြတ်ကူးရန်အတွက် မင်းလုနှင့်အောင်ရွာကျေးရွာပြည်သူများ၏ ကိုယ့်အားကိုယ်ကိုးဖြင့် ယာယီဝါးတံတားကို လေးကြိမ်တိုင်တိုင် တည်ဆောက်လျက် ပြည်သူများဖြတ်ကူးနေကြရာမှ ယခုမိုးတွင်းကာလတွင် ယာယီဝါးတံတားများဖြင့် ဖြတ်ကူး၍ မရတော့ဘဲ စက်လှေများဖြင့်သာ သွားလာနေရသည့်အတွက် သံပေါင်သံပြားခင်းကြိုးတံတားကို ယခင်နှစ်နည်းတူ ဩဂုတ် ၁၁ ရက်မှ စတင်ကာ အလှူရှင်က လှူဒါန်းရုံသာမက အလှူရှင်၏ နည်းပညာများဖြင့် ပါဝင်ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ချောင်းဖြတ်ကြိုးတံတားကို အလှူရှင် ဆွစ်ဇာလန်နိုင်ငံသား မစ္စတာ တိုနီ အယ်လ် ဇွန်ဗိုး၏ လှူဒါန်းငွေ၊ မင်းလုနှင့် အောင်ရွာ ကျေးရွာများရှိ ပြည်သူများ၏ လုပ်အားဒါန၊ အနယ်နယ်အရပ်ရပ်မှ စုပေါင်းအလှူခံရရှိသည့် ငွေကျပ် ၁၅ သိန်းတို့ဖြင့် အလျား ပေ ၂၆၀၊ အကျယ် ငါးပေရှိ တံတားအား တည်ဆောက်လျက်ရှိကြောင်း မင်းလုကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆွေဇွမ်းထန်က ပြောသည်။

အဆိုပါ ကြိုးတံတားတည်ဆောက်ရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးညီညီ၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးတိုးကျော်သူ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ဩဂုတ် ၁၁ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး သုံးရက်အတွင်း ပြီးစီးနိုင်ရေးဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၄ ရက်မှ စတင်၍ ကလေးမြို့အနောက်မြောက် ကုန်သွယ်လမ်းမကြီးကို ပြည်သူများ ယင်းကြိုးတံတားကို အသုံးပြု၍ ဖြတ်ကူးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

## စလင်း၌ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်း စာစောင်များဝေ

**စလင်း ဩဂုတ် ၁၂**
မကွေးတိုင်းဒေသကြီး စလင်းမြို့ လေးတိုင်စင်နှင့် ဆင်ဖြူကျွန်းမြို့ ဈေးအနီးတွင် ယနေ့ နံနက်က စလင်းရဲတပ်ဖွဲ့မှ မြို့နယ်မှူး ရဲမှူးတင်ထွန်း၊ လမ်းဦးစီးဌာနမှ ဦးစီးမှူး ဦးရန်မျိုးအောင်တို့ ခေါင်းဆောင်သော ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့သည် မော်တော်ယာဉ်များ၊ ဆိုင်ကယ်စီးသူများကို အသက်အန္တရာယ်မထိခိုက်အောင် စည်းကမ်းလိုက်နာရေးအတွက် အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှခြင်း၊ လက်တွေ့ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးသည်။

အဆိုပါ ဆောင်ရွက်ခြင်းကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ လမ်းဦးစီးဌာန၊ မီးသတ်၊ စည်ပင်ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## ပုဂံဒေသရှိ မြန်မာပန်းပုလုပ်ငန်းများ ထောက်ခံစာပြုလုပ်ခိုင်းခြင်းကြောင့် အရောင်းအဝယ်အေး

**ပုဂံ ဩဂုတ် ၁၂**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံယဉ်ကျေးမှုဒေသတွင် ရှေးဟောင်းအမွေအနှစ်များစွာ တည်ရှိနေသကဲ့သို့ အဆိုပါဒေသရှိ ပြည်သူများမှာ ဟိုတယ်၊ မိုတယ်၊ တည်ခိုခန်းစသော စီးပွားရေးလုပ်ငန်းများအပြင် တောင်ယာစိုက်ပျိုးခြင်း၊ တစ်ပိုင်တစ်နိုင် မွေးမြူရေးများကိုပါ တွဲဖက်လုပ်ကိုင်ကြပြီး အချို့မှာ ပန်း ၁၀ မျိုးတွင် ပါဝင်သော မြန်မာမှုလက်ရာ ပန်းပုထုသည့်လုပ်ငန်းများကိုပါ လုပ်ကိုင်ကြသည်။

ယခုအခါ ပန်းပုထုပြီးသောပစ္စည်းများကို နိုင်ငံခြားသားခရီးသွားများက ဝယ်ယူသည့်အခါ ထောက်ခံစာပြုလုပ်ခိုင်းခြင်းကြောင့် ယခုနှစ် အရောင်းအဝယ်အေးသည်ဟု ပန်းပုလုပ်ငန်းရှင်များက ဆိုသည်။

"ကျွန်တော်တို့ ပုဂံယဉ်ကျေးမှုဒေသကို နှစ်စဉ် နိုင်ငံခြားသားခရီးသွားတွေက လာရောက်လေ့လာလျက်ရှိပါတယ်။ ဒီလို လာရောက်တဲ့အခါမှာလည်း မြန်မာမှု အနုပညာလက်ရာဖြစ်တဲ့ ပန်းပုလုပ်ငန်းများကိုပါ အထူးစိတ်ဝင်တစားလေ့လာ ဝယ်ယူတတ်ကြပါတယ်။ ဒီလိုဝယ်ယူတဲ့အခါမှာလည်း တချို့နိုင်ငံခြားသားတွေက ကျွန်တော်တို့ ပစ္စည်းပိုင်ရှင်ဖြစ်ကြောင်းကို ထောက်ခံစာ လုပ်ခိုင်းတတ်ကြပါတယ်။

"ကျွန်တော်ဆိုရင် ပန်းပုလုပ်ငန်းကို လုပ်ကိုင်လာတာ ၂၅ နှစ်ကျော်လာပါပြီ။ ပန်းပုလုပ်ငန်းမှာဆိုရင် မြန်မာမှုနဲ့ မော်ဒန်လိုင်းဆိုပြီး နှစ်မျိုးရှိပါတယ်။ ကျွန်တော်လုပ်ကိုင်နေတာက မြန်မာမှုပါ။ မြန်မာမှုမှာဆိုရင် ဘုရားရုပ်ပွားတော်၊ နတ်ရုပ်စတာတွေ ပါဝင်ပါတယ်။ ကျွန်တော်တို့ ပန်းပုရုပ်လုံး ဖြစ်ဖို့ဆိုရင်တော့ အတော့်ကိုကြိုးစားလုပ်ကိုင်ကြရတာပါ။ ပန်းပုထုလုပ်တဲ့ သစ်သားတွေကတော့ ထုလို့ရတဲ့ သစ်မျိုးစုံကို ထုလုပ်ကြတာပါ။ အခုထုလုပ်နေတာကတော့ အသားပန်းပု သီးသန့်ပါ။ အသားပန်းပုမှာဆိုရင် ရုပ်လုံးရှိတယ်။ ပန်းကနုတ်တွေ ရှိပါတယ်။ ရောင်းဈေးအနေနဲ့တော့ ငွေကျပ် ၁၅၀၀ တန်ကနေ ငွေကျပ်သိန်း ၂၀ တန်အထိ ပစ္စည်းအမျိုးအစားအလိုက် တန်ဖိုးရှိပါတယ်။ အခုနှစ်ဆိုရင် နိုင်ငံခြားသားခရီးသွားတွေအနေနဲ့ ပန်းပုရုပ်လုံးကြီးတွေကို စိတ်ဝင်စားပေမယ့် သူတို့နိုင်ငံပြန်သယ်ရင် အခက်အခဲရှိတာကြောင့် လေ့လာရုံသက်သက်ပဲ ဖြစ်နေပါတယ်။ ပန်းပုလုပ်ငန်းဟာ အခုနှစ် အဆင်မပြေပါဘူး" ဟု ရွှေစည်းခုံဘုရားသွား လမ်းပိုင်းဘေးရှိ ပန်းပုလုပ်ငန်းရှင် ဦးအောင်ဆင့်က ပြောသည်။



**ကျော်ကျော်(မလှိုင်)**

## ရှားတောမြို့နယ်၌ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရန် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်

**ရှားတော ဩဂုတ် ၁၂**
ကယားပြည်နယ် ရှားတောမြို့နယ် အလယ်ပိုင်းကျေးရွာအုပ်စု စလောင်းကျေးရွာ၏ ကျေးရွာခွဲ နားကျိုင်းကြီးကျေးရွာသို့ မဟာဓာတ်အားလိုင်းစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်ရန် ဓာတ်အားလိုင်းတည်ဆောက်ရေးလုပ်ငန်းများကို ဇွန် ၁၅ ရက်မှ စတင်၍ မြို့နယ်လျှပ်စစ်ရုံး၏ ကြီးကြပ်မှုဖြင့် ရွှေထွန်းခနေ ကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း သိရသည်။

ယခုတည်ဆောက်နေသော ဓာတ်အားလိုင်းကို စလောင်း-နားကျိုင်းကြီးဓာတ်အားလိုင်းဟု အမည်ပေးထားပြီး ၁၁ ကေဗွီ ဓာတ်အားလိုင်း ၂ ဒသမ ၃ မိုင်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း တစ်မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၅၀ ကေဗွီအေထရန်စဖော်မာတစ်လုံး တည်ဆောက်ခြင်းလုပ်ငန်းတို့ ပါဝင်ကြောင်း ရွှေထွန်းခနေ ကုမ္ပဏီမှ တည်ဆောက်ရေးတာဝန်ခံ ဦးကျော်မြင့်ထံမှ သိရသည်။

နားကျိုင်းကြီးကျေးရွာသည် အိမ်ခြေ ၁၃ အိမ်ရှိပြီး စလောင်းကျေးရွာ၏ ကျေးရွာခွဲအဖြစ် တည်ရှိနေကာ အိမ်ခြေ ၄၀ ဝန်းကျင်ရှိ စလောင်းကျေးရွာအား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနေပြီဖြစ်၍ ကျေးရွာခွဲဖြစ်သည့် နားကျိုင်းကြီးကျေးရွာသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရန် ဆက်လက်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ နားကျိုင်းကြီးကျေးရွာအား မကြာမီကာလတွင် ကျေးရွာမြေချဲ့ထွင်လျက် အိမ်ခြေများ တိုးချဲ့နေရာချထားပေးရန် အစီအစဉ်ကြောင့် ကျေးရွာချင်းဆက်မြေသားလမ်းဖောက်လုပ်ပေးထားခြင်းနှင့် ယခုလို လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **ကြီးမြင့်နိုင်(လွိုင်ကော်)**

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေပေးအပ်

**သီပေါ ဩဂုတ် ၁၂**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ် ၁၀ ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဦးစီးဌာနမှူး ဒေါ်နှင်းယဉ်ဝင်းက ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းကိစ္စရပ်များကို ရှင်းလင်းပြောကြားကာ ရန်ပုံငွေရရှိသည့် ဆောင်ကြံကျေးရွာ၊ ရွာသစ်ကျေးရွာ၊ မန်လီကျေးရွာတို့အား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဦးစီးမှူးတို့က ရန်ပုံငွေကျပ်သိန်း ၁၀၀ စီကို ပေးအပ်ခဲ့သည်။

**စိုင်း(သီပေါ)**

## ဘားအံ- မြဝတီကားလမ်း မိုးရွာသွန်းမှုများ၍ ယာဉ်သွားလာမှုခက်ခဲသည့်အတွက် ယာဉ်ကြောပိတ်ခြင်းများ မကြာခဏဖြစ်

**ဘားအံ ဩဂုတ် ၁၂**
ဘားအံ-မြဝတီကားလမ်း မိုးရွာသွန်းမှုကြောင့် ကားလမ်းများဗွက်ထကာ ယာဉ်သွားလာမှုခက်ခဲသည့်အတွက် ယာဉ်ကြောပိတ်ခြင်းများ မကြာခဏဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ဘားအံမြို့နယ် ဝဲကရင်ကျေးရွာအုပ်စု နောင်သရမ်းလမ်းခွ ဝဲကရင်ကျေးရွာနှင့် ဒူရိန်ကျေးရွာကြား ဘားအံ - မြဝတီကားလမ်းပေါ်တွင် ဩဂုတ် ၁၀ ရက်က ယာဉ်သွားလာမှုခက်ခဲသည့်အတွက် ယာဉ်ကြောပိတ်ခြင်းများ မကြာခဏဖြစ်ပွားသော်လည်း CRBC ကုမ္ပဏီနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များက အချိန်မီရှင်းလင်းနိုင်သဖြင့် မိနစ်ပိုင်းခန့်သာ ပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အလားတူ ဂျိုင်း(ကော့ကရိတ်)ယာယီတံတားမှာလည်း ဩဂုတ် ၁၁ ရက် မွန်းလွဲ ၂ နာရီခန့် ချဉ်းကပ်လမ်းအတက် ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့ သဖြင့် ယာဉ်သွားလာမှု ခေတ္တရပ်ဆိုင်းထားကာ မွန်းလွဲ ၃ နာရီခွဲမှသာ ဖြတ်သန်းသွားလာနိုင်ခဲ့ကြောင်း၊ ညပိုင်း ၁၁ နာရီ မိနစ် ၅၀ တွင် ဘားအံမှ ကော့ကရိတ်ဘက်သို့သွားမည့် ၂၂ ဘီးယာဉ်တစ်စီး ပွန်တွန်းတံတားပေါ်တွင် ရပ်တန့်နေသဖြင့် ယာဉ် သွားလာမှု ခေတ္တရပ်တန့်ထားရပြီး ယာဉ်အန္တရာယ်မဖြစ်စေရေး လုံခြုံရေးတာဝန်ကျ အဖွဲ့များက ဆောင်ရွက်ပေးလျက်ရှိပြီး အမြန်သွားလာနိုင်ရေး ယာဉ်မောင်းများဖြင့် ဝိုင်းဝန်းရှင်းလင်းဆောင်ရွက်ခဲ့ရာ မကြာမီယာဉ်များ ပုံမှန်ဖြတ်သန်းလျက်ရှိကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

## ဖယ်ခုံ၌ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေ ပေးအပ်

**ဖယ်ခုံ ဩဂုတ် ၁၂**

ဖယ်ခုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က မြို့နယ်ကျေးလက်ဦးစီးဌာန ရုံးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ကယန်း(ခ)ပဒေါင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်အေးမောင်က အမှာစကားပြောကြားပြီး ဖယ်ခုံမြို့နယ် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေရီနို့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇော်မိုးစိုးတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေများကိုလွှဲပြောင်းပေးအပ်ရာ ၂၀၁၈ ခုနှစ် ခြောက်လဘတ်ဂျက်တွင် နန်းပေါ်လုံကျေးရွာ၊ နောင်လိုင်ကျေးရွာနှင့် ကောင်ဝုပ်ကျေးရွာတို့အတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေကျပ် ၁၀ သန်းစီကို တာဝန်ရှိသူများက ကျေးရွာကော်မတီများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေများသုံးစွဲရာတွင် ကျေးရွာပြည်သူများကိုယ်တိုင် မိမိကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်များကို ဝိုင်းဝန်းဖော်ထုတ်ရွေးချယ်ပြီး လုပ်ငန်းအစီအစဉ်များရေးဆွဲ၍ ငွေကြေးကိုင်တွယ်သုံးစွဲခြင်း၊ လုပ်ငန်းဆောင်ရွက်ခြင်းများကို ဒေသခံကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

**ကိုထွေး (ဖယ်ခုံ)**

## အောင်လံတွင် မူခင်းကျဆင်းရေးအသိပညာပေး

**မကွေး ဩဂုတ် ၁၂**

မကွေးတိုင်းဒေသကြီး အောင်လံမြို့ အ.ထ.က (၁) ရွှေရတုခန်းမ၌ ဩဂုတ်လဒုတိယပတ်က ကျောင်းသား၊ ကျောင်းသူများကို မူခင်းကျဆင်းရေး ဟောပြောပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါ ဟောပြောပွဲသို့ မြို့နယ်ဒုရဲတပ်ဖွဲ့မှူး ရဲမှူး ဆန်းဦး၊ မြို့မရဲစခန်းမှူး ဒုရဲမှူး စိုးညွန့်ဦး၊ ဒုရဲအုပ် ဖြိုးမြတ်စံနှင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဒုရဲအုပ် ဖြိုးမြတ်စံက သက်ငယ်မုဒိမ်းမှုကျဆင်းရေး ဟောပြောခြင်း၊ မြို့မရဲစခန်းမှူး ဒုရဲမှူး စိုးညွန့်ဦးက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် မူခင်းကျဆင်းရေးဟောပြောခြင်း၊ မြို့နယ်ဒုရဲတပ်ဖွဲ့မှူး ရဲမှူး ဆန်းဦးက လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေး ဟောပြောခြင်းများပြုလုပ်ခဲ့ကြောင်း သိရသည်။

**မိုးကိုကို(အောင်လံ)**

## ပန်းတောင်းမြို့နယ်၌ ဆိုလာစနစ်အသေးစားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖြင့် ၂၄ နာရီ မီးလင်းပြီ

**ပန်းတောင်း ဩဂုတ် ၁၂**



ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်နှင့် ရွှေတောင်မြို့နယ်အကြား ရောဝတီမြစ်အလယ် ရေလယ်ကျွန်းတစ်ခုဖြစ်သော သရက်လိန်ကျေးရွာအုပ်စု တက်သစ်ကျွန်းကျေးရွာတွင် ဆိုလာစနစ်အသေးစားလျှပ်စစ်ဓာတ်အားပေး စက်ရုံဖြင့် ကွန်ကရစ်လမ်း မီးတိုင်များစိုက်ထူကာ မီးလင်းရေး ဆောင်ရွက်ပေးခဲ့ရာ ဩဂုတ်လပထမပတ်မှစတင်၍ အိမ်ခြေ ၂၈၇ အိမ်ကို ၂၄ နာရီ စမ်းသပ် မီးလင်းနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ပန်းတောင်းမြို့နယ် သရက်လိန်ကျေးရွာအုပ်စု တက်သစ်ကျွန်းကျေးရွာသည် ရောဝတီမြစ်အလယ်တွင်ရှိပြီး နီးစပ်ရာတစ်ဖက်ကမ်း ကရင်စုကျေးရွာနှင့် တစ်မိုင်ခန့် ဝေးကွာကာ မဟာဓာတ်အားလိုင်းဆက်သွယ်မရသော ပြင်ပကျေးရွာ တစ်ခုဖြစ်သည့်အတွက် မည်သည့်နည်းနှင့်မဆို လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးနိုင်ပါရန် အဆင့်ဆင့် တင်ပြခဲ့ရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မဟာဓာတ်အားလိုင်းပြင်ပ ကျေးရွာများတွင် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းဖြင့် ဆိုလာစနစ် အသေးစားလျှပ်စစ်ဓာတ်အားပေးလုပ်ငန်းမှ နိုင်ငံတော်သို့ တင်ပြဆောင်ရွက်ခဲ့ရာ နိုင်ငံတော်အစိုးရမှ ၆၀ ရာခိုင်နှုန်း ငွေကျပ်သိန်း ၄၇၀၀ ကျော်၊ ကျေးရွာပြည်သူလူထုမှ ၂၀ ရာခိုင်နှုန်း ငွေကျပ်သိန်း ၁၄၀၀ ကျော်၊ ဆောက်လုပ်ရေးကုမ္ပဏီဖြစ်သည့် မဂ္ဂါဂလိုဘက်ဂရင်းမှ ၂၀ ရာခိုင်နှုန်း ငွေကျပ်သိန်း ၁၄၀၀ကျော် စုစုပေါင်း ကုန်ကျငွေ ကျပ်သိန်း ၇၅၀၀ ကျော်ဖြင့် ဆောင်ရွက်ပေးခဲ့ရာ ၂၄ နာရီ စမ်းသပ်မီးလင်းလျက်ရှိနေပြီ ဖြစ်သည်။

"ကျွန်တော်တို့ သရက်လိန်ကျေးရွာအုပ်စုထဲက တက်သစ်ကျွန်းကျေးရွာလေးက ရောဝတီမြစ်အလယ်မှာရှိနေတော့ မီးလင်းဖို့က မလွယ်ဘူး။ ရွာအိမ်ခြေက ၄၈၂ အိမ်၊ လူဦးရေက ၁၆၈၀ ရှိတယ်။ မီးလင်းရေးကို စိတ်အားထက်သန်နေကြတော့ အဆင့်ဆင့် တင်ပြမှုရဲ့ အောင်မြင်မှုပေါ့။ အခုလိုနိုင်ငံတော်က စီစဉ်ပေးတော့ ဆောက်လုပ်ရေးမဂ္ဂါဂလိုဘက်ဂရင်းကုမ္ပဏီရဲ့လိုအပ်တဲ့ ကွန်ကရစ်မီးတိုင်တွေနဲ့ စက်ပစ္စည်းတွေကိုလည်း ကျေးရွာလူထုလုပ်အားနဲ့ စက်လှေ၊ ဇက် ၊ မော်တော်ယာဉ်တွေနဲ့ မတ် ၁ ရက်က စတင်ဆောင်ရွက်ခဲ့တာ အခု ဩဂုတ်လအတွင်းမှာ ဓာတ်အားခွဲရုံတစ်ခု၊ ကွန်ကရစ်လမ်းမီးတိုင် ၂၇ တိုင် စိုက်ထူပြီး အိမ်ခြေ ၂၈၇ အိမ်ကို ၂၄နာရီလုံး မီးပေးနေပါပြီ။ မီတာခကတော့ တစ်ယူနစ်ကို ၃၅၀ ကျပ်နှုန်းနဲ့ ကိုးနှစ်ကောက်ခံသွားမှာပါ။ကျန်တဲ့အိမ်တွေလည်း မီးလင်းရေး ဆက်လက်ဆောင်ရွက်နေပါတယ်။ ဆက်သွယ်ရေးဝေးကွာတဲ့ တခြား ကျေးရွာတွေလည်း ကျွန်တော်တို့ရွာကို နမူနာယူပြီး ဆောင်ရွက်စေလိုပါတယ်" ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ဇောလင်းက ပြောသည်။

**အောင်မြင့်(ပန်းတောင်း)**

## ညောင်ဦး၌ မြစ်ရေတင်လုပ်ငန်းဖြင့် သီးနှံစိုက်ပျိုးမှု အောင်မြင်

**ညောင်ဦး ဩဂုတ် ၁၂**

ညောင်ဦးမြို့နယ်တွင် ကျေးရွာအုပ်စု ၉၁ အုပ်စုရှိပြီး ကျေးရွာပေါင်း ၂၂၀ ရှိသည်။ ညောင်ဦးမြို့နယ်သည် မိုးနည်းရေရှားရပ်ဝန်းဒေသတွင် ပါဝင်သည်။ ညောင်ဦးမြို့နယ်အတွင်း ကျေးရွာများရှိ တောင်သူလယ်သမားများ စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက မြစ်ရေတင် လုပ်ငန်းများဖြင့် စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း သိရသည်။

ညောင်ဦးမြို့နယ်တွင် တောင်သူလယ်သမားများသည် စပါး၊ နှမ်း၊ မြေပဲများ စိုက်ပျိုးကြသည်။ ညောင်ဦးမြို့နယ်ရှိ တောင်သူလယ်သမားများ စိုက်ပျိုးရေရရှိရေးအတွက် နွေ၊ မိုး၊ ဆောင်းသီးနှံများအတွက် မြစ်ရေတင်လုပ်ငန်းများဖြစ်သော ငါ့သရောက် မြစ်ရေတင်လုပ်ငန်း၊ လက်ပံခြေပေါ် မြစ်ရေတင်လုပ်ငန်း၊ သူကောင်းတည်မြစ်ရေတင်လုပ်ငန်း၊ ကျောက်ကူးမြစ်ရေတင်လုပ်ငန်းနှင့် လောကနန္ဒာမြစ်ရေတင်လုပ်ငန်းများက စိုက်ပျိုးရေကို တစ်နှစ်ပတ်လုံး ပေးလျက်ရှိသည်။

ရောဝတီမြစ်မှ ရေပေါ်ရေတင်စက်ရုံ ငါ့သရောက်မြစ်ရေတင်လုပ်ငန်းမှ ပင်မမြောင်း ၃ ဒသမ ၇၂ မိုင်၊ လက်တံမြောင်း ၁၀ ဒသမ ၁၇ မိုင်ဖြင့် မိုးသီးနှံအဖြစ် မိုးစပါး ၅၈၅ ဧက၊ အခြားသီးနှံ ဧက ၁၀၂၀ စုစုပေါင်း ၁၆၀၅ ဧက၊ နွေသီးနှံအဖြစ် နွေစပါး ၁၁၂ ဧက၊ အခြားသီးနှံ ၆၅၉ ဧက စုစုပေါင်း ၇၇၁ ဧကတို့ကို စိုက်ပျိုးခဲ့ကြောင်း၊ လက်ပံခြေပေါ်မြစ်ရေတင်လုပ်ငန်းမှ မိုးစပါး ၄၀၅ ဧက၊ အခြားသီးနှံ ၅၅၅ ဧက စုစုပေါင်းဧက ၉၆၀၊ နွေစပါး ၂၂၅ ဧကနှင့် အခြား ၄၄၆ ဧက စုစုပေါင်း ၆၇၁ ဧကစိုက်ပျိုးခဲ့သည်။ သူကောင်းတည်မြစ်ရေတင်စီမံကိန်းမှ မိုးစပါး ၂၉၆ ဧက၊ အခြားသီးနှံ ၆၂၄ ဧက စုစုပေါင်းဧက ၉၂၀ နှင့် ဆောင်းသီးနှံ ဧက ၉၀ နှင့် နွေစပါး ဧက ၁၀၀ ၊ အခြားသီးနှံ ဧက ၅၇၀ စုစုပေါင်းဧက ၆၇၀ ကို စိုက်ပျိုးခဲ့ကြောင်း၊ ကျောက်ကူးမြစ်ရေတင်စီမံကိန်းမှ မိုးစပါး ၁၂၇ ဧက၊ အခြားသီးနှံ ၅၀၈ ဧက၊ စုစုပေါင်း ၆၃၅ ဧက၊ ဆောင်းသီးနှံ ၄၅ ဧကနှင့် အခြားသီးနှံ ဧက ၃၉၀ ကို စိုက်ပျိုးခဲ့ကြောင်း၊ လောကနန္ဒာ မြစ်ရေတင်စီမံကိန်းမှ မိုးစပါး ၅၂၇ ဧက၊ အခြားသီးနှံ ၂၀၂၃ ဧကနှင့် နွေအခါတွင် အခြားသီးနှံ ၄၉၈ ဧကတို့ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြစ်ရေတင်လုပ်ငန်းငါးခုမှ မြစ်ရေဖြင့် မိုးစပါး ဧက ၁၉၄၀ နှင့် အခြားသီးနှံဧက ၄၇၃၀၊ ဆောင်းသီးနှံအဖြစ် ၂၈၅ ဧက၊ နွေစပါး ၄၃၇ ဧကနှင့် အခြားသီးနှံ ၂၅၆၃ ဧကတို့ကို စိုက်ပျိုးခဲ့ရာ အထူးအောင်မြင်ဖြစ်ထွန်းခဲ့သည်။ မိုးနည်းရေရှားရပ်ဝန်းတွင် ပါဝင်သည့် ညောင်ဦးမြို့နယ်တွင် ဆည်မြောင်းဌာန မြစ်ရေတင်စီမံကိန်းဖြင့် စိုက်ပျိုးရေပေးဝေနေသဖြင့် စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**



## ပဲခူး၌ အခမဲ့စက်ချုပ်သင်တန်းဖွင့်

**ပဲခူး ဩဂုတ် ၁၂**

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် စေတနာအလင်းအိမ်ပညာဒါနသင်တန်းကျောင်းတို့ ပူးပေါင်း၍ အခမဲ့အခြေခံ စက်ချုပ်သင်တန်းဖွင့်ပွဲကို ဩဂုတ်လပထမပတ်က ပဲခူးမြို့ ဥဿာမြို့သစ်ရပ်ကွက်ကြီး(၇) ဒက္ခိဏာသာခါရာမဘုန်းတော်ကြီးကျောင်း အတွင်းရှိ စေတနာအလင်းအိမ်ပညာဒါန သင်တန်းကျောင်း၌ ပြုလုပ်သည်။



အခမ်းအနားတွင် တိုင်းဒေသကြီး စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်စိုးနှင့် စေတနာအလင်းအိမ်ပညာဒါနသင်တန်းကျောင်းမှုနာယက ဦးဝင်းထွဋ်တို့က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ မြို့ပေါ်ရှိ ရပ်ကွက်အသီးသီးမှ သင်တန်းသူ ၂၀ တက်ရောက် သင်ကြားနေကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

## မိုင်းယောင်း၌ အမကကျောင်းများသို့ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းထုတ်ပေး

**မိုင်းယောင်း ဩဂုတ် ၁၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် အသက် ၁၀နှစ်ပြည့်ပြီးသော ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်းလုပ်ငန်းကို ယနေ့နံနက်က မုန်းလိုက်ကျေးရွာအုပ်စု အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများသို့ ကွင်းဆင်းပြီး ဆောင်ရွက်ပေးကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဆိုင်ရာ မြို့နယ်ဦးစီးမှူး ဦးဝင်းအောင်က ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကောင်းမွန်စွာထိန်းသိမ်းကိုင်တွယ်ကြရန် အမှာစကားပြောကြားပြီး အမက-မူလွန်(မုန်းလိုက်)၊ အမက(ရှေခင်)၊ အမက(တာလုတ်)၊ အမက(ဝမ်လျှံန်းဖိုင်)နှင့် နယ်မြေခံတပ်တွင်းရှိ အခြေခံပညာမူလတန်းကျောင်းမှ အသက် ၁၀ နှစ်ပြည့်ပြီးသောကျောင်းသားကျောင်းသူ ၃၅ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကိုဆောင်ရွက်ပေးကာ မြို့နယ်ဦးစီးမှူးကကျောင်းအုပ်ဆရာမကြီးသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အားချာ(ပြန်/ဆက်)**

## ကယားပြည်နယ်နေ့ အထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေမည်

**လွိုင်ကော် ဩဂုတ် ၁၂**

၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျရောက်မည့် (၆၇) နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ်အဖြစ် ကယားပြည်နယ်မဂ္ဂဇင်းကို ထုတ်ဝေဖြန့်ချိသွားရန် ကယားပြည်နယ်အစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မဂ္ဂဇင်းတွင် ကယားပြည်နယ်၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး အစရှိသည့် ကဏ္ဍအသီးသီး၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အပါအဝင် အခြားသုတ၊ ရသစာမူများကို ပါဝင်ဖော်ပြနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပြီး စာမူများပေးပို့လိုပါက Metrix(1)စာလုံးအရွယ်အစား (၁၆)ဖြင့် ကွန်ပျူတာစာစီပြီး ဆော့ဖ်ကော်ပီစီဒီတစ်ချပ်နှင့်အတူ ကယားပြည်နယ်အစိုးရအဖွဲ့ရုံးသို့ စက်တင်ဘာ ၂၀ ရက် အရောက်ပေးပို့နိုင်ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## ဟိုတယ်/တည်းခိုခန်း၊ စားသောက်ဆိုင် လုပ်ငန်းရှင်များအား အသိပေးကြေညာချက်
## (Service Charges များအပါအဝင် စုစုပေါင်းရငွေ/ ရောင်းရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံရန်ကိစ္စ)

၁။ ၁၉၉၀ပြည့်နှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ(ခ)၌ ဝန်ဆောင်မှုဆောင်ရွက်သူက ကုန်သွယ်လုပ်ငန်းခွန်မကျသင့်မီ ရငွေနှင့်အတူ ဝန်ဆောင်မှုကို ရယူသူထံမှ အခွန်ကို တစ်ပါတည်းကောက်ခံပြီး ပေးဆောင်ရမည်ဖြစ်ကြောင်း သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

၂။ နှစ်စဉ်ပြဋ္ဌာန်းလျက်ရှိသည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် ကင်းလွတ်ခွင့်ပြုထားသည့် ကုန်စည်နှင့် ဝန်ဆောင်မှုများမှအပ ကျန်ကုန်စည်နှင့် ဝန်ဆောင်မှုများအားလုံးမှာ ကုန်သွယ်လုပ်ငန်းခွန် ကျသင့်မည်ဖြစ်ပါသည်။

၃။ ဟိုတယ်/တည်းခိုခန်း၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအနေဖြင့် တည်းခိုခရငွေ၊ စားသောက်ဖွယ် ရောင်းချရငွေများအပြင် ဝန်ဆောင်ခအဖြစ်ရယူထားသော ပုလင်းဖွင့်ခ (Bottle Charges)၊ အခန်းခ (Room Charges)နှင့်ဝန်ဆောင်ခ (Service Charges)တို့ကိုပါ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့်အညီ တွက်ချက်ကောက်ခံရန် လိုအပ်ပါသည်။

၄။ ဟိုတယ်/တည်းခိုခန်း၊ စားသောက်ဆိုင်လုပ်ငန်းများအနေဖြင့် ထုတ်ပေးသည့်ပြေစာတွင် ကုန်သွယ်လုပ်ငန်းခွန် တွက်ချက်မှုပုံစံအမျိုးမျိုး အသုံးပြုနေကြပါသဖြင့် အောက်ပါနမူနာပုံစံအတိုင်း တွက်ချက်ဖော်ပြပေးနိုင်ပါရန် အသိပေးအပ်ပါသည်။

### နမူနာပုံစံ

| | ကျပ် |
|---|---|
| ကျသင့်ငွေ | (က) |
| ပုလင်းဖွင့်ခ (Bottle Charges) | (ခ) |
| အခန်းခ (Room Charges) | (ဂ) |
| ဝန်ဆောင်ခ (Service Charges) | (ဃ) |
| **ကုန်သွယ်လုပ်ငန်းခွန်မကျသင့်မီရငွေ/ရောင်းရငွေ** | (က+ခ+ဂ+ဃ) |
| ကျသင့်ကုန်သွယ်လုပ်ငန်းခွန်(က+ခ+ဂ+ဃ)× ၅/၁၀၀ | (င) |
| စုစုပေါင်းရငွေ/ရောင်းရငွေ | (က+ခ+ဂ+ဃ+င) |

၅။ ထို့အပြင်ဖော်ပြပါအတိုင်း တွက်ချက်တောင်းခံသည့် ပြေစာပေါ်တွင် ကျသင့်သည့်ကုန်သွယ်လုပ်ငန်းခွန် တန်ဖိုးပမာဏအတိုင်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရမည်ဖြစ်ပြီး လိုက်နာမှုမရှိပါက ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (စ)အရ ဒဏ်တပ်ရိုက်ခြင်းခံရမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

၆။ မရှင်းလင်းသည့်အချက်များကို အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး (သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃) (သို့မဟုတ်) ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) ရုံးအမှတ် ၄၆၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်း-၀၆၇-၃၄၃၀၅၃၃၊ ၀၆၇-၃၄၃၀၅၂၂ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်) အမှတ် ၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး) ၆၅လမ်း၊ ၂၂×၂၃လမ်းကြား၊ ဖုန်း-၀၂-၄၀၃၀၁၉၂ တို့သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

## သတိပေးနှိုးဆော်ချက်

ဒေါပုံတံတားဖွင့်ပွဲအခမ်းအနားအား ယမုံနာလမ်းပေါ် ဒေါပုံတံတားအဆင်း၌ ၂၅-၈-၂၀၁၈ရက် (စနေနေ့) နံနက် ၆း၃၀နာရီမှ ၁၀နာရီအထိ ခေတ္တလမ်းပိတ်/လွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါ၍ အောက်ဖော်ပြပါအတိုင်း မောင်းနှင်သွားလာကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

- ယမုံနာလမ်းမှ ၁၅ပေ တံတားသို့ မောင်းနှင်မည့် ယာဉ်များအနေဖြင့် မဟာဗန္ဓုလတံတားပေါ်မှလည်းကောင်း
